

မိုးကျော်သူ
ခြွေတားရှင်
တာဝဦ

# မိုးကျော်သူ

# မြွေခါးရှင်

စာစဉ် (၃)

# အတိတ်

သိုင်းလေ့ကျင့်ရာ ခန်းမဆောင်သည် လွန်စွာ ကျယ်ဝန်းသော အဆောင်ကြီးတစ်ခု ဖြစ်လေသည်။

ခန်းမဆောင်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် သစ်သားစင်များ ရှိနေသည်။

ထိုသစ်သားစင်များတွင် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော လက်နက်များ တင်ဆောင်ထားသည်။

သိုင်းလောကသားတို့ အသုံးပြုသော လက်နက်အမျိုးမျိုးကို တွေ့မြင်နိုင်လေသည်။

လက်နက်အမျိုးပေါင်း များစွာရှိရာ စိတ်ကြိုက် ရွေးချယ်ရန်ပင် ခက်ခဲလိမ့်မည် ဖြစ်ပေသည်။

အားလုံးလိုလို နှစ်သက် သဘောကျစရာ ဖြစ်နေသည်။

ခန်းမဆောင်ထဲသို့ ရောက်လျှင် ဝင်ချင်းနှင့် ဝင်ကျင်းတို့ မလှမ်းမကမ်းမှ လိုက်လာကြသဖြင့် သူတို့၏ ပြောစကားများကို ကြားနေရလေသည်။

ဝင်ချင်းက ဝင်ကျင်းအား အထင်သေးသော လေသံဖြင့် ...

"ကြည့်စမ်း သူများပညာ ဘယ်လောက်တော်သလဲ၊ ဒုတိယ ဘိုးဘိုးတောင် သိုင်းကွက်သုံးကွက်နဲ့ အနိုင်မရဘူး၊ သူလိုတော်တဲ့ လူငယ်လူရွယ် ဝင်မိသားစု ခြံဝင်းထဲမှာ မရှိသလောက်ဘဲ"

ထိုစကားကြောင့် ဝင်ကျင်း ဒေါသထွက်သွားလေသည်။

"ဟွန်း ... ကျုပ်က မင်းမျက်နှာထောက်ထားပြီး သူ့ကို အလျှော့ပေးနေတယ်ဆိုတာ မှတ်ထားပါ"

"ခစ် ... ခစ် ... ရယ်စရာကောင်းလိုက်တာ"

ဝင်ချင်းက တခစ်ခစ် လှောင်ပြောင် ရယ်မောပြီး ခန်းမဆောင် တစ်ဖက်သို့ ထွက်သွားလေသည်။

ဝင်ကျင်း မကျေမနပ်ဖြင့် ခြေဆောင့်ကာ ကျန်ရစ်ခဲ့၏။

ဝင်မိသားစု ခြံဝင်းအတွင်း၌ လူပေါင်းရာကျော် မှီတင်းနေထိုင်ကြပါသည်။

သိုင်းသမားမျိုးရိုးဖြစ်ရာ လူကြီးလူငယ်များ မဆိုထားနှင့် မိန်းမများ၊ အခိုင်းအစေများနှင့် ကလေးများပင်လျှင် သိုင်းပညာကို အနည်းနှင့်အများ တတ်မြောက်ထားကြပေသည်။

ထို့ကြောင့် သိုင်းပညာ ယှဉ်ပြိုင်မည်ဆိုသောအခါ ကလေး လူကြီးမကျန် စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုကြလေတော့သည်။

ခန်းမဆောင်ကြီးအတွင်းဝယ် မီးရောင်များ ထိန်ထိန်လင်းနေပြီး လူသံသူသံများ ဆူညံနေသည်။



လူအများနှင့်ရောကာ ရဲ့ဝါက အသက်လေးဆယ်ခန့်ရှိသော အမျိုးသမီးတစ်ယောက်ကို တွဲခေါ်ကာ ဝင်လာသည်ကို တွေ့မြင်ရလေသည်။

ရဲ့ဝါ တွဲခေါ်လာသည့် အမျိုးသမီးမှာ ခန့်ခန့်ထည်ထည်ရှိပြီး ငယ်ရွယ်စဉ်က အလွန်ချောမောလှပခဲ့သူ ဖြစ်ရမည်ဟု ဝမ်စိန်ကြည် တွေးမိလိုက်သည်။

သူသည် ရဲ့ဝါကိုတွေ့၍ အမျိုးသမီးကြီးကို သတိပြုမိခြင်း ဖြစ်ပေသည်။

သူ ကြည့်နေစဉ်မှာပင် ...

"မေမေ ..."

ဝင်ချင်း၏ အသံစာစာလေး ပေါ်ထွက်လာသည်။

အမျိုးသမီးကြီးထံ ပြေးသွားကာ ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်ကို တွေ့မြင်ရသည်။

"လက်စသတ်တော့ ဒီအမျိုးသမီးကြီးက ဝင်ချင်းရဲ့ မိခင်ကိုး"

ဝမ်စိန်ကြည် စိတ်ထဲမှ ပြောမိသည်။

အမျိုးသမီးကြီးမှာ ဝင်ချင်းကိုတွေ့လျှင် အလိုမကျသည့်အလား မျက်နှာ ညိုးသွားလေသည်။

ဝင်ချင်းအား ပြောဆိုဆုံးမ၍ မရသဖြင့် စိတ်ညစ်သည့်အသွင် ဆောင်နေပေသည်။

ဝင်ချင်းက မိခင်ကို စကားတတွတ်တွတ် ပြောနေသည်။

သူ၏ စကားသံကိုမူ မကြားရချေ။

သို့သော် အမျိုးသမီးကြီးက မကြာခဏ လှမ်းကြည့်နေသဖြင့် သူ့အကြောင်းကို ပြောနေကြောင်း ဝမ်စိန်ကြည် သဘောပေါက်မိလေသည်။

သူ ငေးမောနေစဉ် ဝင်မိန့်စန်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"အားလုံး တိတ်တိတ်နေကြစမ်း"

ဆူညံနေသောအသံများ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သည့်အလား ချက်ချင်း တိတ်ဆိတ်သွား၏။

ဝမ်စိန်ကြည် သတိပြုကြည့်လိုက်သောအခါ ရှိသမျှလူအားလုံး သူ့အား ဝိုင်းကြည့်နေကြသည်ကို တွေ့ရ၏။

ဝင်အမျိုးအနွယ် အဘိုးအိုလေးယောက်သည် ခန်းမတစ်ဖက်တွင် ချထားသော ထိုင်ခုံများတွင် စီတန်းထိုင်နေကြသည်။

ဝင်မိန့်စန်းက ခန်းမအလယ်တွင် မားမားမတ်မတ် ရပ်နေ၏။

ဝမ်စိန်ကြည်စိတ်ထဲ အလိုလို သိမ်ငယ်လာသဖြင့် မနည်းပင် စိတ်တင်းထားလိုက်ရ၏။

ဝင်မိန့်စန်းက သူ့ရှေ့သို့ လျှောက်လာပြီး ...

"ကဲ ... သူငယ်၊ တို့ ယှဉ်ပြိုင်ကြရအောင်၊ မင်းကြိုက်တဲ့ လက်နက်ရွေးပါ"

ဝမ်စိန်ကြည်သည် မည်သည့်လက်နက် ရွေးရမှန်း မသိချေ။

လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်လျှင် ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်၏။



သူထိခိုက်မိလျှင် မကောင်းသလို သူ့ကြောင့် ဝင်မိန့်စန်း ဒဏ်ရာရသွားမည်ကိုလည်း မလိုလားပါချေ။

ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရှုလိုက်သောအခါ ရဲ့ဝါအနီးတွင် ကလေးတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။

ထိုကလေးငယ်၏လက်ထဲတွင် သစ်သားဓားတစ်လက် ကိုင်ဆောင်ထား၏။

နှစ်သစ်ကူးအချိန် လူကြီးများက လက်ဆောင်ပေးထားခြင်း ဖြစ်ရပေမည်။

ဝမ်စိန်ကြည် သဘောကျစွာ ပြုံးလိုက်ပြီး ကလေးငယ်ထံ လျှောက်သွားကာ ...

"ညီလေး ... မင်းရဲ့ဓားကို အစ်ကို့ကို ခဏလောက် ငှားပါလား"

ကလေးငယ်က သူ့အား မော့ကြည့်လိုက်သည်။

ပြီးလျှင် ပါးစပ်ကိုပိတ်ကာ ရယ်မောလိုက်လေသည်။

ဓားကိုလည်း ကမ်းပေးလိုက်၏။

ဝမ်စိန်ကြည်က သစ်သားဓားကိုယူပြီး ဝင်မိန့်စန်းရှေ့သို့ လျှောက်သွား၏။

ဝင်မိန့်စန်း မျက်မှောင်ကြုတ်သွားပြီး ...

"ဟော့ ... မင်းက သစ်သားဓားကို သုံးမလို့လား"

"ဟုတ်ပါတယ်ဗျာ"

"မင်း ဒဏ်ရာရမှာ မကြောက်ဘူးလား၊ ကျုပ်ရဲ့တောင်ဓေါ်းက သံမဏိတောင်ဓေါ်းကွ"

ထိုစဉ် ကြားဖြတ်ပြောလိုက်သော ဝင်ချင်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"ဘိုးဘိုးက သူများကို ဒုက္ခရာရအောင်လုပ်မှာ မဟုတ်ပါဘူး၊ လူကြီးက ကလေးကို အနိုင်ကျင့်တယ်လို့ ဘယ်တော့မှ အပြောခံမှာ မဟုတ်ဘူး"

သူသည် ဝင်မိန်စန်းကို ဝမ်စိန်ကြည်အား ဒုက္ခရာအနာတရဖြစ်သည်အထိ တိုက်ခိုက်ခြင်းမပြုနိုင်အောင် စကားဖြင့် ချုပ်ကိုင်လိုက်ခြင်း ဖြစ်ပေသည်။

သူ၏အကြံကို ဝင်မိန်စန်းသာမက ဝမ်စိန်ကြည်လည်း နားလည်လိုက်သည်။

သူ့အတွက် အကာအကွယ် ပေးနေကြောင်း သိရလျှင် ဝင်ချင်းအပေါ် မည်သို့သဘောထားရမှန်း မသိတော့ချေ။

ထိုစဉ် ဝင်ချင်း၏မိခင်က ...

"ဝင်ချင်း ... ငြိမ်ငြိမ်နေစမ်း၊ ဝင်မရှုပ်နဲ့"

ဟု အော်ငေါက် ဟန့်တားလိုက်လေသည်။

ဝင်မိန်စန်းလည်း ဂရုမစိုက်တော့ဘဲ ဝမ်စိန်ကြည်အားကြည့်ကာ ...

"လက်နက်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်တယ်ဆိုတာ သိုင်းပညာတင်မကဘူး၊ သူ့ရဲ့ ကံတရားပေါ်လည်း မူတည်တယ်၊ မင်း သတိထားပါ၊ သစ်သားဓားကို မသုံးဘဲ မင်းရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ချင်တယ်ဆိုရင် အချိန်ရှိပါသေးတယ်"



ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး၊ သစ်သားဓားနဲ့ပဲ ပညာဆည်းပူးခွင့်ပေးပါ"

သူ၏စကားမှာ ချိုသာ ယဉ်ကျေးလှ၏။

အလျှော့ပေးပုံ မရသော်လည်း မာနကြီးပြီး ခက်ထန်သည့်အသွင် အထင်းသား ပေါ်လွင်နေပေ၏။

ဝင်မိန်စန်း ဒေါသထွက်သွား၏။

ခံပြင်းစွာ ရယ်မောရင်း ...

"သိုင်းလောကမှာ ကျုပ်ထက် သိုင်းပညာ မြင့်မားသူတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ကနေ့အထိ ဘယ်သူကမှ ကျုပ်ကို အထင်မသေးရဲဘူး၊ မင်းက သစ်သားဓားနဲ့ ယှဉ်ပြိုင်ချင်တယ်ဆိုတော့လည်း သဘောပဲလေ၊ မင်း သတ္တိရှိလို့သုံးတာ မင်းကံပေါ့၊ ကဲ ... ကျုပ်ရဲ့တိုက်ကွက် လာပြီ"

စကားဆုံးသည်နှင့် တောင်ဓေးကို ဝှေ့ယမ်းကာ စတင် တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုသည် အလွန်ပြင်းထန်သည်ဖြစ်ရာ ဝင်ချင်း ထိတ်လန့်ပြီး 'အမလေး'ဟု ထအော်မိလေသည်။

ဝမ်စိန်ကြည်က သစ်သားဓားဖြင့် ယှဉ်ပြိုင်မည်ဖြစ်၍ သတိကြီးစွာထားကာ ပြန်လည် ခုခံရသည်။

သစ်သားဓားနှင့် သံမဏိတောင်ဓေးတို့ ထိပ်တိုက်မတွေ့မိအောင် ကြိုးစားခုခံရသည်။

ချားရဟတ်ပမာ စက်ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းတိုက်ခိုက်လာ

သော တောင်ဓားနှင့် လိုက်ပါလှည့်လည်နေသလို သူ၏ ခန္ဓာကိုယ်လှုပ်ရှားကာ ပြန်လည်ခုခံလေသည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုသည် တစ်စထက်တစ်စ လျင်မြန်လာသည်။

တစ်ခဏကြာသော် နံဘေးမှ ရပ်ကြည့်နေသူများအတွက် လူလုံးပင် မကွဲတော့ချေ။

လက်နက်နှင့် လူနှစ်ယောက် လုံးထွေးနေသည်ဟူလည်းကောင်း၊ မည်သူက ဝင်မိန်စန်း၊ မည်သူက ဝမ်စိန်ကြည်ဟူ၍လည်းကောင်း မခွဲခြားနိုင်တော့ချေ။

လူအားလုံးသည် အသက်ရှုရန် မေ့လျော့ကာ တိုက်ပွဲကို ငေးမောကြည့်နေကြလေသည်။

သိုင်းပညာ တီးမိခေါက်မိ ရှိသူများ၊ သိုင်းပညာတတ်သူများဖြစ်ကြ၍ တိုက်ပွဲ၏ အရေးအကြီးဆုံးအချိန်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း လူတိုင်းကိုယ်စီ နားလည်ကြလေတော့၏။

အားလုံး စိတ်ဝင်စားစွာ ကြည့်နေစဉ်မှာပင် ...

"ရပ်လိုက် ..."

စူးရှသောအော်သံတစ်ချက် ထွက်ပေါ်လာ၏။

တိုက်ခိုက်မှုများ ရုတ်ခြည်း ရပ်တန့်သွားပြီး လူရိပ်များ လူလုံးကွဲသွားလေ၏။

ထိုအခါ ဝမ်စိန်ကြည်၏ သစ်သားဓားသည် ဝင်မိန်စန်း၏ မျက်နှာနှင့် တစ်လက်မခန့် အကွာတွင် ချိန်ရွယ်ထားသည်ကို တွေ့ရလေသည်။



အကယ်၍သာ သစ်သားဓားမဟုတ်ဘဲ ဓားအစစ်ဖြစ်ခဲ့လျှင် ရှေ့သို့ အနည်းငယ် ထိုးသွင်းခဲ့ပါလျှင် ဝင်မိန်စန်း ယခုလို ရပ်တည်နေနိုင်မည်မဟုတ်ဘဲ လဲကျသေဆုံးသွားရမည် ဖြစ်သည်။

ယှဉ်ပြိုင်ပွဲတွင် ဝင်မိန်စန်း ရှုံးနိမ့်သွားပြီ ဖြစ်လေသည်။

✤ ✤ ✤

ဝင်မိန်စန်း၏တောင်ဓားသည် ဝမ်စိန်ကြည်၏ ရင်ဝရှိ သွေးကြောနေရာ ဖြစ်သည်။

သို့သော် တကယ်တမ်း တိုက်ခိုက်ကြပါမူ ဝမ်စိန်ကြည်က လက်ဦးမှု ရမည်ဖြစ်သည်။ ဝင်မိန်စန်း၏ တိုက်ကွက်သည် အ ရောက်တော့မည် မဟုတ်ချေ။ ဝမ်စိန်ကြည်က သစ်သား ကို ပြန်လည် ရုပ်သိမ်းလိုက်၏။

အနိုင်အရှုံး ကွဲပြားစွာ ပေါ်လွင်လာပြီဖြစ်ရာ ရှေ့ဆက် တိုက်ခိုက်နေစရာ မလိုတော့ဟု ယူဆထားလေသည်။ စိတန်းထိုင်နေကြသော အဘိုးအိုများ၏ တီးတိုး ရေရွတ်သံများ၊ အာမေဋိတ်သံများ၊ မကျေမနပ် ပြောလိုက်သော စကားများကြောင့် ဝင်မိန်စန်း၏မျက်နှာ နီရဲသွားလေသည်။

"ဟာ ... ဒုက္ခပဲ"

"တတိယညီလေးတော့ ရှုံးပြီ"

"မဖြစ်စလောက်ကောင်ကို ရှုံးတာ ရှက်ဖို့ကောင်းလိုက်တာ"

ထိုစကားများကြားလျှင် ဝင်မိန်စန်း အံတင်းတင်းကြိတ်ကာ ...

"မင်း သိုင်းတစ်ကွက် အသာရသွားပြီ မှတ်ပါ၊ ဒီတစ်ခါတော့ ကျုပ်အလှည့်ပဲ၊ သတိထားပေတော့"

စကားဆုံးလျှင် သံတုတ်ကောက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေသည်။ သူ ထပ်မံတိုက်ခိုက်လာလျှင် ဝမ်စိန်ကြည်လည်း မတတ်သာဘဲ ပြန်လည်ခုခံ တိုက်ခိုက်ရလေသည်။

ဒုတိယအကြိမ် ပြန်လည်တိုက်ခိုက်ကြသောအခါ တိုက်ပွဲပို၍ ပြင်းထန်လာသည်။ ဝင်မိန့်စန်းသည် ရှုံးကြေးဆပ်ရန် အသက်ကိုပင် ပဓာနမထားဘဲ သူသေကိုယ်သေ တိုက်ခိုက်လာခြင်း ဖြစ်ပေသည်။

တစ်သက်လုံး လေ့ကျင့်ထားသော အကောင်းဆုံးသိုင်းကွက်များ သိုင်းပညာများကို ထုတ်ဖော်တိုက်ခိုက်လိုက်၏။

ထို့ကြောင့် ဝမ်စိန်ကြည်သည် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ဘဲ တတ်မြောက်ထားသော ထိပ်တန်းသိုင်းပညာများကို ထုတ်ဖော်ရလေတော့သည်။ အရေးအကြောင်း ကြုံလာမှ သစ်သားဓားကိုင် မိသည်ကိုပင် နောင်တရမိတော့၏။

အကြောင်းမှာ သစ်သားဓားနှင့် တောင်ဝှေးတို့ ထိပ်တိုက်မတွေ့အောင် ရှောင်နေရသည်က သူ၏တိုက်ကွက်နယ်ပယ်ကို ကျဉ်းမြောင်းစေခြင်းကြောင့် ဖြစ်ပေသည်။ သူက အံကြိတ်ကာ ကြိုးစားခုခံသည်။

သိုင်းကွက် သုံးလေးဆယ်ခန့် တိုက်ခိုက်ပြီးလျှင် သစ်သားဓားဖြင့် တောင်ဝှေးပေါ်သို့ အလျားလိုက် သပ်ချရင်း တောင်ဝှေးကိုဆောင်ထားသော ဝင်မိန့်စန်း၏လက်ကို ခုတ်ချနိုင်ခဲ့သည်။



ဝင်မိန့်စန်း အခက်ကြုံသွား၏။ ခုတ်ချလာသော သစ်သားဓားကို ရှောင်လျှင် တောင်ဝှေးကို လက်လွှတ်လိုက်ရမည် ဖြစ်သည်။

တောင်ဝှေးကို မလွှတ်လျှင် လက်တွင် ဒဏ်ရာရရှိသွားမည် ဖြစ်ပေသည်။

မည်သို့ဆိုစေ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူပီပီ အခက်အခဲကို လျှပ်တစ်ပြက် ဖြေရှင်းနိုင်ခဲ့လေသည်။

တောင်ဝှေးကိုလွှတ်ကာ သစ်သားဓားခုတ်ချက်ကို ရှောင်လိုက်၏။

တစ်ဖန် တောင်ဝှေး မြေပေါ်သို့မကျမီ ခြေဖြင့်ခတ်တင်ကာ ပြန်လည် ဖမ်းယူလိုက်သည်။

သူ၏ စွမ်းဆောင်ချက်သည် ချီးကျူးစရာဖြစ်၍ ကြည့်နေသူများ လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်ကြ၏။

သို့သော် သိုင်းကွက်အနေအထားအရ ဒုတိယအကြိမ် ရှုံးနိမ့်သွားပြန်ပြီ ဖြစ်သည်။

ယှဉ်ပြိုင်ပွဲတွင် လက်နက်စွန့်ရခြင်းမှာ ရှုံးနိမ့်မှုတစ်မျိုးပင် ဖြစ်ပေသည်။

ဤအချက်ကို နားလည်သော အဘိုးအိုလေးယောက် လေသံပင် မဟကြချေ။

ဝင်မိန့်စန်း၏မျက်လုံးများ မီးဝင်းဝင်းတောက်နေသည့်ပမာ ဒေါသအရှိန်ကြောင့် ဝင်းလက်တောက်ပြောင်နေသည်။

ဝမ်စိန်ကြည်ကို အလွတ်မပေးဘဲ သဲကြီးမဲကြီး တိုက်ခိုက်လိုက်သည်။ ဝမ်စိန်ကြည်ကလည်း ပြန်လည်တိုက်ခိုက်၏။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ သိုင်းကွက်ရှစ်ဆယ်ကျော်လာပြီ ဖြစ်လေသည်။

ဤမျှ များပြားသည့် သိုင်းကွက်များ ထုတ်ဖော်တိုက်ခိုက်သော်လည်း အနိုင်မရသည့်အပြင် နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ရပြီ ဖြစ်လေသည်။

အခြေအနေကို စောင့်ကြည့်နေသော ဝင်အဘိုးအိုလေးယောက် မကျေမနပ် ဖြစ်လာကြ၏။

ထိုစဉ်မှာပင် ဝမ်စိန်ကြည်က ရှေ့သို့ ခုန်တိုးကာ သစ်သားဓားကို ဝှေ့ယမ်းလိုက်သည်ကို တွေ့ရပြီး ဝင်မိန်စန်း၏အင်္ကျီတွင် အပေါက်ကလေးသုံးပေါက်မျှ ဖြစ်ပေါ်လာသည်ကို တစ်ဆက်တည်း တွေ့မြင်လိုက်ရ၏။

"ဟင် ..."

ဝင်မိန်စန်း မသဲမကွဲ တစ်ချက်အော်လိုက်ပြီး နောက်သို့ဆုတ်သွားသည်။

သူ၏အင်္ကျီမှ အပေါက်ကလေးများကို ငုံ့ကြည့်လိုက်၊ ဝမ်စိန်ကြည်ကို ကြည့်လိုက်ဖြင့် မယုံကြည်နိုင်အောင် ဖြစ်နေ၏။ သူ အရှုံးပေးတော့မည်ဟု ဝမ်စိန်ကြည်ထင်ပြီး တိုက်ခိုက်မှုကို ရုပ်သိမ်းလိုက်သည်။

သို့သော် ယခုတစ်ကြိမ်လည်း ဝင်မိန်စန်းက အရှုံးမပေးသေးဘဲ ...

"မဆိုးဘူး၊ ကျုပ်ရဲ့ လက်နက်ပုန်းကို စမ်းကြည့်ပါဦး"



ပြောပြောဆိုဆို တောင်ဝှေးလက်ကိုင်တစ်နေရာမှ ဘုကလေးကို နှိပ်လိုက်၏။

ထိုအခါ တောင်ဝှေးထိပ်ဖျား အခေါင်းပေါက်မှ လက်နက်ပုန်းကလေးများ ပလူပျံအောင် ထွက်ပေါ်လာတော့သည်။

ဝမ်စိန်ကြည် ထိတ်လန့်သွားသည်။

ရှောင်တိမ်းချိန် မရတော့၍ သူ၏ အကောင်းဆုံးသိုင်းကွက်ဖြစ်သော 'ဒေါင်းမြီးဖြန့်'သိုင်းကွက်ကို ထုတ်ဖော်ကာ လက်နက်ပုန်းများကို လက်နက်ပုန်းများကို ကာရင်း ပုတ်ထုတ်လိုက်လေသည်။

သစ်သားဓားအရိပ်များသည် ဒေါင်းတစ်ကောင် အမြီးဖြန့်ထားပုံ တရိပ်ရိပ် ဖြစ်လာသည်။

ပစ်လွှင့်လာသော လက်နက်ပုန်းများ အောက်ဘက်သို့ တဖုတ်ဖုတ် ပြုတ်ကျကုန်၏။

သူ အသုံးပြုသော 'ဒေါင်းအမြီးဖြန့်'သိုင်းကွက်မှာ ဝါဆန်းဂိုဏ်း၏ အထွက်အထိပ်သိုင်းကွက် ဖြစ်သည်။

ဝမ်စိန်ကြည် အပင်ပန်းခံကာ လေ့ကျင့်ခဲ့သမျှသည် အသက်အန္တရာယ် ကာကွယ်ရန် အသုံးချနိုင်ခဲ့ပြီ ဖြစ်သည်။

သူ၏ သစ်သားဓားသည် လက်နက်ပုန်းများကို ပုတ်ထုတ်ပြီး တောင်ဝှေးကို ဓားပြားဖြင့် ဖိထားလိုက်၏။

တောင်ဝှေးအောက်သို့ နိမ့်ကျသွားပြီး ဝင်မိန်စန်း မည်သို့ပင် ကြိုးစားသော်လည်း အပေါ်သို့ မြင့်တတ်မလာတော့ချေ။

ဝင်မိန်စန်းသည် အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ပြီ ဖြစ်လေသည်။

ခံပြင်း ဒေါသထွက်လာမှုကြောင့် အသားများ တဆတ်ဆတ် တုန်ယင်လာ သည်။

အလွန်ရှက်နေသော်လည်း ဆက်၍ တိုက်ခိုက်ရန် စိတ်မကူး တော့ပါ။

သူ အမျိုးမျိုး ကြိုးစားခဲ့ပြီး ဖြစ်၏။

ဝမ်စိန်ကြည်အား မည်သို့မျှ အနိုင်မရနိုင်ကြောင်း နားလည် သွားချေပြီ။

ဝင်မိန်စန်း ခေါင်းငိုက်စိုက်ချကာ နောက်ဆုတ်သွားတော့သည်။

✤ ✤ ✤

အားလုံးသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ဝမ်စိန် ကြည်ကို ဝိုင်းကြည့်နေကြသည်။

တစ်ညတည်း ဝင်အဘိုးအိုနှစ်ယောက်ကို အနိုင်ယူခဲ့သူရှိမည် ဟု သူတို့ လုံးဝ မထင်မိကြပါချေ။

ဝမ်စိန်ကြည် သက်ပြင်းချကာ ခေါင်းငုံ့ထားလိုက်သည်။

သူ အနိုင်ရရှိလိုက်သော်လည်း ဝင်မိသားစု ခြံဝင်းမှလူများ နှင့် မပြေနိုင်သော ရန်ငြိုးရရှိခဲ့ပြီဖြစ်ကြောင်း ကောင်းစွာ နားလည် သဘောပေါက်ထားတော့သည်။

“ဟား ... ဟား ... ဟား ...”

ရုတ်တရက် ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ရယ်မောလိုက်သူမှာ စတုတ္ထဘိုးဘိုး ဝင်မိန်စု ဖြစ်လေသည်။



ဝင်မိန်စုက အဘယ်ကြောင့်မှန်းမသိ တဟားဟား ရယ်မောရင်း ထိုင်ရာမှ ထလာသည်။

တစ်ဖန် ဝမ်စိန်ကြည်ထံသို့ ဦးတင်လျှောက်လာသည်။ သူ၏ ခါးတွင် သားရေခါးပတ်တစ်ချောင်းရှိပြီး တစ်ထွာခန့် ဓားပါးလေး များ ချိတ်ထားသည်။

ဝင်မိန်စုမှာ လက်နက်ပုန်းဖြင့် ကျော်ကြားသူဖြစ်သည်။

လက်နက်ပုန်းဆိုသည်မှာ နာမည်နှင့်လိုက်အောင် လူမမြင် စေရန် ပုန်းထားရသည်။

လူမသိအောင် ပစ်လွှင့်တိုက်ခိုက်ရ၏။

လက်နက်ပုန်းသည် ရုတ်တရက် မမြင်သာသည့်အပြင် ပစ် လွှင့်တိုက်ခိုက်ရာတွင် အသံထွက်ပေါ်ခြင်း မရှိမှ ရန်သူကို ထိမှန် မည် ဖြစ်သည်။

လက်နက်ပုန်းဆိုသည်မှာ တိတ်တဆိတ် ချောင်းမြောင်း တိုက်ခိုက်ရသော လက်နက်တစ်မျိုးပေတကား။

သို့သော် ဝင်မိန်စု၏လက်နက်ပုန်းမှာ သူများထက် ထူးလေ သည်။ တစ်ထွာခန့်ရှိသော ဓား ၂၄ ချောင်းကို လက်နက်ပုန်းအဖြစ် အသုံးချခြင်း ဖြစ်သည်။

လူမြင်သာပြီး ပစ်လွှင့်ရာတွင် ဆူးရှသောအသံများ ထွက်ပေါ် လာတတ်သည်။

ထို့ကြောင့် ရန်သူ သတိပြုမိပြီး အလွယ်တကူ ရှောင်တိမ်း နိုင်ဖွယ် ရှိသည်။

ထူးခြားသည်မှာ ဝင်မိန်စု၏ လက်နက်ပုန်းများကို မည်သူကမှ ရှောင်တိမ်းနိုင်ခြင်းမရှိဟု ကျော်ကြားနေခြင်းပင်။

ဝင်မိန်စန်း ရှုံးသွားသောအခါ မခံမရပ်နိုင် ဖြစ်လာပြီး ဝမ်စိန်ကြည်နှင့် ယှဉ်ပြိုင်ရန် ထွက်လာခြင်း ဖြစ်ပေသည်။

လူငယ်လေးတစ်ယောက်ကို အနားမပေးဘဲ အသက်ကြီးရင့်ပြီး အတွေ့အကြုံများသော ထိပ်တန်းသိုင်းပညာရှင်များ တစ်ယောက်ပြီးတစ်ယောက် ယှဉ်ပြိုင်နေကြသည်မှာ တရားမျှတမှုမရှိသော်လည်း ဝင်အဘိုးအိုများ လုံးဝ ဂရုမစိုက်ကြချေ။

ဝင်မိန်စုသည် ဝမ်စိန်ကြည်နှင့် ဆယ်ပေခန့်အကွာတွင် ခြေလှမ်းရပ်လိုက်ပြီး ...

"ကဲ ... သူငယ်၊ မင်းပညာဟာ ကျုပ်သိထားတဲ့ လူတစ်ယောက်ရဲ့ ပညာနဲ့ ခပ်ဆင်ဆင် တူနေတယ်၊ ဒါကြောင့် အဲဒီလူဟာ မင်းရဲ့ဆရာ ဟုတ်မဟုတ် သိချင်တယ်၊ ကျုပ်ကို စမ်းသပ်ခွင့် ပြုပါလား"

သူ လက်မခံလျှင်လည်း ဝင်မိန်စုက တိုက်ခိုက်လာမည် ဖြစ်ပေသည်။

ထို့ကြောင့် ပခုံးတွန့်ကာ လက်ခံလိုက်ရသည်။

"ကောင်းပါပြီ၊ ခင်ဗျားက ပညာပေးမယ်ဆိုရင် ကျွန်တော် ဆည်းပူးပါ့မယ်ဗျာ"

"ကျုပ်ကို ယဉ်ယဉ်ကျေးကျေး ပြောနေလို့ အပိုပဲ၊ ကျုပ်က မင်းကို ညှာမယ်မထင်နဲ့၊ သေဖို့သာ ပြင်ထားပေတော့"



စကားဆုံးလျှင် လက်နှစ်ဖက်ဖြင့် ခါးတွင်ချိတ်ထားသော ဓား မြှောင်ကလေးများကို ဆွဲယူကာ ပစ်ပေါက်လိုက်သည်။

တဝီဝီမြည်ကာ ရူးရူကျယ်လောင်သော လေတိုးသံများ ထွက်ပေါ်လာသည်။

ဓားပျံကလေးများသည် တစ်သုတ်လျှင် ခြောက်ချောင်းစီ လေးသုတ်ခွဲကာ အရပ်လေးမျက်နှာမှ ပစ်လွှင့်လာခြင်း ဖြစ်ပေသည်။

ဝမ်စိန်ကြည် ငြိမ်သက်နေ၏။

သူထံသို့ ငှက်အုပ်ကြီးပမာ ပစ်လွှင့်လာသော ဓားပျံများကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ဓားပျံများ လက်တစ်ကမ်းအကွာသို့ ရောက်လာလျှင် လက်ထဲမှ သစ်သားဓားကို ခပ်သွက်သွက်ကလေး ဝှေ့ယမ်းလိုက်လေသည်။

တစ်ဖန် သစ်သားဓားကို လွှတ်ချလိုက်ပြီး လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြန်သည်။

"တောက် ... တောက် ... တောက် ..."

မြည်သံ ထွက်ပေါ်လာပြီး ဓားပျံ ၁၂ ချောင်းမှာ ကြမ်းပြင်ပေါ်သို့ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်သွား၏။

ကျန် ဓားပျံ ၁၂ ချောင်းသည်ကား ဝမ်စိန်ကြည်၏ လက်တွင်း၌ ဖမ်းဆုပ်ထားသည်ကို တွေ့မြင်ရသည်။

"ဟာ ..."

အံ့သြထိတ်လန့်သော အသံများ ဟိန်းထွက်လာသည်။

ဝင်မိန်စုက ဓားပျံများဖြင့် ပစ်ပေါက်စဉ် ဝမ်စိန်ကြည်အတွက် ဝင်ချင်းမှာ စိုးရိမ်သွားကာ မူးမေ့လဲသွားမလို ဖြစ်ခဲ့ရသည်။

သူ၏မိခင်က အချိန်မီ ပေးမထားခဲ့ရသည်။

ယခုမှ ဓားပျံတစ်ဝက်အောက်သို့ ကျစေသည့်အပြင် ကျန်တစ်ဝက်ကို ဖမ်းထားနိုင်ခဲ့သည်ကို တွေ့မြင်ရလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့သည်။

"ကောင်းလိုက်တာ"

ဟု လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ချီးကျူးလိုက်သည်။

ဝမ်မိန်စု မျက်လုံးပြူးကျယ်သွားသည်။

လူအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

ပဥ္စမဘိုးဘိုး ဝင်မိန်ရူး ထိုင်ရာမှခုန်ထလာပြီး ...

"ကျုပ်သိပြီ ... ကျုပ်သိပြီ၊ ဒီသိုင်းကွက်ဟာ ရွှေမြွေသိုင်းသမားရဲ့ သိုင်းကွက်ပဲ၊ ကျုပ်မျက်လုံး မမှားဘူး၊ အစ်ကိုစု တစ်ချိန်တုန်းကလည်း သူဟာ ခင်ဗျားရဲ့ဓားပျံ ၁၂ ချောင်းကို ဖမ်းထားနိုင်ခဲ့တာပဲ မဟုတ်လား"

မှန်ပေသည်။ ဝမ်စိန်ကြည် ရွှေမြွေသိုင်းသမား၏ သိုင်းကျမ်းစာအုပ်တွင် ပါဝင်သော လက်နက်ပုန်းဖမ်းနည်းပညာကို အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။

သူသည် ရွှေမြွေသိုင်းသမားနှင့် ထပ်တူထပ်မျှ သိုင်းကွက်အစွမ်းထက်အောင် အသုံးပြုနိုင်ခဲ့ပြီတကား။

ဝမ်စိန်ကြည်က သူ၏စကားကို အရေးမစိုက်ဘဲ ဖမ်းထားသော ဓားပျံ ၁၂ ချောင်းကို ပစ်လွှင့်လိုက်၏။



ထိုအခါ ဓားပျံများ စကြာသဖွယ် လှည့်ပတ်ရင်း လက်နက်စင်များကို ထိမှန်ကာ သစ်သားတိုင် အားလုံးလိုလို အပိုင်းပိုင်းပြတ်သွားလေတော့သည်။

ဝင်အဘိုးအိုငါးယောက်သည် ပြူးကျယ်သော မျက်လုံးများဖြင့် ဝမ်စိန်ကြည်ကို ကြည့်နေကြလေ၏။

သူတို့ငါးယောက်စလုံး စုပေါင်းတိုက်ခိုက်မည့်ဟန် အထင်းသား ပေါ်လွင်နေပေသည်။

ဝင်ချင်းမှာ ဝမ်စိန်ကြည်အတွက် အလွန် စိုးရိမ်သွား၏။

ဝင်ချင်းမိခင်သည် ဝမ်စိန်ကြည်ကို စိတ်ဝင်စားသော မျက်လုံးများဖြင့် ငေးကြည့်နေတော့၏။

ဝင်မိန်ရူး၏စကားသည် အားလုံးကို စိတ်ဝင်စားသွားစေသည်။ ထိုစဉ် ခန်းမအတွင်းသို့ လူသုံးယောက် လှမ်းဝင်လာကြသည်ကို တွေ့မြင်ရသည်။

လူနှစ်ယောက်သည် အမ်းရှောင်ဖွေးအား ကြိုးများဖြင့်တုပ်ကာ ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်ပေသည်။

အမ်းရှောင်ဖွေးကို တွေ့လိုက်သည်နှင့် လူအားလုံး ငေးငိုင်နေသည်ကို အခွင့်ကောင်းယူပြီး ဝမ်စိန်ကြည် လှုပ်ရှားလိုက်တော့သည်။

✤ ✤ ✤

ဝမ်စိန်ကြည်က ရှေ့သို့ ခုန်ထွက်သွားသည်။

အမ်းရောင်ဖွေးအား ချုပ်ကိုင်ထားသော လူနှစ်ယောက်ကို လက်နှစ်ဘက်ဖြင့် ဆွဲယူတွန်းထုတ်ပစ်လိုက်၏။

ပြီးလျှင် အနီးရှိ လူတစ်ယောက်၏ခါးတွင် ချိတ်ဆွဲထားသော ဓားကို လျှပ်တစ်ပြက်ဆွဲယူပြီး ကြိုးများ ဖြတ်တောက်ပစ်လိုက်၏။

အမ်းရောင်ဖွေး လွတ်မြောက်သွားတော့သည်။

ထိုအခါမှ ဝင်မိန်ဝူး သတိဝင်လာ၏။

စူးရှကျယ်လောင်သော လေသံဖြင့် အော်ပြောလိုက်၏။

"ဟေ့ ... ပြောစမ်း၊ မင်းနဲ့ ရွှေမြွေသိုင်းသမား ဘယ်လို ပတ် သက်နေသလဲ၊ မှန်မှန်ပြော"

ဝမ်စိန်ကြည်က မဖြေဘဲ အမ်းရောင်ဖွေးအား လုယူထားသော ဓားကို လှမ်းပေးလိုက်၏။

သတိထားရန်လည်း တီးတိုး မှာကြားလိုက်သည်။

ဝင်မိန်ဝူးက အော်ကျယ်အော်ကျယ်ဖြင့် မေး၏။

"မင်းကို ရွှေမြွေသိုင်းသမားက လွှတ်လိုက်တာ မဟုတ်လား၊ သူနဲ့မင်း ဘာတော်သလဲ ပြောစမ်း၊ မင်းဟာ သူ့ကိုယ်စား ငါတို့ကို ဒုက္ခပေးဖို့ ရောက်လာတာ မဟုတ်လား"

ဝမ်စိန်ကြည် အသုံးပြုလိုက်သော သိုင်းကွက်ကို ဝင်မိန်ဝူး ကောင်းစွာ သိထား၏။

ထို့ကြောင့်လည်း ရွှေမြွေသိုင်းသမား၏ အမည်ကို ထုတ်ဖော် ပြောနေခြင်း ဖြစ်၏။



ဝမ်စိန်ကြည်လည်း မထင်မှတ်ဘဲလွှတ်ခနဲ ပြောလိုက်မိလေသည်။

"ကျုပ်ကို ရွှေမြွေသိုင်းသမားက လွှတ်လိုက်တာမဟုတ်ဘူးဗျ"

"ဟုတ်ရဲ့လား မင်း မလိမ်ပါနဲ့ကွာ"

"ကျုပ် တကယ်ပြောတာပါ၊ ဒီကို ဒုက္ခပေးဖို့ ရောက်လာတာ မဟုတ်ပါဘူး၊ ဝင်ချင်းနဲ့ လမ်းမှာဆုံပြီး ခင်မင်ရာက ညီအစ်ကိုဖွဲ့ လိုက်ကြပါတယ်၊ ကျုပ်ဟာ ဝင်ချင်းရဲ့အစ်ကို ဖြစ်နေပါပြီ"

ဝင်မိန်ဝူးသည် ဝါးနပ်လိမ္မာသူ ဖြစ်၏။

ဝမ်စိန်ကြည်နှင့် ရွှေမြွေသိုင်းသမားတို့ တစ်နည်းတစ်ဖုံ ပတ် သက်နေခြင်း ဖြစ်ရမည်ဟု ထင်မှတ်ထား၏။

ထို့ကြောင့် စကားကို အစ်အောက်ကာ မေးလိုက်လေ၏။

"ဩော် ... မင်းဟာ တို့ ဝင်မိသားစု ခြံဝင်းရဲ့ မိတ်ဆွေတစ် ယောက် ဖြစ်နေပြီကိုး၊ ဒီလိုမှန်းမသိလို့ ကျုပ်တို့ တိုက်ခိုက်မိတာ ခွင့်လွှတ်ပါကွာ၊ ဒါထက် ရွှေမြွေသိုင်းသမား ဘယ်ရောက်နေပြီလဲ၊ သူ့ကို မတွေ့ရတာတောင် အတော်ကြာပြီ"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

သူက ဝင်မိန်ဝူး၏ အကြံကို ရိပ်စားမိလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ ... ခင်ဗျားက ရွှေမြွေသိုင်းသမားရှိတဲ့ နေရာ ကို မေးချင်ရင် တဲ့တိုး မေးစမ်းပါဗျာ"

ဝင်မိန်ဝူး၏မျက်နှာ နီရဲသွားသည်။

"အေး ဟုတ်တယ်၊ ကဲ... ပြောစမ်း သူ ဘယ်မှာလဲ"

"ခင်ဗျားသူ့ကို တွေ့ချင်တယ်ပေါ့"

"ဟုတ်တယ်"

ဝင်အဘိုးအိုများသည် ရွှေမြွေသိုင်းသမားအား မုန်းတီးနေကြကြောင်း အမှုအရာများကြည့်ရုံဖြင့် ဝင်စိန်ကြည် နားလည်လေ၏။

ထို့ကြောင့် ခပ်တည်တည်ဖြင့် ...

"ခင်ဗျားတို့ အခု နေကောင်းကြတယ်၊ ကျန်းမာကြတယ် မဟုတ်လား၊ အင်း... ဘာပဲဖြစ်ဖြစ် နောက်နှစ်အနည်းငယ်ကြာရင်တော့ သူ့ကို လိုက်မရှာဘဲ တွေ့ရလိမ့်မယ်ဗျ"

ရွှေမြွေသိုင်းသမား သေဆုံးသွားပြီဖြစ်ကြောင်း။

သူတို့လည်း အသက်ကြီးပြီဖြစ်၍ မကြာခင် သေဆုံးရတော့မည်ဖြစ်ကြောင်း အသက်ကြီး၍ သေသည့်အခါ တမလွန်၌ တွေ့ဆုံကြရမည်ဖြစ်ကြောင်း အဓိပ္ပါယ်ပါပါ ပြောလိုက်ခြင်း ဖြစ်ပေသည်။

ဤသည်ကို ဝင်အဘိုးအိုများလည်း ကောင်းကောင်းကြီး နားလည်လိုက်ကြပါသည်။

ရွှေမြွေသိုင်းသမား သေဆုံးသွားပြီဟု သိလိုက်ကြရလျှင် အားလုံး တွေဝေသွားကြလေ၏။

ဝမ်စိန်ကြည်က သူတို့အား ပြုံးစေ့စေ့ဖြင့် ကြည့်ကာ...

"ခင်ဗျားတို့ သူ့ဆီကို သွားဖို့တဲ့လူရှိမယ် မထင်ပါဘူးဗျာ"

သူ၏စကားကြောင့် ဝင်အဘိုးအိုများ ဒေါကန်သွားကြသည်။



ထိုစဉ်မှာပင် ဝင်ချင်း၏ အထိတ်တလန့်အော်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"မေမေ... မေမေ သတိထားပါ"

သူ၏အော်သံကြောင့် လှမ်းကြည့်လိုက်သောအခါ ဝင်ချင်း၏ မိခင် မူးမေ့ပျော့ခွေ လဲကျသွားသည်ကို တွေ့မြင်လိုက်ရ၏။

ထိုအဖြစ်အပျက်ကိုတွေ့လျှင် ဝင်အဘိုးအိုများ ပို၍ ဒေါသထွက်သွားကြလေသည်။

ဒေါသအကြီးဆုံး ဝင်မိန်အိက ကျယ်လောင်စွာ အော်ငေါက်လိုက်သည်။

"ခွေးသား သေပြီမဟုတ်လား၊ ဟင်း ရက်စရာ ကောင်းလိုက်တာ၊ ဝင်ချင်း နှင့်အမေကို အထဲ မြန်မြန်ခေါ်သွားစမ်း"

ဝင်ချင်း ဝါးခနဲ ငိုချလိုက်သည်။

ငိုရင်း ဝင်မိန်အိကို ပြန်လည်ရန်တွေ့လိုက်လေသည်။

"ဘာ ရက်စရာကောင်းတာလဲ၊ မေမေဟာ ဖေဖေသေတဲ့ သတင်းကြားလို့ငိုတာ ဘာဖြစ်သလဲ၊ မငိုရဘူးလား"

ဝမ်စိန်ကြည် ထိတ်လန့်သွားသည်။

ရွှေမြွေသိုင်းသမားသည် ဝင်ချင်း၏ဖခင်ဖြစ်ကြောင်း မမျှော်လင့်ဘဲ သိရှိလိုက်ရလေပြီ။

ဝင်မိန်အိ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ...

"တတိယဦးလေး... မင်း အလိုလိုက်ခဲ့လို့ သူတို့ အခုလို ဆိုးနေတာ"

ဟု ဝင်မိန်စန်းဘက်လှည့်ကာ ဆူပူကြိမ်းမောင်းလိုက်သည်။

ဝင်မိန်စန်းလည်း ရှက်ဒေါသဖြစ်နေသည့်ကြားက ထပ်မံ၍ အပြောခံလိုက်ရသဖြင့် ...

"ဝင်ချင်း နင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ ဘယ်သူက နင့်အမေလဲ၊ ဟွန်း ... အထဲကို မြန်မြန်ဝင်သွားကြစမ်း၊ တော်ကြာ ငါ စိတ်မထိန်းနိုင်ဘဲ ရိုက်မိလိမ့်မယ်"

ဝင်ချင်းက ဝင်မိန်စန်းကိုမူ ခံမပြောချေ။

မိခင်ဖြစ်သူအား ဖေးမပြီး ခန်းမအတွင်းမှ ထွက်သွားသည်။

သူတို့အား ဝမ်စိန်ကြည်က မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။

သူ၏ရင်ထဲဝယ် ပဟေဠိဆန်နေပေတော့၏။

✤ ✤ ✤

ခန်းမမှ ထွက်လာခဲ့ကြပြီ ဖြစ်သည်။

စင်္ကြံလမ်းသို့ရောက်လျှင် မိခင်ဖြစ်သူ၏မျက်လုံးပွင့်လာသည်ကို တွေ့ရ၏။

ဝင်ချင်း ဝမ်းသာသွားသည်။

သူ၏ မိခင်မှာ စိတ်ကိုထိန်းနိုင်ခဲ့ပြီ ဖြစ်လေသည်။

ဝင်ချင်းကို အားကိုးတကြီး ကြည့်ပြီး ...

"မေမေ့အတွက် တစ်ခုလောက် ဆောင်ရွက်ပေးစမ်းပါ"



"ဟုတ်ကဲ့ ... ဘာလုပ်ပေးရမလဲဆိုတာ ပြောပါမေမေ"

"ဝမ်စိန်ကြည်ဆိုတဲ့ သူငယ်ကို မေမေတွေ့ပြီး အေးအေးဆေးဆေး စကားပြောလို့ရအောင် စီစဉ်ပေးပါ"

ထိုစကားကြောင့် ဝင်ချင်း၏ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"စိတ်ချပါမေမေ၊ ကဲ ... ဒီမှာ ခဏစောင့်နေဦးနော်၊ သူ့ကို သွားပြောလိုက်ဦးမယ်"

"ချင်းချင်း ဒီကိစ္စကို ဘယ်သူမှ မသိစေနဲ့နော်"

"ဟုတ်ကဲ့ ..."

မိခင်ဖြစ်သူက စောင့်နေရင်းကျန်ခဲ့သည်။

ဝင်ချင်းက ခန်းမဆောင်ဘက်သို့ ချက်ချင်း ပြည်လှည့်လာခဲ့လေသည်။

ခန်းမအတွင်းသို့ ရောက်လျှင် ဝင်အဘိုးအိုငါးယောက်သည် ဝမ်စိန်ကြည်အား ဝိုင်းဝန်းတိုက်ခိုက်ရန် ဟန်ပြင်နေကြသည်ကို တွေ့ရ၏။

ဝင်ချင်းက ခပ်တည်တည်ဖြင့် အဘိုးအိုငါးယောက်အား အတင်းကျော်ဖြတ်ပြီးလျှင် ဝမ်စိန်ကြည်ရှေ့သို့ရောက်အောင် ခပ်သွက်သွက်ကလေး လှမ်းသွား၏။

အနီးရောက်သော် ...

"ရွှေတွေပြန်လိုချင်ရင် ကြိုးစားဖို့ နောက်တစ်ရက်ကျန်သေး

တယ်ဆိုတာ မမေ့ပါနဲ့၊ ဒီနေ့တော့ အချိန်မရှိတဲ့အတွက် ခင်ဗျားကို ဧည့်မခံနိုင်တော့ဘူး၊ မမေ့ကို သွားပြီးပြုစုရဦးမယ်"

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

သူ၏ အပြုအမူနှင့် စကားကြောင့် ဝမ်စိန်ကြည် အံ့သြသွားသည်။

ယနေ့ည လက်လျှော့ပြန်သွားပြီး နောက်နေ့မှလာရန် သွယ်ဝိုက်သတိပေးခြင်းဖြစ်ကြောင်း တွေးမိ၏။

ထိုသို့ တွေးနေစဉ် ဝင်မိန်အိက ...

"ဝင်ချင်း ...ဘာလာရှုပ်တာလဲ၊ ရှေ့က ဖယ်စမ်း"

ဟု အော်ငေါက်လေသည်။

ဝင်ချင်းက သူ့အားလှည့်မကြည့် ဂရုမစိုက်ဘဲ ခန်းမအတွင်းမှ ထွက်သွားလေတော့သည်။

ဝင်အဘိုးအိုငါးယောက်သည် ဝမ်စိန်ကြည်အား မသိမသာ ဝိုင်းရံထားလိုက်ကြသည်။

"ရွှေမြွေသိုင်းသမား သေပြီဆိုတာ တကယ်ပဲလားကွ"

"ဟုတ်တယ် ... ခင်ဗျားတို့ မယုံဘူးလား"

"မယုံဘူး၊ သူ ဘယ်မှာသေတာလဲ၊ သူ သေသွားပြီဆိုတာ မျက်မြင်သက်သေ ရှိလို့လား"

ဝမ်စိန်ကြည်မှာ ရွှေမြွေသိုင်းသမား သေဆုံးသွားသည့် နေရာကို ပြောပြမည်ဟုပင် ကြံရွယ်မိလေသည်။



သို့သော် တစ်ချိန်က ရွှေမြွေသိုင်းကျမ်းအတွက် မိတ်ဆွေအချင်းချင်း လုပ်ကြံခဲ့ကြသူ နှစ်ယောက်အကြောင်း တွေးမိလာသည်။

သိုင်းကျမ်းအပြင် ရတနာမြေပုံနှင့် ပတ်သက်နေနိုင်သည်ဟု ဆင်ခြင်မိလာ၍ မပြောတော့ဘဲ နေလိုက်လေသည်။

ဝင်မိန်ဝူးက ...

"တို့ကတော့ သူဟာ ကွမ်တုန်နယ်က အင်မတန်ခေါင်တဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ သေဆုံးသွားတယ်လို့ သတင်းကြားတာပဲ၊ မင်းက အဲဒီမှာ တွေ့ခဲ့တာလား"

ဝမ်စိန်ကြည် ပခုံးတွန့်လိုက်သည်။

"ကျုပ်ပြောစရာ မလိုတော့ဘူးလေ၊ ခင်ဗျားတို့ သတင်းကြားထားတာပဲ၊ တကယ် ဟုတ်မဟုတ် သွားကြည့်ကြပေါ့"

"တို့က ကြားရတဲ့သတင်းကို ယုံရမလားလို့ သံသယဖြစ်နေတယ်၊ ရှောက်တော်ကြာ သတင်းမှားကြီးဖြစ်နေရင် အလကား ပင်ပန်းတာသာ အဖတ်တင်မှာပေါ့"

"ဒီလိုဆိုရင်လည်း သွားမကြည့်ဘဲ နေလိုက်ကြတာပေါ့ဗျာ"

ဝင်အဘိုးအို ငါးယောက်သည် ရွှေမြွေသိုင်းသမားနှင့် ထိပ်တိုက် ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်နေကြောင်းလည်း အကဲခတ်မိလိုက်လေသည်။

ဝင်အဘိုးအိုများ ရှူးရှူးရှားရှား ဒေါသဖြစ်သွားကြ၏။

ဝမ်စိန်ကြည်က သူတို့အား လှောင်ပြောင်သလို ရှိနေခြင်းကို မခံမရပ်နိုင်ကြတော့ပါချေ။

"ဒီကောင့်ကို မလွှတ်စေနဲ့၊ ဒီကောင်ဟာ ရွှေမြွေသိုင်းသမား လွှတ်လိုက်တဲ့လူပဲ ဖြစ်ရမယ်"

"ဝိုင်းထားကြစမ်း"

"မလွှတ်စေနဲ့ဟေ့"

ဟု ရွပ်ရွပ်ချွံချွံ ပြောဆိုရင်း ညာသံပေးကာ လက်နက်မျိုးစုံ ဆွဲကိုင်၍ ရှေ့တက်လာကြတော့သည်။

ဝမ်စိန်ကြည်လည်း ဆက်၍နေလျှင် တိုက်ပွဲကြီးတစ်ခုကို မလွဲမသွေ ဆင်နွှဲရတော့မည်ဖြစ်ကြောင်း ရိပ်မိ၏။

ထို့ကြောင့် အမ်းရှောင်ဖွေးကို လက်ဆွဲကာ ...

"လာညီမ ... တို့ ဆက်နေလို့ အကျိုးမထူးဘူး၊ သွားကြစို့"

ဟုပြောကာ ဝိုင်းရံတိုက်ခိုက်လာသူများကို ကွေ့ပတ်ရှောင်ရင်း ခန်းမအတွင်းမှ ပြေးထွက်လာခဲ့ကြသည်။

အစောင့်အကြပ်များသည် ဝမ်စိန်ကြည်၏သိုင်းပညာ နက်ရှိုင်းပုံကို တွေ့မြင်ထားကြသည့်အလျှောက် ဖိဖိစီးစီး မဟန့်တားဝံ့ကြချေ။

နံဘေးမှဝိုင်းကြည့်ကာ ညာသံပေးရင်း အနားသို့မကပ်ဘဲ ဆူညံစွာ အော်နေကြသည်။

ထို့ကြောင့်လည်း ဝင်အဘိုးအိုငါးယောက် ရောက်မလာမီ ဝမ် စိန်ကြည်နှင့် အမ်းရှောင်ဖွေးတို့ လွတ်လွတ်ကျွတ်ကျွတ် ရှောင်တိမ်း ထွက်ခွာလာခဲ့ကြလေတော့သည်။

✤ ✤ ✤



ဝမ်စိန်ကြည် ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်၏။

ဝင်အဘိုးအိုငါးယောက် ခံပြင်းဒေါသထွက်နေကြ၏။

သူတို့ လုံးဝ စိတ်မချုပ်တည်းနိုင်ကြတော့ချေ။

သို့သော် ဝမ်စိန်ကြည်နောက်သို့ လိုက်၍မီမည်မဟုတ်ကြောင်း သိရာ လက်နက်များ သိမ်းဆည်းပြီး တဗျစ်တောက်တောက် ပြောဆိုနေကြလေတော့သည်။

"တောက် ... ဒီကောင် လွတ်သွားတာနာတယ်"

"ဟုတ်တယ်၊ ဒီကောင်နဲ့ ရွှေမြွေသိုင်းသမား ပတ်သက်နေမှာ အမှန်ပဲ"

"သူ့ကို တို့တစ်ယောက်ချင်း မယှဉ်နိုင်ဘူး၊ ရှက်စရာကောင်းလိုက်တာ ... ရှက်စရာကောင်းလိုက်တာ"

"သူဟာ ရွှေမြွေသိုင်းသမားရဲ့ ပညာရထားပြီဆိုတော့ တော်တော့်ကို ကြောက်စရာကောင်းနေပြီ"

"အို ... ရွှေမြွေသိုင်းသမားလဲ နောက်ဆုံး တို့ကို ရှုံးသွားရတာပဲ မဟုတ်လား၊ ဘာကြောက်စရာလိုသလဲ"

"ဟုတ်တယ်ဟေ့ ... တို့ညီအစ်ကိုတွေ သိုင်းပညာပြန်ပြီး သုံးသပ်လေ့လာသင့်ပြီ၊ တို့က သူ့ကို အနိုင်တိုက်ခိုက်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားသင့်တယ်"

"ကိစ္စမရှိဘူး၊ မနက်ဖြန်တစ်ရက် ကျန်သေးတယ်၊ ရွှေရှောင်းတွေ သူလာမယူဘဲ နေနိုင်မှာ မဟုတ်ဘူး၊ သူ တစ်ခေါက်လာရဦးမှာပဲ"

သူတို့သည် နောက်တစ်နေ့ ဝမ်စိန်ကြည်ရောက်လာလျှင် မလွှတ်တမ်း ဖမ်းဆီးရန် စီစဉ်လိုက်ကြသည်။

သူတို့သည် ရွှေချောင်းများအတွက် ဝမ်စိန်ကြည်နှင့် ရင်ဆိုင်ခြင်း မဟုတ်တော့ပါချေ။

ရွှေမြေသိုင်းသမားနှင့် ပတ်သက်၍ ရင်ဆိုင်ကြမည် ဖြစ်သည်။

ဤသည်ကား ဝင်မိသားစုခြံဝင်း၏ လူတိုင်းကိုယ်စီနှင့်ဆိုင်သော အရေးအခင်းကြီးတစ်ခု ဖြစ်ပေတော့သည်။

✤ ✤ ✤

ဝမ်စိန်ကြည်နှင့် အမ်းရှောင်ဖွေးတို့ တည်းခိုရာ လယ်သမားအိမ်ကလေးဆီသို့ ပြန်လည်ရောက်လာကြပြီ ဖြစ်လေ၏။

ခရီးရောက်မဆိုက် အမ်းရှောင်ဖွေးက သူ့အား ချီးကျူးလိုက်လေသည်။

"အစ်ကို သိုင်းပညာ သိပ်တော်တာပဲနော်၊ အစ်ကိုကို့တောင်မှ မီမယ်မထင်ဘူး"

'အစ်ကိုကို့'ဆိုသော ကို့ချူစန်း၏တူကို ဘယ်နေရာတွင်မဆို မမေ့နိုင်ကြောင်း ဝမ်စိန်ကြည် စဉ်းစားပြီး ပြုံးမိ၏။

သူတို့နှစ်ယောက် တွယ်တာနေသော သံယောဇဉ်က မသေးကြောင်း ရိပ်မိရာ ...

"ဒီလောက်လည်း မဟုတ်သေးပါဘူး ညီမရယ်၊ လူတစ်ကိုယ်ပညာတစ်မျိုးပေါ့၊ အစ်ကိုကို့ရဲ့ ပညာလည်း ဆိုးမယ်မဟုတ်ပါဘူး"



အမ်းရှောင်ဖွေး ခေါင်းညိတ်သည်။

"အင်း ... သူ့ဆရာကတော့ သိုင်းလောကမှာ နာမည်ကြီးတဲ့ သိုင်းသမားတစ်ယောက်ပဲ၊ 'ကြေးစုတ်တံ သံပေသီး'သိုင်းသမားလို့ ခေါ်ကြတယ်"

ဝမ်စိန်ကြည်က ကြေးစုတ်တံ သံပေသီးဆိုသော အမည်ကို သေသေချာချာ မှတ်ထားလိုက်၏။

ထိုနေ့ည ညဉ့်နက်နေပြီဖြစ်ရာ စကားစမြည်ပြောဆိုပြီး တစ်ယောက်တစ်ခန်းစီ အိပ်စက်အနားယူလိုက်ကြ၏။

✤ ✤ ✤

နောက်တစ်နေ့ ...

ရွှေချောင်းများ ပြန်ယူရမည့် နောက်ဆုံးနေ့ ဖြစ်လေသည်။

ဝမ်စိန်ကြည်သည် နံနက်မိုလင်းလာသည်နှင့် ဝင်မိသားစုခြံဝင်းမှ ကြုံတွေ့ခဲ့ရသော အခြေအနေများကို ပြန်လည်သုံးသပ်လေ့လာ၏။

သူတို့အတွက် ရွှေချောင်းများကို ပြန်ရဖို့ ကြိုးစားရင်း ယနေ့တစ်ရက်သာ ကျန်ပေတော့၏။

ထို့ကြောင့် အစွမ်းကုန် ကြိုးစားရမည်ဖြစ်ကြောင်း နားလည်မိပေသည်။

အမ်းရှောင်ဖွေးကိုခေါ်၍ တိုင်ပင်ကာ အကြံထုတ်ကြသည်။

တစ်နေ့လုံး အမျိုးမျိုးအဖုံဖုံ စဉ်းစားအဖြေရှာပြီး နောက်ဆုံး ဝမ်စိန်ကြည် တစ်ယောက်တည်းသွားရန် ဆုံးဖြတ်လိုက်၏။

အမ်ရှောင်ဖွေးလိုက်လျှင် အကူအညီ မရသည့်အပြင် သူမအား ကာကွယ်စောင့်ရှောက်ရမည့် တာဝန်တစ်ခု ပိုလာမည်ဖြစ်၏။

ထို့ကြောင့် သူတစ်ယောက်တည်း စွန့်စားသွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

သူ၏ဆုံးဖြတ်ချက်ကို အမ်းရှောင်ဖွေး မကျေနပ်ချေ။ ရွှေချောင်းများ ပြန်ရအောင် သူမလည်း ကြိုးစားလို၏။

ထို့အပြင် ဝမ်စိန်ကြည်တစ်ယောက်တည်း သွားမည်ကို စိတ်မချပါချေ။

သူတို့နှစ်ယောက် အတော်ကလေး အတိုက်အခံပြောပြီးမှ အဓိကကျသည်မှာ ရွှေချောင်းများ ပြန်ရရန်ဖြစ်ကြောင်း နားလည်လျက် အမ်းရှောင်ဖွေးက ဝမ်စိန်ကြည် တစ်ယောက်တည်းသွားရန် ခွင့်ပြုလိုက်၏။

ဝမ်စိန်ကြည်၏ ထက်မြက်သောသိုင်းပညာဖြင့် ပြန်ရနိုင်စရာ အကြောင်းရှိသည်ဟု မျှော်လင့်ရပေသည်။

တစ်ယောက်တည်းသွားခြင်းဖြင့် ဝင်ချင်း၏အကူအညီ ရလိမ့်မည်ဟုလည်း ယုံကြည်သည်။

တစ်နေ့လုံး ဆွေးနွေးတိုင်ပင်ပြီး ညဦးပိုင်းတွင် အိပ်စက်အနား ယူလိုက်သည်။



ညဉ့်နှစ်ချက်တီးသောအခါ ဝမ်စိန်ကြည်သည် အိပ်ပျော်နေသော အမ်းရှောင်ဖွေးကိုပင် နှုတ်မဆက်ဘဲ ဝင်မိသားစု ခြံဝင်းသို့ ထွက်လာခဲ့၏။

အမှန်တော့ အမ်းရှောင်ဖွေး တမင်တကာ အိပ်ပျော်နေဟန် ဆောင်ခြင်း ဖြစ်သည်။

တစ်ညလုံး စိုးရိမ်ပူပန်စိတ်ဖြင့် အိပ်မပျော်နိုင်ခဲ့ပါ။

ဝမ်စိန်ကြည် ထွက်သွားလျှင်ပို၍ အိပ်မရတော့ချေ။

ရင်တထိတ်ထိတ်ဖြင့် ဝမ်စိန်ကြည် ပြန်ရောက်လာမည့်အချိန်ကို စောင့်မျှော်နေရ၏။

✤ ✤ ✤

## အတိတ်၏အရိပ်

ယနေ့ည ... ။

ယနေ့ညသည် ရွှေချောင်းများပြန်ယူရန် ဝင်ချင်း ချိန်းဆိုထားသည့် သုံးရက်ဟူသောအချိန်၏ နောက်ဆုံးနေ့ဖြစ်၏။

ဝမ်စိန်ကြည်သည် ရွှေချောင်းများ ပြန်ရအောင် ယူမည်ဟု သံန္နိဋ္ဌာန်ချထားသည်။

သူက ဝင်မိသားစု ခြံဝင်းသို့ အမှောင်ထုကို အကာအကွယ်ယူရင်း ချဉ်းကပ်ခဲ့သည်။

လရောင်ရှိသော်လည်း အချို့နေရာများတွင် အဆောက်အအုံများ၏အရိပ်၊ သစ်ပင်များ၏အရိပ်ကြောင့် မှောင်မိုက်နေပါသေးသည်။

သူက ရွှေချောင်းများ ပြန်ရယူရန် လာခဲ့ခြင်းဖြစ်သော်လည်း မမျှော်လင့်ဘဲ ထူးဆန်းလှသည့် ရွှေမြေသိုင်းသမား၏ဘဝကို သိရှိခဲ့ရတော့သည်။

ဝင်မိသားစု ခြံဝင်းအနီးသို့ ရောက်သည်နှင့် သာယာငြိမ့်ညောင်းသော ပလွေသံထွက်ပေါ်နေသည်ကို ကြားရ၏။



ဝမ်စိန်ကြည် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

ပလွေသံကို ဂရုစိုက်၍ နားထောင်ကြည့်လိုက်၏။

ပလွေသံမှာ ခြံဝင်းဝဲဘက် တစ်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အလွန်သာယာသည့်အပြင် ကြေကွဲလွမ်းဆွတ်ဖွယ် သီချင်းတစ်ပုဒ်ကို တီးမှုတ်နေခြင်း ဖြစ်၏။

ကြားရသူအပေါင်း၏ ရင်ထဲ၌ ဝမ်းနည်းကြေကွဲသည့် စိတ်များ ပေါ်ပေါက်လာအောင် ညှို့ယူနိုင်စွမ်းရှိသည်။ ပလွေသံရှင်သည် ဝမ်းနည်းကြေကွဲသည့် ခံစားချက်ဖြင့် တီးမှုတ်နေခြင်းပေလော။

ပလွေသံကို တစ်ခဏ နားထောင်ပြီးသည်နှင့် ပလွေမှုတ်နေသူမှာ ဝင်ချင်းဖြစ်ကြောင်း ရိပ်မိလာတော့သည်။

အကြောင်းမှာ သူ နားထောင်နေစဉ် ပလွေသံစဉ်က တေးသွား တစ်မျိုး ပြောင်းသွားခြင်းကြောင့် ဖြစ်သည်။

ထိုတေးသွားသည် တစ်ချိန်က သူ့အား အလွန်လှပသော ပန်းဥယျာဉ်ဆီသို့ ခေါ်သွားစဉ်က ဝင်ချင်း တီးမှုတ်ပြသော တေးသွားပင် ဖြစ်နေ၏။

ဝင်ချင်းက နောက်နေ့မှလာရန် အရိပ်အမြွက် ပြောသွားသည်ကို ဝမ်စိန်ကြည် သတိရလာသည်။

အကြောင်းတစ်ခုခုတော့ ရှိမည်ဟု နဂိုကတည်းက တွက်ဆထားပြီး ဖြစ်သည်။

ယခု ပလွေသံကို ကြားရသောအခါ သူ့အား ဖိတ်ခေါ်နေခြင်း ဖြစ်ကြောင်း ကောင်းကောင်းကြီး သိ၏။

ထို့ကြောင့်လည်း ပလွေသံထွက်ပေါ်လာရာဆီသို့ မှန်းဆကာ ပြေးထွက်သွားသည်။ ပလွေသံသည် ငြိမ့်ညောင်းသာယာစွာ ထွက်ပေါ်နေဆဲပင်။

ဝမ်စိန်ကြည်က ပလွေသံကို နားစွင့်ကာ ပြေးသွား၏။ မကြာပါချေ။ တစ်ချိန်က ဝင်ချင်း သူ့အားခေါ်သွားသည့် ပန်းများပြည့်လျှမ်းနေသော တောင်ကုန်းကလေးဆီသို့ ရောက်မှန်းမသိ ရောက်ရှိသွားတော့၏။

လေပြည်လေညင်းကလေး ဝေ့ယမ်းတိုက်ခတ်လာသည်။ မွှေးကြိုင် သင်းပျံ့သော ရနံ့များကို ရှူရှိုက်ရသည်။

ပန်းဥယျာဉ်အတွင်း၌ ရောင်စုံနှင်းဆီပန်းများ ဝေဝေဆာဆာ ပွင့်ဖူးနေသည်။

ရှေ့ဆက်ပြေးသွားလျှင် တစ်ခါက ရောက်ခဲ့ဖူးသော အဆောင်ကလေးအနီးသို့ ရောက်သွား၏။ အဆောင်ကလေးအနီးသို့ ရောက်လျှင် ဝမ်စိန်ကြည် အလိုအလျောက် ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

အကြောင်းမှာ အဆောင်ထဲတွင် လူနှစ်ယောက် ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။ ထိုလူနှစ်ယောက်သည် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ နှစ်ဦးစလုံး အမျိုးသမီးများ ဖြစ်ကြသည်။

ခပ်ငယ်ငယ် အမျိုးသမီးကလေးက ပလွေမှုတ်နေခြင်း ဖြစ်၏။

ထိုမိန်းကလေးသည် သူ့အား ကျောပေးထား၍ မျက်နှာကို မမြင်ရပါချေ။



ဝမ်စိန်ကြည် မျက်မှောင်ကြုတ်သွားသည်။

သူသိသော ဝင်ချင်းမှာ ယောကျ်ားကလေး ဖြစ်သည်။

ယခု မိန်းကလေးက ဝင်ချင်းမှုတ်သော တေးသွားကို မှုတ်နေသည်။

လူမှားပြီဟု တွေးမိကာ နောက်ပြန်လှည့်မည်အပြုတွင် ဝင်ချင်း ပြောခဲ့ဖူးသော စကားတစ်ခွန်းကို ပြန်လည် အမှတ်ရလာသည်။

“ဒီနေရာကို ကျွန်တော်နဲ့မေမေ နှစ်ယောက်ထဲ ပြုစုပျိုးထောင်ခဲ့ကြတာ၊ ဒါကြောင့် မေမေရယ်၊ ကျွန်တော်ရယ်၊ ရဲ့ဝါရယ်ကလွဲပြီး ဘယ်သူမှ လာခွင့်မရှိဘူး”

ဝမ်စိန်ကြည်က အဆောင်ထဲရှိ အမျိုးသမီး နှစ်ယောက်ကို အကဲခတ်ကြည့်လိုက်သည်။

ဝင်ချင်း၏မိခင်နှင့် ရဲ့ဝါတို့ ဖြစ်ရမည်ဟု ယုံကြည်မိ၏။ ရဲ့ဝါက ဝင်ချင်းကဲ့သို့ ပလွေမှုတ်တတ်နေသည်ကို တွေးရင်း အံ့သြနေမိသည်။

သူတို့ရှိလျှင် မကြာမီ ဝင်ချင်းလည်း ရောက်လာနိုင်သည်။ ထို့ကြောင့် ပြန်လှည့်မသွားတော့ဘဲ ရှေ့သို့ တရွေ့ရွေ့ လှမ်းသွားလိုက်သည်။

အဆောင်အနီးသို့ ရောက်ရှိသွားသည်နှင့် ပလွေသံလည်း ရုတ်ခြည်း ရပ်တန့်သွား၏။

ပလွေမှုတ်နေသော မိန်းကလေးသည် ထိုင်ရာမှ ညင်သာစွာ ထလာသည်။

ပြီးလျှင် ဝမ်စိန်ကြည်ဘက်သို့ မျက်နှာလှည့်လာသည်။ ထိုအခါ မိန်းကလေး၏မျက်နှာကို တွေ့လိုက်ရသည်နှင့် ဝမ်စိန်ကြည် ပါးစပ် အဟောင်းသား ဖြစ်သွားရတော့သည်။

မှင်တက်မိသွားသူပမာ ပြူးကျယ်သော မျက်လုံးများဖြင့် ငေးကြည့်နေမိသည်။

မိန်းကလေးက ပြုံးလိုက်သည်။ ပြုံးလိုက်မှ ပို၍ ချောမောလှပလာတော့သည်။

"လာလေ အစ်ကို ... ဘာငိုင်နေတာလဲ"

ချိုလွင်သာယာသော စကားသံ ထွက်ပေါ်လာသည်။ ကြားရသူ အပေါင်း နားခံလာအောင် စိတ်နှလုံးကို သိမ်းကျုံးညှို့ငင်နိုင်စွမ်းရှိသော အသံမျိုး ဖြစ်လေသည်။

ဝမ်စိန်ကြည် ယခုတိုင် ငေးကြည့်နေဆဲ။

သူ ကြားရသည့်အသံမှာ ဝင်ချင်း၏အသံ ဖြစ်သည်။

"မင်း ... မင်း ... ညီလေးဝင်ချင်း"

သူ၏ ကြောင်တက်တက်နိုင်သော အမူအရာကိုကြည့်ပြီး မိန်းကလေးမှာ သွားတက်ကလေးများပေါ်အောင် ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မနာမည် ဝင်ချင်းချင်းလို့ ခေါ်ပါတယ်"

"ဒါ ... ဒါဖြင့် မင်းက ဘာကြောင့် မိန်းမဖြစ်နေရတာ ..."

သူ၏စကား ဆုံးအောင်မပြောနိုင်ခဲ့ချေ။



မိန်းကလေးက ...

"အစ်ကို့ကို ယောကျ်ားလေးတစ်ယောက်အဖြစ် ဟန်ဆောင်လှည့်စားမိခဲ့တာ ခွင့်လွှတ်ပါရှင်၊ အမှန်တော့ ကျွန်မဟာ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်"

စကားသံသည် ဝင်ချင်း၏အသံမှ ဝင်ချင်း၏အသံ အစစ်ဖြစ်သည်။

ခါတိုင်းလို မာကျောကျောမဟုတ်ဘဲ နူးညံ့ပျော့ပျောင်းကာ ချိုလွင်သာယာနေသည်။

နားဝင် ချိုလှသည်။

ဝမ်စိန်ကြည် သူ၏မျက်လုံးနှင့်နားကို သံသယဖြစ်လာသည်။

"ဒုက္ခပါပဲ၊ ငါတော့ ရူးပြီထင်တယ်"

ဟုလည်း ရင်ထဲ၌ ကြိတ်တွေးမိသည်။ ဝင်ချင်း၏ရုပ်ရည်တော့ ပျောက်မသွားပါ။

မိန်းကလေးလို ဝတ်စားဆင်ယင်ထားသဖြင့် အလွန် ချောမောလှပပြီး နုစ်သက်ဖွယ်ကောင်းခြင်းသာ ကွာ၏။

ဝမ်စိန်ကြည်မှာ အိပ်မက်မက်နေသည်ဟု ထင်မှတ်ကာ ကိုယ့်ပေါင်ကို ပြန်ပြီး လက်ဖြင့်ဆိတ်လိုက်သည်။

"အမယ်လေး ..."

အသားနာသွားမှ အိပ်မက်မဟုတ်၊ တကယ်ပင်ဖြစ်ကြောင်း သိရသည်။

သူ၏အဖြစ်ကို ဝင်ချင်းချင်း တွေ့သွားလျှင် ရယ်မောလိုက်လေသည်။

"အစ်ကို အံ့သြနေသလား၊ အိပ်မက်မဟုတ်ပါဘူး၊ တကယ်ပါရှင်၊ ကျွန်မဟာ မိန်းကလေးတစ်ယောက်ပါ"

ဝမ်စိန်ကြည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေ၏။

"ဟင်း ... သိုင်းပညာပြည့်စုံပြီး သိုင်းလောကကို အခြေချလို့ရပြီလို့ ငါ ထင်ခဲ့မိတယ်၊ အမှန်တော့ ငါ့အထင် မှားနေပါလား၊ ဝင်ချင်းဟာ မိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာတောင် နီးနီးကပ်ကပ် နေခဲ့ရပါလျက် ငါ မသိခဲ့ဘူး၊ သူဟာ ယောကျ်ားကလေးလို ဝတ်ဆင်ပြီး တစ်ချိန်လုံး ငါ့ကို ညာခဲ့တယ်၊ ငါ လုံးဝ မသိဘူး၊ ငါ တော်တော်ညံ့သေးပါလား၊ အတွေ့အကြုံ လုံးဝမရှိတဲ့ လူတစ်ယောက်ပဲ"

ဟု ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။

ထိုစဉ် ဝင်ချင်းချင်းက ...

"အစ်ကို ဘာငိုင်နေတာလဲ၊ ဒီမှာ လာထိုင်ပါ၊ မေမေက အစ်ကိုနဲ့ စကားပြောချင်လို့ စောင့်နေပါတယ်"

ဝင်ချင်း၏မိခင်ရှိသဖြင့် ဝမ်စိန်ကြည် ငေးငိုင်ရင်း အချိန်မဖြုန်းတော့ပါချေ။

သို့သော် သူ့မျက်လုံးများက ဝင်ချင်းထံမှ ထွက်ခွာမရပါချေ။ မကြာခဏ ခိုးကြောင်ခိုးဝှက် ကြည့်နေမိလေတော့သည်။



အဆောင်ကလေးတွင် ဝင်ချင်းချင်းနှင့်အတူ ရှိနေသော အမျိုးသမီးကြီးမှာ ဝင်ချင်းချင်း၏မိခင် ဖြစ်လေသည်။

ထုံးစံအတိုင်း ဝမ်စိန်ကြည်က လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပြုလိုက်သည်။

"ဒေါ်ဒေါ်ကို ကျွန်တော် ဝမ်စိန်ကြည် ဂါရဝပြုပါတယ်"

ဝင်ချင်း၏မိခင်က ခေါင်းညိတ်ကာ အသိအမှတ်ပြုလေသည်။

သူမအား သေသေချာချာကြည့်လျှင် တစ်ချိန်လုံး ငိုကြွေးထားဟန်ရှိကြောင်း တွေ့မြင်နိုင်၏။

မျက်လုံးများ နီရဲကာ မျက်ခွံများ မို့နေ၏။

ဝမ်စိန်ကြည်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး ထိုင်ရန် ညွှန်ပြလိုက်၏။

ဝမ်စိန်ကြည် ထိုင်ချလိုက်သည်။

ထိုအခါမှ ညင်သာပျော့ပျောင်းသော လေသံဖြင့် ...

"မင်းဟာ ဒေါ်ဒေါ့်သမီးအပေါ်မှာ အင်မတန်ကောင်းခဲ့တယ်ဆိုတာကို သိပါတယ်၊ ဒါကြောင့် ဒေါ်ဒေါ် မင်းကို ရန်သူလို သဘောမထားပါဘူး၊ သမီးကလည်း ဒီအတိုင်းပါပဲ"

ဝမ်စိန်ကြည် သူမ၏စကားကို နားထောင်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

အလိုလို ခေါင်းညိတ်မိလျက်သား ဖြစ်သွားသည်။

"ကျွန်တော်လည်း ဒေါ်ဒေါ့်ကို လေးစားပါတယ်၊ ဝင်ချင်းကိုလည်း ညီလေးတစ်ယောက်လို ..."

ပြောရင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

ဝင်းချင်းချင်းအား ညီလေးတစ်ယောက်လို သဘောထားသည်ဟု ပြောမလို့ဖြစ်သည်။

သို့သော် ဝင်းချင်းချင်းမှာ မိန်းကလေးတစ်ယောက် ဖြစ်နေ၍ ဆက်မပြောနိုင်ခြင်း ဖြစ်၏။

ဝင်းချင်းချင်းမှာ သူ့အားကြည့်ပြီး တီးတိုး ရယ်မောနေ၏။

သူမ၏မိခင်က ...

"သူ ... သူ သေသွားပြီဆိုတာ တကယ်ပဲလားဟင်"

ရုတ်တရက် အဆက်အစပ်မရှိ မေးလာလေသည်။

ဝမ်စိန်ကြည် ငိုင်သွားပြီးမှ ရွှေမြွေသိုင်းသမားအကြောင်းကို မေးမြန်းခြင်းဖြစ်မည်ဟု သဘောပေါက်လာ၏။

ဝင်ချင်း၏မိခင်ကို အလိုလို ခင်တွယ်လာသဖြင့် အမှန်အတိုင်း ပြောပြလိုက်လေသည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ရွှေမြွေသိုင်းသမားဟာ တကယ်ပဲ သေဆုံးသွားပါပြီ"

ဝင်ချင်း၏မိခင် ခေါင်းငုံ့သွား၏။

သူမထံမှ ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ငိုရပေါင်းများ၍လား မသိပါ။

မျက်ရည်ကျလာသည်ကို မတွေ့ရချေ။

မျက်ရည်များ ကုန်ခမ်းသွားပြီဟု ထင်ရပေသည်။



ဝမ်စိန်ကြည်သည် သူမအား သေသေချာချာ အကဲခတ်ကြည့်နေပြီးမှ မသင့်ကြောင့်တွေးမိရာ မျက်နှာလွှဲပြီး အသာငြိမ်နေလိုက်သည်။

သူမအား မည်သို့ နှစ်သိမ့်ရမှန်း မသိပါ။

နှစ်သိမ့်စရာ စကားလည်း ရှာမရပေ။

ဝင်ချင်းချင်းမှာ မိခင်ဖြစ်သူကိုကြည့်ပြီး မျက်နှာကလေး ညှိုးနွမ်းနေလေတော့၏။

အတန်ကြာမှ တိုးညင်းသောလေသံဖြင့် ဝင်ချင်း၏မိခင် စကားဆိုလာ၏။

"မင်း ,... မင်း ... သူ့ကိုတွေ့ခဲ့တယ် မဟုတ်လားဟင်၊ သူ ဘယ်လို သေဆုံးသွားရတယ်ဆိုတာ ပြောပြစမ်းပါ"

ဝမ်စိန်ကြည် သက်ပြင်းချလိုက်၏။

"သူဘယ်လို သေဆုံးသွားရတယ်ဆိုတာ ကျွန်တော်လည်း မပြောတတ်တော့ပါဘူးခင်ဗျာ"

သူ၏စကားကြောင့် ဝင်ချင်းချင်း၏မိခင် အံ့အားသင့်သွား၏။

"ဟော ... ဘာဖြစ်လို့လဲ၊ မင်းရဲ့သိုင်းပညာ သူ့ဆီကရထားတာ မဟုတ်လား၊ မင်းဟာ သူ့တပည့် မဟုတ်ဘူးလား"

ဝမ်စိန်ကြည် အဖြစ်မှန်ကို ရှင်းပြရလေသည်။

"သူ့ဆီက သိုင်းပညာရခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် လို့ သူနဲ့ကျွန်တော်ဟာ ဆရာတပည့်လို့ ပြောဖို့မလွယ်ပါဘူးခင်ဗျာ"

သူက ရွှေမြေသိုင်းသမားထံမှ သိုင်းကျမ်းစာအုပ် ရခဲ့သည်။

လိုဏ်ဂူထဲမှ သိုင်းရေးထွင်းသော သိုင်းကွက်များ ရခဲ့သည်။

ထိုပညာရပ်များကို သူလေ့ကျင့် တတ်မြောက်ထားပြီး ဖြစ်လေသည်။

ထို့ကြောင့် သူ၏ဆရာဟုဆိုလျှင် မမှားချေ။

သူက ဆရာဟု လက်ခံနိုင်ပါသည်။

သို့သော် ရွှေမြေသိုင်းသမားက သူ့အားတပည့်အဖြစ် လက်ခံလိုစိတ် ရှိမရှိ သူ အဘယ်သို့ သိနိုင်ပါမည်နည်း။

သို့ဖြစ်၍ မဟုတ်မလွန် ပြောလိုက်ခြင်း ဖြစ်ပေသည်။

တစ်ဖက်ကတွေးလျှင်မူ ရွှေမြေသိုင်းသမားနှင့် မပတ်သက်လိုဟု ထင်စရာ ရှိပေသည်။

ဝင်ချင်းချင်း၏မိခင် မျက်မှောင်ကြုတ်သွားလေသည်။

"ဘာဖြစ်လို့လဲကွယ့်"

ဝမ်စိန်ကြည်ကို စိုက်ကြည့်ရင်းမေးလိုက်သည်။

ဝမ်စိန်ကြည်က ...

"သူဟာ ကျွန်တော့်ကို တပည့်အဖြစ် လက်ခံမယ်၊ လက်မခံဘူးဆိုတာ မသိနိုင်ပါဘူးခင်ဗျာ၊ သူ့ကို ကျွန်တော်တွေ့တဲ့အချိန်မှာ အရိုးစု ဖြစ်နေပါပြီ"

"အမယ်လေး ..."

သူမ အလန့်တကြား အော်လိုက်သည်။



ခန္ဓာကိုယ် ယိမ်းယိုင်သွားလေရာ ဝင်ချင်းလည်း ...

"မေမေ ... မေမေ သတိထားပါ"

ဟု စိုးရိမ်ပူပန်ကာ သတိပေးရင်း ဖေးမထားလိုက်လေသည်။

မိခင်၏အဖြစ်ကြောင့် ဝမ်စိန်ကြည်ကို မကျေနပ်သလို တစ်ချက် လှမ်းကြည့်လိုက်၏။

ဝမ်စိန်ကြည်လည်း ကပျာကယာမျက်နှာလွှဲထားလိုက်ရသည်။ ဝင်ချင်းချင်းနှင့် မျက်လုံးချင်း မဆုံမိအောင် ကြိုးစားရတော့၏။

မျက်လုံးချင်းဆုံလျှင် ရင်ခုန်လာပြီး အသက်ရှူကျပ်သလို ခံစားရ၏။

အမျိုးအမည်မသိသော ဝေဒနာလည်း ရင်ထဲဝယ် လှိုက်လှိုက်လှဲလှဲ ခံစားနေရ၏။

ထိုသို့ ကတုန်ကယင်ဖြစ်ကာ စိတ်လှုပ်ရှားနေသည့် အရသာကိုပင် ကျေနပ်သလိုလို ရှိနေ၏။

အတန်ကြာလျှင် ဝင်ချင်းချင်း၏မိခင်ထံမှ သက်ပြင်းသဲ့သဲ့ချသံကို ကြားရ၏။

စိတ်ကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပုံ ရသည်။

ရီဝေသော မျက်လုံးများဖြင့် ဝမ်စိန်ကြည်ကို ကြည့်လိုက်သည်။

တဖန် အဝေးသို့ မျှော်ကြည့်ရင်း ...

"အင်း ... ဒေါ်ဒေါ်သူ့ကို ၁၈ နှစ်လုံးလုံး စောင့်နေခဲ့တယ်၊ တစ်နေ့နေ့တော့ တို့သားအမိကို လာခေါ်လိမ့်မယ် ထင်မိတယ်၊

မျှော်လင့်ချက်လည်း ထားမိခဲ့တယ်၊ အခုတော့ ခဲလေသမျှ သဲရေကျ ဖြစ်ရပြီပေါ့၊ သမီးကလေး... သမီးကလေး ကံဆိုးလိုက်တဲ့ သမီးကလေးရယ်”

ဝင်ချင်းချင်းတို့ သားအမိကိုကြည့်နေရင်း ဝမ်စိန်ကြည် စိတ်မကောင်း ဖြစ်လာတော့သည်။

ဝင်ချင်းချင်း၏မိခင်က ဝင်ချင်းချင်းကို လွန်စွာ သနားကြင်နာသော အကြည့်ဖြင့်ကြည့်ပြီး ဆက်ပြောလိုက်သည်။

“သမီးကလေးဟာ ဖခင်ကိုတွေ့ဖို့ ဆန္ဒကြီးမားခဲ့တယ်၊ ဒါပေမယ့် သူ့ဘဝ ဆိုးပါတယ်၊ အဖေအရင်းကိုတောင် တွေ့ခွင့်မရရှာပါဘူး”

ပြောရင်းပြောရင်း အသံတိုးဝင်သွား၏။

ဝင်ချင်းချင်းသည် ဟန်ဆောင်နေခြင်း ဖြစ်သည်။

သူသာ မရှိပါက လှိုက်လှိုက်လှဲလှဲ ငိုလိမ့်မည်ဖြစ်ကြောင်း ဝမ်စိန်ကြည် တွေးမိလေ၏။

ဝင်ချင်းချင်းတို့ သားအမိ၏ ဝမ်းနည်း ကြေကွဲမှုများသည် သူ၏ရင်ထဲသို့ ကူးစက်လာသည်ဟုပင် ခံစားရတော့သည်။

စိတ်ပြေသာလို ပြေသာငြား ပြောမိပြန်၏။

“သူဟာ အေးချမ်းငြိမ်သက်တဲ့နေရာမှာ လဲလျောင်းရင်း အနားယူနေပါပြီ၊ သူ့ကိုဘယ်သူမှ အနှောင့်အယှက် မပေးနိုင်တော့ပါဘူး၊ သူ့ရဲ့ အရိုးစုကို ကျွန်တော်ကိုယ်တိုင် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ခဲ့ပါတယ်”



ဝင်ချင်းချင်း၏မိခင်က ခေါင်းညိတ်လိုက်သည်။

“အေးကွယ်... မင်း အခုလိုပြုလုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ မင်းကြောင့် ဒေါ်ဒေါ့်ယောက်ျားကို ဘယ်သူမှ အနှောင့်အယှက်ပေးလို့ မရတော့ပါဘူး၊ သူ့ဘဝတစ်လျှောက်လုံး ပြေးလွှားရုန်းကန်ခဲ့ရသမျှ အခုမှပဲ အေးအေးချမ်းချမ်း နေနိုင်တော့တယ်”

ရွှေမြွေသိုင်းသမားသည် ဝင်ချင်းချင်း၏ ဖခင်ဖြစ်ကြောင်း သိသာ ထင်ရှားနေပြီ ဖြစ်၏။

“ဒေါ်ဒေါ့်နာမည်မှာ ‘ယိ’ဆိုတဲ့ အမည်တစ်လုံး ပါသေးသလားခင်ဗျာ”

“ပါတာပေါ့... မင်း ဘယ်လိုလုပ် သိတာလဲ”

သူမ အံ့သြစွာ မေးလိုက်သည်။

ဝင်ချင်းချင်းက ကြားဖြတ်ပြောလာသည်။

“မေမေ့နာမည် ဝင်ယိလို့ ခေါ်ပါတယ်၊ မေမေ့ရဲ့ ဖေဖေဟာ ဝင်မိန့်စန်းဆိုတဲ့ တတိယဘိုးဘိုးပါ”

ဝမ်စိန်ကြည် ဝင်ယိအား ဂါရဝပြုလိုက်သည်။

“ဒေါ်ဒေါ်... ဒေါ်ဒေါ်ကိုမှာဖို့ ရွှေမြွေသိုင်းသမားရဲ့ မှာကြားချက်ထဲမှာ ပါ,ပါတယ်၊ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကျွန်တော် ကျောက်ယက်မတောင်ခြေကို ရောက်လာရတာပါ၊ အခုတော့ ဆန္ဒပြည့်ဝပါပြီ”

"ဆိုစမ်းပါဦးကွယ်၊ မင်းက ဘာကြောင့် တွေ့ချင်တာလဲ၊ သူ ဘာများမှာကြားသွားလို့လဲ၊ ပြောစမ်းပါဦးကွယ်"

ရွှေမြွေသိုင်းသမား၏ မှာကြားချက်မှာ ရတနာမြေပုံအတိုင်း ရတနာများကို ရှာဖွေကာ ရရှိပါက ကျောက်ယက်မတောင်ခြေရှိ ဝင်မိသားစု ခြံဝင်းမှ 'ဝင်ယီ'အား ရှာဖွေကာ ပေးရမည်ဟု ပါရှိသည်။

ရွှေကျပ်သား တစ်သိန်းတိတိ ပေးရမည်ဖြစ်၏။ ထို့ကြောင့် ရတနာမြေပုံအရ တွေ့ရမည့် ရတနာသိုက်သည် မည်မျှ များပြားပြီး အဖိုးထိုက်တန်မည်ဟု တွက်ဆနိုင်ပါသည်။

ရတနာမြေပုံအတိုင်း လိုက်ရှာပြီး ပေးရမည်ဖြစ်သော်လည်း မပေးဘဲ နေလိုက နေနိုင်ပါသည်။

တစ်ဦးတည်း အပိုင်စီး၍လည်း ရနိုင်ပါသည်။

သို့သော် မတရားသည့်စိတ်ထားမျိုး ဝမ်စိန်ကြည်တွင် မရှိချေ။ ချက်ချင်းပင် အင်္ကျီရင်ဘတ်ကြား၌ သိမ်းဆည်းထားသော ရတနာမြေပုံကိုထုတ်ယူလိုက်ပြီး ...

"ဒေါ်ဒေါ်နာမည် ဝင်ယီဆိုတာကို သိရလို့ ဝမ်းသာပါတယ် ခင်ဗျာ၊ ရွှေမြွေသိုင်းသမားဟာ ဒေါ်ဒေါ်ကိုရှာဖို့ မှာကြားခဲ့ပါတယ်၊ ဒေါ်ဒေါ်နဲ့တွေ့ရင် ..."

သူ၏စကား တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားသည်။ စကား ရပ်တန့်သွားသော်လည်း လူကမူ ဥယျာဉ်အတွင်းသို့ လှစ်ခနဲ ခုန်ဆင်းသွားသည်။



ပန်းရုံတစ်ရုံအတွင်းသို့ မြားတစ်စင်းပမာ လှစ်ခနဲ တိုးဝင်သွားချိန်တွင် ပန်းရုံနောက်မှ လူရိပ်တစ်ရိပ် ရိပ်ခနဲ ပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ကြရ၏။

တစ်စုံတစ်ယောက်သည် ပန်းရုံအတွင်း ပုန်းအောင်းပြီး သူတို့ပြောဆိုနေကြသည့် စကားများကို တိတ်တဆိတ် ချောင်းမြောင်းနားထောင်နေခြင်း ဖြစ်သည်။

ဝင်ယီနှင့် ဝင်ချင်းချင်းတို့ ရင်ထိတ်သွားကြသည်။

လူပုန်းနေကြောင်း ဝမ်စိန်ကြည်သာ ထုတ်ဖော်ခြင်းမရှိလျှင် သူတို့ သိနိုင်ကြမည် မဟုတ်ချေ။

သူတို့သာအမိ ငေးကြည့်နေစဉ်မှာပင် ...

"အွန့် ..."

မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။ ပန်းဥယျာဉ်အတွင်း ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားသော လူရိပ်နှစ်ခု ပူးကပ်သွားသည်ကို တွေ့ရ၏။

မကြာပါချေ။

အဆောင်ကလေးသို့ ဝမ်စိန်ကြည် ပြန်ရောက်လာသည်။

လက်ချည်းသက်သက် ပြန်ရောက်လာခြင်း မဟုတ်ချေ။

လူတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်သည်။

ဖမ်းလာသူကို မြင်ရလျှင် ဝမ်ချင်းချင်း လွှတ်ခနဲ အော်လိုက်မိလေသည်။

"ဟင် ... ဘဘကြီး နန်ရောင်ပါလား"

ဝမ်စိန်ကြည် ဖမ်းလာသူမှာ မနေ့ညက ခေါင်မိုးပေါ်တွင် ပထမဦးစွာ ရင်ဆိုင်တိုက်ခိုက်ခဲ့သော ဝင်နန်ရောင် ဖြစ်လေသည်။

ဝင်နန်ရောင်မှာ သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ဘဲကျောက်ရုပ်ပမာ ဖြစ်နေသည်။

နန်ရောင်ကိုတွေ့လျှင် ဝင်ယိ သက်ပြင်းချလိုက်သည်။ စိတ်ပျက်သည့်သဘောနှင့် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ...

"သူ့ကို လွှတ်လိုက်ပါကွယ်၊ သူဟာ သူ့သဘောနဲ့ ဒီနေရာကိုလာပြီး ချောင်းမြောင်းနားထောင်ရာ မဖြစ်နိုင်ပါဘူး၊ တွေးကြည့်ရင် သူ့မှာ အပြစ်မရှိပါဘူး၊ လွှတ်ပေးလိုက်တာ ကောင်းပါတယ်"

ဝင်ယိနှင့် ဝင်ချင်းချင်းတို့သည် ဝင်မိသားစု ခြံဝင်းတွင် အထင်သေးခံ၊ အနှိမ်ခံရသော လူစားများဖြစ်ကြောင်း ဝမ်စိန်ကြည် တစ်စတစ်စ ရိပ်မိလာသည်။

ဝင်ယိသည် ဝင်မိသားစု ခြံဝင်းအတွင်းမှ သူမအပေါ် အနိုင်ကျင့်သည်ကိုပင် လက်မြှောက်အရှုံးပေးမည့် ပုံစံမျိုး ရှိလေသည်။

ဝမ်စိန်ကြည်က သူ၏စကားကို မပယ်ရှားလိုသဖြင့် နန်ရောင်၏ သွေးကြောများကို ဖွင့်ပေးလိုက်သည်။ သွေးကြောပွင့်ကာ ခြေလက်များ လှုပ်ရှားလာနိုင်သည်။

ထိုအခါ ချက်ချင်း ထွက်ပြေးခြင်း မပြုချေ။ ဝင်ယိအားလက်ညှိုး တငေါက်ငေါက်ထိုးကာ ကြိမ်းမောင်းအပြစ်တင်လိုက်သည်။



"ဟွန်း ... အရှက်မရှိတဲ့ မိန်းမ၊ ကိုယ်ကိုယ်တိုင် မိန်းမကာစပြီး ယောကျာ်းခိုးတာ အားမရသေးဘူး၊ သမီးကိုပါ သင်ပေးသေးတယ်"

သူ၏စကား မည်သို့အဓိပ္ပာယ်သက်ရောက်ကြောင်း ဝမ်စိန်ကြည် မိသပါချေ။

သို့သော် အဓိပ္ပာယ်သိကြသော ဝင်ယိတို့သားအမိနှစ်ဦးစလုံး မျက်နှာနီရဲသွားကြသည်။

ဝင်ချင်းချင်း၏ မျက်နှာနီရဲသွားရာမှ ညိုပုပ်ပုပ်ဖြစ်လာသည်။

နှုတ်ခမ်းတဆတ်ဆတ်တုန်လာပြီး နန်ရောင်ကို ရန်တွေ့ရန် ဟန်ပြင်လိုက်သည်။

သူမ၏ လက်တစ်ဖက်သည်လည်း ခါးတွင် ချပ်ချပ်ရပ်ရပ် ချိတ်ဆွဲထားသော ဓားဆီသို့ ရောက်သွား၏။

သူမ၏စိတ်ဓာတ်ကို သိရှိနားလည်သော ဝင်ယိက အချိန်မီ လက်ကာပြလိုက်သည်။

ဝင်ယိ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေပါသည်။ ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းများ ဖြစ်ပေါ်နေ၏။

သူတို့နှစ်ယောက်ကိုကြည့်ပြီး ဝမ်စိန်ကြည်ပင် နန်ရောင်အား ရိုက်နှက်ဆုံးမလိုစိတ်များ ဖြစ်ပေါ်လာသည်။

ဝင်ယိတို့သားအမိက သူ့အား ဒုက္ခမပေးဘဲ လွှတ်ရန်ပြောခဲ့သည်။ သူတို့က သဘောထားကြီးသော်လည်း နန်ရောင်က လွန်စွာ သဘောထား သေးသိမ်လှပေသည်။

ကျေးဇူးတရားကို နားမလည်ဘဲ ဓော်ကားမော်ကား ပြောနေသည်။

ဝင်ချင်းချင်း၊ မကျေမနပ် ဖြစ်သွားသည်ကို တွေ့ရလျှင် မျက်နှာ မဲ့ရွဲ့ကာ မခံချင်အောင် ပြောလိုက်လေသည်။

"ဘာလဲ နင်တို့က ငါ့ကို အာခံချင်လို့လား၊ ငါ့ကို ပထမဘိုးဘိုးက အမိန့်ပေးပြီး နိုင်းလိုက်တာ၊ ငါသာ တစ်စုံတစ်ခုဖြစ်ရင် နင်တို့သားအမိ သက်သာမယ်များ ထင်သလား"

ဝင်ချင်းချင်း ဒေါသမထိန်းချုပ်နိုင်တော့ချေ။

"ဘယ်သူက နိုင်းနိုင်း သတ္တိရှိရင် မျက်နှာချင်းဆိုင် ပြောင်ပြောင်တင်းတင်း လာသင့်တာပေါ့၊ ယောကျ်ားရင့်မာကြီးဖြစ်ပြီး ဘာကြောင့် မိန်းမလိုမိန်းမရ ပုန်းလျှိုးကွယ်လျှိုး သူများပြောစကား နားထောင်ချင်ရတာလဲ၊ သိက္ခာကို မထောက် အရှက်မရှိဘူးလား၊ အောက်တန်းကျတဲ့အလုပ်ကို ဦးလေးမို့ လုပ်ဝံ့တယ်"

နန်ရောင်အား နှစ်ပြားမတန်အောင် ပြောလိုက်ခြင်းဖြစ်သည်။

သူမ၏စကား အချက်ကျလှပေသည်။

နန်ရောင် ရုတ်တရက် မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

ဝင်ချင်းချင်းအား မျက်လုံးအပြူးသားဖြင့် ကြည့်နေမိသည်။

ထိုအချိန်တွင် ဝင်ယိက ပြောလေသည်။

"အစ်ကိုနန်ရောင် ရှင်ဟာ ကျွန်မတို့သားအမိ ဝင်မိသားစု



ခြံဝင်းမှာ ဘယ်လိုနေရတယ်ဆိုတာ သိပါတယ်၊ ကျွန်မတို့ကို ငဲ့ညှာဖို့ ကောင်းပါတယ်ရှင်"

ဝင်ချင်းချင်းက ...

"အို ... မေမေကလဲ ဒီလူတွေမှာ ကြင်နာသနားတဲ့ စိတ်ရှိတယ်လို့ထင်ရင် မှားမှာပေါ့၊ ဘာကြီးဖြစ်နေနေ သူတို့ ဂရုစိုက်ကြမှာ မဟုတ်ဘူး"

ဤတွင် နန်ရောင် ဒေါသကြီးစွာဖြင့် ...

"အေး ... ဟုတ်တယ်၊ နင်တို့သားအမိကို ဘာကြောင့် သနားငဲ့ညှာရမှာလဲ"

"ဘာ ... "

"မဘာနဲ့၊ နင်တို့ဟာ ဝင်အမျိုးအနွယ်တွေ ဖြစ်ကြပေမယ့် ရန်သူဘက်က ရပ်တည်ခဲ့ကြတယ်၊ ကိုယ့်အမျိုး ကိုယ့်သိက္ခာကို မထောက်ထားဘူး၊ အသားထဲက လောက်ထွက်၊ နင်တို့ ဝင်အမျိုးလာဖြစ်တာပဲ တို့အတွက် နစ်နာလှပြီ"

သူ၏စကားအဆုံးတွင် ဝင်ချင်းချင်း ခါးကိုင်းသွားအောင်ပင် ရယ်မောလိုက်လေတော့သည်။

"ခစ် ... ခစ် ... ခစ် ... ရှင်တို့ကပဲ နစ်နာရတယ်ရှိသေး၊ ဟွန်းကဲ ... ပြောစမ်းပါ၊ ဝင်မိသားစု ခြံဝင်းမှာ လူတကာ လေးစားကြည်ညိုခံရပြီး လူကြီးလူကောင်းလို့ အများက သတ်မှတ်တဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ၊ ဂုဏ်သရေရှိ လူကြီးမင်း ဘယ်နှစ်ယောက်ရှိသလဲ၊ ပြောစမ်းပါရှင်"

နန်ရောင် ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝင်မိသားစု ခြဝင်းမှလူများကို များသောအားဖြင့် မတရားသူများဟု သတ်မှတ်ထားကြခြင်းကြောင့် ဖြစ်၏။

ဝင်ယိက နန်ရောင်ကို စိတ်ကြည့်ရင်း ...

"ငါတို့သားအမိကို သနားဖို့ကောင်းပါတယ်၊ ငါ့မှာ ယောကျ်ားမရှိသလို၊ သမီးလေးမှာလည်း အဖေမရှိရှာပါဘူး၊ ငါ့ယောကျ်ားဟာ တစ်ချိန်က နင်တို့အသက်ကယ်ခဲ့တာ မေ့နေပြီလား၊ ကျေးဇူးမတင်ရင်နေပါ၊ ကျေးဇူးတော့ မကန်းပါနဲ့၊ ငါတို့ကို အနှောင့်အယှက်မပေးချင်စမ်းပါနဲ့"

နန်ရောင် မှုံပြုံးပြုံးလိုက်လေသည်။

"ဘာ ... နင့်ယောကျ်ားက ငါ့အပေါ်မှာ ကျေးဇူးရှိတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ နင် မေ့နေပြီလား"

နန်ရောင် နှာခေါင်းရှုံ့ရင်း ...

"ဘာဆိုင်လို့လဲ၊ သူဘာကြောင့် ငါ့အသက်ကယ်ခဲ့တာလဲ၊ ငါက ကယ်နိုင်းတာလား၊ သူ့ဘာသာ သူကယ်တာလား"

"ဘာပဲဖြစ်ဖြစ်၊ သူ့ကြောင့် နင် မသေခဲ့ရဘူး၊ သေဘေးက လွတ်မြောက်ခဲ့ရတယ် မဟုတ်လား"

"မဆိုင်ဘူး၊ ကျေးဇူးတင်စရာ မလိုဘူး"

ဝင်ယိလည်း စိတ်ဆိုးသွားလေသည်။



"ကျေးဇူးမတင်ချင်လဲနေပါ၊ တို့ကို မနှောင့်ယှက်ပါနဲ့"

"နှောင့်ယှက်တာ မဟုတ်ဘူး၊ နင်တို့သားအမိ လုပ်ရပ်ကြောင့် ငါတို့ အရှက်ကွဲရလို့ ပြောနေတာ"

ဝင်ယိ ရယ်မောလိုက်သည်။

နာကြည်းခံပြင်းလွန်း၍ ရယ်မောလိုက်ခြင်း ဖြစ်ပေသည်။

"နင်တို့က ဆိုးတာကိုး၊ နင်တို့ သူ့ကို လူဆိုးလို့ ပြောချင်ကြတယ် မဟုတ်လား၊ အမှန်တော့ နင်တို့က သူ့ထက် အဆတစ်ရာလောက် ပိုပြီး ဆိုးသွမ်းခဲ့ကြပါတယ်၊ ဆိုးလွန်းလို့ နင် သေရမလိုဖြစ်ခဲ့တယ် မဟုတ်လား"

နန်ရောင် မျက်နှာပြောင်တိုက်နေပုံမှာ နံဘေးမှကြည့်သော ဝမ်စိန်ကြည်အတွက် ရင်ထဲ၌ ယားကျိကျိ ဖြစ်လာစေတော့သည်။

နန်ရောင်၏ အရေးမစိုက်သော မျက်နှာထားကြောင့် ခပ်နာနာကလေး ဆုံးမလိုက်ချင်သည်။

ပထမနေ့က သူ့အား တိုက်ခိုက်ပြီး သူကပင် အသက်ပြန်ကယ်တင်ခဲ့ရသည်ကို ကျေးဇူးတင်ခြင်း မရှိပေ။

သူ့အား လုပ်ကြံရန် နောက်တစ်ကြိမ် ကြိုးစားခဲ့သေး၏။

နန်ရောင်နှင့် ဝင်မိသားစု ခြဝင်းမှလူများ၏ စိတ်ဓာတ်ကို ဝမ်စိန်ကြည် လက်ဖျားခါရလေတော့သည်။

နန်ရောင်၏စကားသံ ထွက်ပေါ်လာသည်။

"ဟင်း ... ငါ့ကို ဆိုးတယ်ပြောပြော၊ ကောင်းတယ်ပြောပြော ငါ့စိတ်ထဲ ထင်ရာလုပ်မှာပဲ၊ တို့မိသားစု ခြဝင်းထဲက လူတွေအားလုံး

ဒီအတိုင်းပဲ မဟုတ်လား၊ စိတ်ရှိတိုင်း ထင်တိုင်းကျဲနိုင်အောင် သိုင်းပညာသင်ထားကြတာ မဟုတ်လား၊ ဘိုးဘိုးတွေကလည်း သဘောတူကြတာပဲ"

ဝင်ယိ ရွဲ့ပြောလိုက်သည်။

"အေးပေါ့ ... နင်တို့အားလုံး လူဆိုးဓားပြတွေ စိတ်ထားချင်းလည်း အတူတူပဲ"

နန်ရောင် ထခုန်လိုက်သည်။

"ဘာ ... နင်က ငါတို့ကို လူဆိုးဓားပြတွေလို့ ပြောတယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"ဒီလိုဆိုရင် ဘိုးဘိုးတွေလည်း ပါတာပေါ့၊ ဝင်ယိ နင်အပြစ်ပေးခံရမှာ မကြောက်ဘူးလား"

ဝင်ယိ ခေါင်းခါယမ်းလိုက်သည်။

"ငါ့ဘဝ မထူးဘူး၊ အမှန်အတိုင်းပြောတာ ဘာဖြစ်သလဲ၊ အပြစ်ပေးရုံမကဘူး၊ သတ်ပစ်ချင်ရင်လည်း သတ်ပစ်နိုင်တယ်၊ ငါ မကြောက်ဘူး မှတ်ထားပါ"

သူမ၏ ရဲဝံ့သော စကားကြားရလျှင် နန်ရောင် အနည်းငယ် တွန့်သွားသည်။

ဝမ်စိန်ကြည်် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေရာမှ စိတ်ဝင်စားလာသဖြင့် ကြားဝင်မေးလိုက်မိသည်။



"ဒေါ်ဒေါ် ရွှေမြွေသိုင်းသမားနဲ့ ဝင်မိသားခြံဝင်းကလူတွေဟာ မတည့်ကြဘူးဆိုတာ အမှန်ပဲလားဟင်၊ ဘာကြောင့် မတည့်ကြတာလဲဆိုတာ သိခွင့်ရှိရင် ကျွန်တော် သိပါရစေဗျာ"

ဝင်ယိ ခေါင်းညိတ်လိုက်သည်။

"အို ... သိရမှာပေါ့၊ သူ သေသွားပြီဆိုတော့ ပြောပြဖို့လည်း အကြောင်းမထူးတော့ပါဘူး၊ ပြီးတော့ မင်းကသူ့ကို အေးအေးချမ်းချမ်း ခေါင်းချနိုင်အောင် ဆောင်ရွက်ပေးခဲ့တာပဲ၊ အင်း ... သူနဲ့ပတ်သက်ခဲ့တဲ့ ကိစ္စကိုတော့ သူကိုယ်တိုင် ပြောပြနိုင်းတာပဲ ကောင်းမယ်"

ပြောရင်း နန်ရောင်ကို လှမ်းကြည့်လိုက်လေသည်။

နန်ရောင်က အခက်ကြုံနေပါသည်။

ဝမ်စိန်ကြည်၏ သိုင်းပညာနက်ရှိုင်းပုံကို သူသိပြီး ဖြစ်သည်။ ထို့ကြောင့် ဝမ်စိန်ကြည်ကို လွန်စွာ ကြောက်လန့်နေ၏။

ဝင်ယိစကား မြားဦးလှည့်လာသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရတော့သည်။

ဝမ်စိန်ကြည်က သူ့အားကြည့်နေသည်ကို တွေ့ရလျှင် ကပျာကယာ ပြောလိုက်၏။

"ဝင်ယိ ငါက ဘာပြောရမှာလဲ၊ နင် မရှက်ဘူးလား၊ ဝင်မိသားစု အကြီးအကျယ် အရှက်ရအောင် နင်လုပ်ခဲ့တယ်ဆိုတာ မေ့နေပြီလား၊ ငါပြောပြလို့ ဖြစ်မလား"

ဝင်ယိမပြောခင် ဝင်ချင်းချင်းက ပြောလိုက်လေသည်။

"လာပြန်ပြီလား ဒီစကား၊ ရှင်တို့က ရှက်စရာကောင်းအောင် လုပ်ခဲ့တာလား၊ မေမေက လုပ်တာလား၊ သေသေချာချာ စဉ်းစားပြီးမှ ပြောစမ်းပါရှင်"

"ချင်းချင်း တိတ်တိတ်နေစမ်း"

ဝင်ယိ ဟန့်တားလိုက်လေသည်။

နန်ရောင်၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ဝင်ချင်းချင်းနှင့် ဝင်ယိတို့အား ရွဲ့မှန်းစွာကြည့်ရင်း ...

"ကောင်းပြီ ... နင်တို့ မရှက်ဘူးဆိုရင် ငါပြောပြမယ်၊ အဲဒီတုန်းက ငါဟာ အသက် (၂၁)နှစ်ပဲ ရှိသေးတယ်၊ သိုင်းပညာအခြေခံအဆင့်ထက်သာအောင် တတ်နေပြီ၊ ဒါကြောင့် သိုင်းလောကထဲကို သွားချင်တယ်၊ ရှေ့ကသွားကြတဲ့ တို့ ဝင်မိသားစုက လူစွန့်စားတွေလို ဆောင်ရွက်ချင်တယ်၊ ဒါကြောင့် ပူဆာခဲ့တယ်၊ တစ်နေ့မှာတော့ ငါတို့မြို့ထဲထွက်ဖို့ အကြောင်းဖန်လာတယ်၊ အမှတ်ခြောက်ဦးလေးဟာ ကိစ္စကြီးတစ်ခုကို လုပ်နေလို့ အကူအညီလိုတယ်၊ ဖေဖေဟာ ငါ့ကိုခေါ်ပြီး အမှတ်ခြောက်ဦးလေးကို ကူညီဖို့ လိုက်သွားခိုင်းတယ်၊ ငါ့ဆန္ဒ ပြည့်ဝသွားတာပေါ့"

နန်ရောင်နှင့် ဝင်ယိတို့သည် မောင်နှမ ဝမ်းကွဲများ ဖြစ်ကြ၏။

ဝင်အဘိုးအို ငါးယောက်သာ ရှိသည်ဟု ဝမ်စိန်ကြည် ထင်မှတ်ထားရာမှ အမှတ်ခြောက်ဦးလေး ဆိုသည့်အတွက် နောက်ထပ်တစ်ယောက် တိုးလာကြောင်း သိလိုက်ရလေသည်။



ထို့ကြောင့် စိတ်ဝင်စားစွာဖြင့် နန်ရောင်စကားကို နားထောင်နေလိုက်တော့သည်။

✤ ✤ ✤

အသက် (၂၁)နှစ်သာရှိသေးသော လူရွယ်ကလေး ဝင်နန်ရောင်မှာ ဝင်မိသားစု ခြံဝင်းမှ ပထမဆုံးအကြိမ် ထွက်လာခွင့်ရသဖြင့် လွန်စွာ ပျော်ရွှင်နေမိတော့၏။

အပျံသင်စငှက်လို လူ့လောကထဲ လည်ပတ်ချင်သည်။

ဖခင်ဖြစ်သူ ဝင်မိန်အိနှင့် ဝင်မိသားစုမှ ဆဋ္ဌမမြောက် အဘိုးဖြစ်သော 'ဝင်မိန်ချို'ကို သွားတွေ့ကြခြင်း ဖြစ်သည်။

'ဝင်မိန်ချို'သည် အလုပ်ကြီးတစ်ခုလုပ်ကာ ခြေမနိုင်လက်မနိုင် ဖြစ်နေ၍ အကူအညီ တောင်းခံခဲ့ခြင်း ဖြစ်ပေသည်။

သူတို့ ချိန်းထားသည့်အတိုင်း မြို့ကလေးမြို့သို့ ရောက်ရှိသွားကြသည်။

သို့သော် ချိန်းထားသည့်နေရာတွင် ဝင်မိန်ချိုကို မတွေ့ရပါချေ။ ဝင်မိန်အိက သတင်းစုံစမ်းရင်း လိုက်ရှာနေသည့်အတွက် ဝင်နန်ရောင်အတွက် အားလပ်ချိန်လည်ပတ်ခွင့် ရရှိသွားသည်။

ဝင်နန်ရောင်သည် လူငယ်လူရွယ်ပီပီ တစ်ချိန်လုံး မြို့ထဲလှည့်ပတ်သွားလာရင်း လည်ပတ်ခဲ့လေတော့သည်။

ထိုသို့ လှည့်ပတ်လာရင်း အမှတ်မထင် မင်းလမ်းမ၏နံဘေးရှိ အိမ်တစ်လုံးမှ မိန်းကလေးတစ်ယောက်အား တွေ့မြင်သွားသည်။

ထိုမိန်းကလေးမှာ ပြတင်းပေါက်မှရပ်ကာ အပြင်သို့ ငေးမော ကြည့်နေ၏။

အလွန် ချောမောလှပသူလေးဖြစ်ရဲ့ ဝင်နန့်ရောင် ချက်ချင်း စိတ်ဝင်စားသွားလေသည်။

"လှလိုက်တဲ့ မိန်းကလေး၊ ငါ သူ့ကို သဘောကျတယ်၊ ဘယ်လိုလုပ်ရမလဲဟင်၊ ဟင်း … ငါ သိုင်းပညာတတ်တာပဲ၊ ငါလို ချင်တာ မရရအောင် ယူနိုင်ရမှာပေါ့"

ဟူ၍ လွဲမှားသော အယူအဆရှိသူပီပီ သိုင်းပညာအားကိုးဖြင့် မိန်းကလေးဆီသို့ ချက်ချင်း ပြေးလွှားသွားတော့သည်။

အိမ်ပေါက်ဝမှ တံခါးခေါက်လိုက်လျှင် သူမြင်တွေ့ခဲ့ရသော မိန်းကလေးက တံခါးလာဖွင့်ပေးသည်။

"ဘာကိစ္စ ရှိလို့ပါလဲရှင်၊ ဘယ်သူနဲ့ တွေ့ချင်ပါသလဲ"

ဝင်နန်ရောင်၏မျက်နှာ ပြုံးဖြီးဖြီး ဖြစ်သွားသည်။

"ဟား … ဟား … ဟား … ကျုပ်က မင်းကိုတွေ့ချင်လို့ လာတာပဲ"

"ရှင် …"

"မင်းကို တွေ့ချင်လို့ကွ၊ သဘောကျလို့"

"ရှင် ဘယ်သူလဲ၊ ရှင့်ကို ကျွန်မ မသိပါလား"

မိန်းကလေး ကြောက်ရွံ့ထိတ်လန့်စွာ ပြော၏။

ဝင်နန်ရောင် အိမ်ထဲသို့ လှမ်းဝင်ရင်း …



"ဟား … ဟား … ဟား … မင်းသိပ်လှတယ်၊ ဒါကြောင့် မင်း ကို ငါ အလိုရှိတယ်"

"ရှင် … ရှင်ဟာ လူယုတ်မာ ထွက်သွား"

မိန်းကလေးက သူ့အား တွန်းထုတ်လိုက်သည်။

တံခါးပြန်ပိတ်ရန် ကြိုးစားသည်။

သို့သော် ဝင်နန်ရောင်က သူမအား ဆောင့်တွန်းလိုက်ပြီး အထဲဝင်သွားသည်။

အားချင်း မမျှ၍ မိန်းကလေး လဲကျသွား၏။

ဝန်နန်ရောင်လည်း တံခါးပြန်ပိတ်ကာ မိန်းကလေးကို နိုင်ထက်စီးနင်းပြုရန် ကြံရွယ်လေတော့သည်။

မိန်းကလေးလည်း လွန်စွာကြောက်ရွံ့သွားပြီး ပတ်ဝန်းကျင်ကို အော်ဟစ်ကာ အကူအညီ တောင်းလေတော့သည်။

အတင်း ရုန်းကန်ပြီး အသံကုန်အော်၏။

ဝင်နန်ရောင်၏အလိုကို လုံးဝ မလိုက်လျောချေ။

ဝင်နန်ရောင်လည်း ဒေါသထွက်လာ၏။

ထိုအချိန်မှာပင် …

"ဟေ့ … ဟေ့ … ဘာလုပ်တာလဲ"

"ဓားပြဗျို့ … ဓားပြဗျို့ … လာကြပါဦး"

"ဝိုင်းကြဟေ့ … ဖမ်းကြဟေ့ …"

ဟူသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ပတ်ဝန်းကျင်မှ လူများ ရောက်လာပြီး အိမ်တံခါးကို ရိုက်ချိုးဖွင့်ကြသည်။

ပြတင်းပေါက်များ ခွဲဝင်လာကြသည်။

အိမ်ထဲရောက်လျှင် ဝင်နန်ရောင်ကို ဝိုင်းဝန်း ရိုက်နှက်ကြလေသည်။

ဝင်နန်ရောင်မှာ အတွေ့အကြုံမရှိသေးသူ ဖြစ်သည်။

ရုတ်တရက် အိမ်နီးပါးချင်းနှင့် မိန်းကလေး၏ မိသားစု ရောက်ရှိလာသည်ကို တွေ့ရလျှင် ဒေါပွသွားကြသည်။

သူ့ထံ ဝိုင်းလာကြသူများကို သိုင်းပညာအားကိုးဖြင့် ထိုးကြိတ်ကန်ကျောက်ပစ်သည်။

တစ်ဖန် သူ အလိုရှိသည်ကို လွယ်လွယ်နှင့် မရကောင်းလားဟု ဒေါသထွက်ကာ ...

"သေကြစမ်း ..."

ဟု အော်ငေါက်ပြီး ခါးမှဓားကိုဆွဲကာ တရစပ် တိုက်ခိုက်တော့သည်။

မြို့ခံလူများသည် သိုင်းလောကနှင့် မပတ်သက်သော လူရိုးလူအေးများသာ ဖြစ်ကြပါသည်။

ဝင်နန်ရောင် ဓားထုတ် တိုက်ခိုက်လိုက်သည်နှင့် ...

"အား ..."

"အမယ်လေး ..."



"သေပါပြီရှင့် ..."

စူးရှသော အော်သံများ ထွက်ပေါ်လာ၏။

မိန်းကလေးအပါအဝင် လူသုံးယောက် ဓားချက်ထိကာ ကြမ်းပြင်ပေါ် လဲကျပြီး သေသွားကြတော့သည်။

ရက်ရက်စက်စက် တိုက်ခိုက်ပြီးမှ ခြေလွန်လက်လွန် ဖြစ်သွားကြောင်း ဝင်နန်ရောင် တွေးမိ၏။

သူကိုယ်တိုင်လည်း ထိတ်လန့်လာသည်။

ထို့ကြောင့် ဝိုင်းရံလာသော လူအုပ်ကို ထိုးဖောက်ကာ ထွက်ပြေးရန် ကြိုးစားလေသည်။

ဝိုင်းထားသူများသည် လူသုံးယောက် သေဆုံးသွားသော်လည်း ကြောက်ရွံ့ခြင်း မရှိဘဲ ရရာလက်နက်များဆွဲကိုင်ကာ ရှေ့တိုးလာကြလေသည်။

ကြောက်ရမည့်အစား ဒေါသပေါက်ကွဲလာကြခြင်း ဖြစ်ပေသည်။ အချို့က အကြောင်းကြားသဖြင့် ရဲမက်များလည်း ချက်ချင်း ရောက်ရှိလာလေသည်။

ဝင်နန်ရောင် သိုင်းပညာအားကိုးဖြင့် ထိုးဖောက်ထွက်ပြေးရန် ကြိုးစားသော်လည်း အများနှင့်တစ်ယောက် မယှဉ်သာချေ။

နောက်ဆုံးတွင် ရဲမက်များလက်သို့ သက်ဆင်းခဲ့ရလေသည်။

✤ ✤ ✤

နန်ရောင်က သူ၏အဖြစ်အပျက်ကို အရှက်မရှိ ပြောပြနေသော ကြောင့် ဝမ်စိန်ကြည် အံ့ဩသွားရသည်။

နန်ရောင်ကား ယင်းအဖြစ်အပျက်တွင် သူ့၌ အပြစ်မရှိသလို ပင်။

သိုင်းပညာအားကိုးဖြင့် စိတ်ထင်ရာစိုင်းကာ မတရားမှု ပြု လုပ်ခြင်းကို ထမင်းစားရေသောက် လုပ်ရိုးလုပ်စဥ် အလုပ်တစ်ခုဟု သဘောထားနေသလား မပြောတတ်ချေ။

ဝင်နန်ရောင်ကို ကြည့်ကာ ဝင်မိသားစု ခြံဝင်းမှ လူများ၏ စိတ်နေသဘောထားကို တဖြည်းဖြည်း အကဲခတ် ရိပ်မိလာတော့၏။

ထိုစဥ် ဝင်ချင်းချင်းက ပြောလိုက်သည်။

"ဟွန်း … လူယုတ်မာတွေရဲ့ စိတ်ထားပဲ၊ မိန်းမတစ်ယောက် ကို မြင်ပြီး လိုချင်တာနဲ့ အကြမ်းဖက်တယ်၊ မိန်းကလေးက မလိုက် လျောတော့ သတ်ပစ်တယ်၊ ဦးလေး စိတ်မှကောင်းသေးရဲ့လား၊ ရူးများ ရူးနေပြီလား"

ထိုစကားကြောင့် ဝမ်စိန်ကြည် ပြုံးလိုက်သည်။

နန်ရောင်မှာမူ ဒေါသချောင်းချောင်း ထွက်သွားသည်။

ဝင်ချင်းချင်းကို မျက်လုံးပြူး၍ ကြည့်ကာ …

"ဝင်ချင်း … နင် … နင်"

ဝင်နန်ရောင်သည် ဝင်ချင်းချင်းအား ရိုက်မောင်းပုတ်မောင်း လုပ်ရန် ဟန်ပြင်လိုက်သည်။



သို့သော် သူ့အား ရွံ့ရှာမုန်းတီးစွာ ကြည့်နေသော ဝမ်စိန် ကြည်၏အကြည့်ကို တွေ့သွားပြီး ကိုယ်ရှိန်သတ်နေလိုက်သည်။

မည်သို့ဆိုစေ၊ မကျေမနပ်စကားတော့ ဆိုလိုက်ပါသေးသည်။

"ယောကျ်ားပဲ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ရှက်စရာ မလိုပါဘူး၊ ငါက မိန်းကလေးတစ်ယောက်ကို တွေ့တာနဲ့ နှစ်သက်သဘောကျ တယ်၊ အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ ကြိုက်တာနဲ့ ဒီလို လုပ်ရသလား"

"ဟွန်း … ငါက သိမ်းပိုက်ဖို့ကြံတာ၊ သူက ဘာကြောင့် မလိုက်လျောသလဲ၊ ငါ့ကို ခုခံရိုက်ပုတ်လို့ သတ်ပစ်လိုက်တာ ငါ့ အပြစ်လား"

ဝင်ချင်းချင်း တခစ်ခစ် ရယ်မောလိုက်သည်။

ဝင်ယိက ကြားဝင်ဟန့်တားလိုက်၏။

"သမီး ဝင်မရှုပ်နဲ့၊ သူ ပြောစရာရှိတာ ပြောပါစေ"

ဝင်ချင်းချင်း ငြိမ်ကျသွားသည်။

ဝင်နန်ရောင်က ဝမ်စိန်ကြည်ကို တစ်ချက်ကြည့်ပြီးမှ ဆက် ပြောသည်။

"ရဲမက်တွေက ငါ့ကို ဖမ်းသွားပြီး အကျဥ်းချထားလိုက်ကြ တယ်၊ ငါ မမှုပါဘူး၊ ငါ့အဖေနဲ့ ငါ့ဦးလေး ရှိသေးတာပဲ၊ သူတို့ သိသွားရင် ချက်ချင်း လာကယ်ကြမှာ၊ သူတို့က လူကယ်တာလောက် တော့ အပျော့ပေါ့"

ဝမ်စိန်ကြည် သက်ပြင်းချမိသည်။

ရက်စက်ယုတ်မာသော လုပ်ရပ်ကြောင့် ဖမ်းချုပ်ခံနေရသည်ကိုပင် အရေးမစိုက်ဘဲ လာကယ်မည့်သူကို စောင့်မျှော်နေသည်။

ကယ်မည့်သူကလည်း တရားမျှတခြင်း ရှိ မရှိကို မစဉ်းစားဘဲ တရားဥပဒေကို ချိုးဖောက်ကာ ကယ်တင်လိမ့်မည် မလွဲကြောင်း တွက်ဆမိလေသည်။

ဝင်နန်ရောင်၏ စကားသံ ထွက်ပေါ်လာသည်။

"ဒီလိုနဲ့ ဆယ်ရက်လောက်သာ အချိန်ကုန်သွားတယ်၊ ကယ်မယ့်လူ ပေါ်မလာဘူး၊ ငါလည်း စောင့်ရင်း စောင့်ရင်း စိတ်ဓာတ်ကျလာတယ်၊ အဲဒီအချိန်မှာ ရဲမက်တွေက ငါ့ကို စားကောင်းသောက်ဖွယ်တွေ လာပေးကြတယ်၊ ငါ့ဦးလေးနဲ့ဖေဖေက ငါ့ကိုကယ်ဖို့ အကွက်ဆင်ပြီ ထင်မိတာနဲ့ ဝမ်းသာသွားတာပေါ့၊ အားလုံး တက်တက်စင်ပြောင်အောင် စားပစ်လိုက်တယ်၊ အဲ ... ဒါပေမယ့် ရဲမက်တွေပြောတဲ့စကားလည်း ကြားရော ငါလည်း ချက်ချင်း ထိုးအန်မိတော့တာပဲ"

ပြောရင်း မောသွားဟန်ဖြင့် နားလိုက်သည်။ ဝင်ချင်းချင်းက မနေနိုင်ဘဲ မေးလိုက်သည်။

"ရဲမက်တွေက ဘာပြောလို့လဲ"

ဝင်နန်ရောင် ပခုံးတွန့်ကာ ...

"ဘာပြောရမလဲ၊ သူတို့က ငါ့ကို မြို့တော်ဝန်က သေဒဏ်အမိန့် ချလိုက်တယ်၊ ဒါကြောင့် မနက်ဖြန်မနက် မိုးလင်းတာနဲ့ ကွပ်မျက်ပစ်မှာမို့ နောက်ဆုံးအနေနဲ့ စားကောင်းသောက်ဖွယ်တွေ ကျွေးတာလို့ ပြောကြတာပေါ့"

ဝင်ချင်းချင်း ရယ်မောလိုက်ပြီး ...

"ဦးလေးကလည်း နောက်ဆုံးအနေနဲ့ စားရတာ၊ အဝစားပေါ့၊ ဘာဖြစ်လို့ စားပြီးသားကို အန်ထုတ်ပစ်ရတာလဲ၊ နမျောစရာကြီး"

ဝင်နန်ရောင် မကျေမနပ် ဖြစ်သွားသည်။ ဝင်ချင်းချင်းကို တစ်ချက်ကြည့်ပြီး ဆက်ပြောပြန်သည်။

"ငါ့ကို သေဒဏ်ပေးတော့မယ်ဆိုတာလဲသိရော ငါလည်း သိပ်ကြောက်သွားမိတယ်၊ တစ်ညလုံး အိပ်မပျော်တော့ဘူး၊ ငါ့ကို ကြည့်ပြီး ရဲမက်တွေ ရယ်နေကြတယ်၊ ငါ သူတို့ကို ဒေါသမဖြစ်အားတော့ဘူး၊ ကွပ်မျက်ခံရမယ် ဆိုတာကိုသိလို့ အကြောက်ကြီးကြောက်နေပြီ"

ဝင်ချင်းချင်း အူနှိပ်ပြီး ရယ်မောတော့သည်။

"ခစ် ... ခစ် ... ခစ် ... ဦးလေးက သေရမှာ ကြောက်တယ်ဟုတ်လား၊ ယောက်ျားပဲ၊ လုပ်ရဲရင် ခံရဲရမယ်ဆို၊ ကျွန်မတော့ ဦးလေးကြောက်လန့်သွားမယ် မထင်မိပါဘူးရှင်"

ဝင်နန်ရောင်၏မျက်နှာ ရှုံ့ရဲသွားသည်။ သို့သော် ဂရုမစိုက်ဘဲ ဆက်ပြောလေသည်။

"မနက်ဆိုရင် အသတ်ခံရတော့မှာမို့ ငါ အိပ်မပျော်တော့ဘူး၊

တစ်ညလုံး ထိုင်ငိုင်နေတယ်၊ အဲ ... သန်းခေါင်ကျော်မှ မှေးခနဲ အိပ်ပျော်သွားတယ်၊ ဒီအချိန်မှာ မမျှော်လင့်ဘဲ သူ ရောက်လာခဲ့တာ ငါ မှတ်မိတာပေါ့"

✤ ✤ ✤

ည ... ။

ကောင်းကင်ပေါ်တွင် လခြမ်းပဲ့ကလေးသာ ရှိသည်။

လရောင်သည် နက်ရှိုင်းသော အဝှမ်းထုကို ထိုးဖောက်နိုင်စွမ်း မရှိ။ မှုန်ဝါးဝါးကလေး ဖြစ်နေသည်။

အချုပ်ခန်းပတ်ဝန်းကျင်တွင် မည်းမှောင်နေ၏။

ညဉ့်သန်းခေါင်ကျော်ပြီမို့ အစောင့်များလည်း အိပ်မောကျနေပြီ ဖြစ်လေသည်။

ထိုအချိန်တွင် အချုပ်ခန်းအနီးသို့ လူရိပ်တစ်ခု တိုးကပ်လာလေသည်။

အစောင့်များကို သေးကြောပိတ်ပြီး သော့တွဲကိုယူလိုက်သည်။

ထို့နောက် ဝင်နန်ရောင်၏ အခန်းတံခါးကို ဖွင့်လိုက်သည်။

အိပ်ပျော်နေသော ဝင်နန်ရောင်ကို ပုတ်နိုးလိုက်သည်။

ဝင်နန်ရောင် လန့်နိုးလာသောအခါ အချုပ်ခန်းအတွင်းသို့ လူစိမ်းတစ်ယောက် ရောက်နေသည်ကို တွေ့ရလေသည်။

ဝင်နန်ရောင်လည်း ထိတ်လန့်ကာ အော်ဟစ်ရန် ကြံရွယ်လိုက်လေတော့သည်။



ထိုလူက သူ၏ပါးစပ်ကို လက်ဖြင့်လှမ်းပိတ်လိုက်ပြီး ...

"အသံမထွက်နဲ့၊ ကျုပ် ခင်ဗျားကိုကယ်ဖို့ ရောက်လာတာ"

ထိုစကားကို ကြားလိုက်ရလျှင် ဝင်နန်ရောင် လွန်စွာ ဝမ်းသာသွားလေသည်။

ဆင့်မဦးလေး မလာနိုင်သည့်အတွက် လူလွှတ်လိုက်သည်ဟု ထင်မိသည်။

ထိုလူသည် အသင့်ပါလာသောဓားဖြင့် ဝင်နန်ရောင်၏ လက်နှင့်ခြေတွင် ခတ်ထားသော လက်ထိပ်များနှင့် သံကြိုးများကို ခုတ်ပစ်လိုက်သည်။

အလွန်ထက်သော ဓားတစ်လက်ဖြစ်ရာ များများစားစား အားမစိုက်ရဘဲ ပြတ်ထွက်သွား၏။

ဝင်နန်ရောင်စိတ်ထဲ အံ့အားသင့်သွားမိသည်။

သို့သော် အသက်ဘေးမှ လွတ်မြောက်တော့မည်ဖြစ်ရာ ဝမ်းသာပြီး ထိုလူနှင့် အချုပ်ခန်းထဲမှ ထွက်လာခဲ့ကြလေသည်။

အပြင်သို့ရောက်လျှင် ထိုလူသည် ဝင်နန်ရောင်၏လက်တစ်ဖက်ကိုဆွဲကာ လျင်မြန်စွာ ပြေးသွား၏။

ဝင်နန်ရောင် ကိုယ်ဖော့ပညာတော်သော်လည်း ထိုလူ၏ ကိုယ်ဖော့ပညာကို မချီးကျူးဘဲ မနေနိုင်ပါချေ။

ထိုလူ ဆွဲပြေးသဖြင့် သူက ကိုယ်ဖော့ပြီး လိုက်သွားရုံရှိရာ ခပ်ဝေးဝေးသို့ ရောက်သော်လည်း အားမကုန်ခဲ့ချေ။

ထိုလူသည် လူတစ်ယောက်ကို ဆွဲပြေးရသော်လည်း မောပန်းဟန် မတွေ့ရချေ။

ကိုယ့်ဖော့ပညာသာမက အတွင်းအားလည်း အလွန်ကောင်းသူဖြစ်ကြောင်း သိနိုင်လေသည်။

သူတို့နှစ်ယောက် မြို့ပြင်သို့ ထွက်ပြေးလာကြပြီး လမ်းဘေးတွင် တွေ့ရသော ဇရပ်ပျက်တစ်ခုသို့ဝင်ကာ အနားယူကြလေသည်။

ဇရပ်ပျက်သို့ရောက်ပြီး နားကြသောအခါမှ ဝင်နန်ရောင်က ထိုလူကို သေသေချာချာ ကြည့်မိလေသည်။

ရုပ်ရည်ချောမောခန့်ညားပြီး မိန်းကလေးများ ကျလောက်သည့် ရုပ်ရည်ပိုင်ရှင်မျိုးဖြစ်ကြောင်း တွေ့ရ၏။

သူကိုင်ဆောင်ထားသော ဓားမှာ ရွှေရောင်တဝင်းဝင်း တောက်ပြောင်နေပြီး မြွေတစ်ကောင်ပမာ တွန့်လိမ် ကောက်ကွေးလျက်ရှိ သည်ကို တွေ့ရ၏။

လူရွယ်၏မျက်နှာမှာ တည်ကြည်ပြီး မာနကြီးပုံ ရလေ၏။

တိတိကျကျ ပြတ်ပြတ်သားသား လုပ်တတ်ပြီး တစ်ခါတစ်ရံ ရက်စက်ကြမ်းကြုတ်မည့် အသွင်သဏ္ဍာန်ရှိကြောင်း ဝင်နန်ရောင် အကဲခတ်မိလေသည်။

ထိုလူရွယ်သည် ဆင္ဂမဦးလေးနှင့် ပတ်သက်နေမည်ဟု ယုံကြည်ပြီး အရိုအသေပြုကာ ကျေးဇူးတင်စကား ပြောလေသည်။

"ကျွန်တော့်အသက်ကို သေတွင်းထဲက ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"



လူရွယ်က လက်ကာပြလိုက်သည်။

အေးတိအေးစက်ဖြင့် ပြန်ပြောလေသည်။

"ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူး၊ နောင် မင်း ကျုပ်ကို ကျေးဇူးတင်တော့မှာ မဟုတ်ဘူး၊ မင်းဟာ ဝင်မိသားစု ခြံဝင်းထဲက မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အေး ... ကျုပ်က မင်းကို မင်းဦးလေးကြောင့် ကယ်ခဲ့တာ"

"ခင်ဗျားက ကျုပ်ဦးလေးနဲ့ ပတ်သက်နေသလား"

"အေး ... ဟုတ်တယ်"

"ခင်ဗျားနာမည် ပြောပြပါလားဗျာ၊ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ဟာ ဘယ်သူဘယ်ဝါ ဆိုတာကိုတော့ သိထားသင့်တယ် မဟုတ်လား"

သူ၏စကား ကြားရလျှင် လူရွယ်သည် တဟားဟား အော်ဟစ်ရယ်မောလိုက်လေသည်။

ဝင်နန်ရောင် သူ့အား ကြောင်စီစီဖြင့် ငေးကြည့်နေမိသည်။

လူရွယ်သည် အတန်ကြာအောင် ရယ်မောပြီးမှ နန်ရောင်ကို စိမ်းစိမ်းကြည့်လိုက်ပြီး ထူးခြားသောလေသံဖြင့် ...

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မင်း အခုလောလောဆယ် သိစရာ မလိုသေးဘူး၊ ကျုပ်ပြောတဲ့အတိုင်း ကျုပ်အကြောင်းကို သိလာတဲ့အချိန်မှာ မင်းကိုကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးကိုမေ့ပြီး ကျုပ်

ကို ရန်သူလို့ ထင်လာဦးမှာပါ၊ ကဲ ... လာ အချိန်မရှိဘူး၊ ကျုပ်နောက်ကို လိုက်ခဲ့"

ပြောပြောဆိုဆို ဇရပ်ပျက်အတွင်းမှထွက်ရန် ဟန်ပြင်လေ၏။

ဝင်နန်ရောင်မှာ သူ၏စကားကို နားမလည်နိုင်ဘဲ ငေးငိုင်နေလေသည်။

လူရှယ်က ခပ်လောလော ပြောသည်။

"ဘာငိုင်နေတာလဲ၊ အခုလောက်ဆို ခင်ဗျား ထွက်ပြေးသွားရတာ ရဲမက်တွေသိသွားလောက်ပြီ၊ မြို့ထဲမှာလိုက်ရှာနေတောပေါ့၊ မြို့ထဲမှာ မတွေ့ရင် မြို့ပြင်ကို လိုက်လာကြလိမ့်မယ်ဆိုတာ မစဉ်းစားမိဘူးလား"

ဝင်နန်ရောင် မငိုင်ရဲတော့ချေ။

ချက်ချင်း ခုန်ထပြီး လူရှယ်နောက်သို့ လိုက်သွား၏။

မကြာပါချေ။ သူတို့နှစ်ယောက် မြစ်ဆိပ်တစ်ခုသို့ ရောက်ရှိသွားကြတော့သည်။

✤ ✤ ✤

မြစ်ဆိပ်တွင် လှေငယ်ကလေးတစ်စီး ဆိုက်ကပ်ထားသည်။

လူရှယ်ရောက်လာသည်ကို တွေ့ရလျှင် လှေသမားများ ပျာပျာငှာငှာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ကြောင့် လူရှယ်ကြိုတင် ငှားရမ်းထားသော လှေဖြစ်ရမည်ဟု နန်ရောင် နားလည်မိသည်။



လူရှယ်က နန်ရောင်ကို လှေပေါ်သို့ တက်စေသည်။

လှေပေါ်တွင် ကြီးမားသော သေတ္တာကြီးတစ်လုံး ရှိနေပါသည်။

နန်ရောင် လှေပေါ်ထိုင်ချမိလျှင် လူရှယ်က ယင်းသေတ္တာကြီးကို လက်ဝါးနှင့် ဖြန်းခနဲမြည်အောင် ပုတ်လိုက်ပြီး ...

"ခင်ဗျားကို အိမ်ပြန်ပို့မယ်၊ ဒီလှေနဲ့ ခင်ဗျား အိမ်ပြန်ရလိမ့်မယ်"

နန်ရောင် မျက်မှောင်ကြုတ်သွားသည်။

သူ့အား ဆဋ္ဌမဦးလေးထံ ခေါ်ဆောင်သွားမည်ဟု ထင်နေမိလေသည်။

သူ့အား စကားပြောသော လူရှယ်၏လေသံတွင် မနှစ်မြို့သော အရိပ်အယောင်များ ပါဝင်နေသည်။

အကြည့်များမှာလည်း အေးတိအေးစက် ဖြစ်နေသည်။

လူသတ်လိုသည့် အရိပ်အငွေ့များလည်း ပါဝင်နေကြောင်း ဝင်နန်ရောင် ရိပ်စားမိသည်။

လူရှယ်ကိုကြည့်ရင်း အလိုလို ကျောချမ်းလာသည်။

ထိုစဉ် လူရှယ် အိတ်ထဲမှ လက်နက်ပုန်းနှစ်ခု နှိုက်ယူလိုက်သည်။ ယင်း လက်နက်ပုန်းကလေးများမှာ ပိုးဖလံကောင်၏ ပုံသဏ္ဌာန် သံမဏိဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပေသည်။

မြင်လျှင်မြင်ချင်း ဆဋ္ဌမဦးလေး၏ ကိုယ်ပိုင်ပစ္စည်းဖြစ်ကြောင်း နန်ရောင် သိလိုက်၏။

ဆဋ္ဌမဦးလေးသည် လက်နက်ပုန်းကလေးများကို လွန်စွာ ခင်တွယ်ပြီး ကိုယ်နှင့်မကွာထားသူ ဖြစ်သည်။

လူရွယ်၏လက်ထဲသို့ အဘယ်ကြောင့် ရောက်နေရပါသနည်း။

နန်ရောင် မနေနိုင်ဘဲ မေးကြည့်မိလိုက်လေသည်။

"ဒီလက်နက်ပုန်းကလေးတွေဟာ ကျုပ်ဦးလေးရဲ့ ပစ္စည်းတွေဆိုတာ ကျုပ်သိပါတယ်၊ ခင်ဗျားလက်ထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲဗျ"

သူ၏ အမေးစကားကြားရလျှင် လူရွယ် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

သူ၏ ရယ်မောသံ စူးရှလှ၍ နားကွဲသွားမလားဟုပင် ထင်ရပေသည်။

အတန်ကြာ ရယ်မောပြီးမှ ...

"ခင်ဗျား ဦးလေးနဲ့ကျုပ်ဟာ အလွန်ခင်မင် ရင်းနှီးတဲ့လူတွေပါ၊ ကျုပ်ပစ္စည်း သူ့ဆီကိုရောက်နေသလို သူ့ပစ္စည်းလည်း ကျုပ်ဆီ ရောက်နေတတ်ပါတယ်၊ ဒါ မဆန်းပါဘူး၊ ကဲ ... ထားလိုက်ပါတော့လေ၊ ကျုပ် ခင်ဗျားကို ပြောစရာရှိသေးတယ်"

နန်ရောင်သည် လူရွယ်၏ရုပ်သွင်ကိုကြည့်ပြီး အလိုလို ထိတ်လန့်လာလေသည်။

လူရွယ်၏ ပုံသဏ္ဌာန်မှာ အတွင်းစိတ်မည်သို့ရှိကြောင်း တိတိကျကျ အကဲခတ်မရနိုင်အောင် ခက်ခဲပေသည်။



သို့သော် တိတိကျကျ သိနိုင်သည်မှာ တစ်ခါတစ်ရံ လူသတ်လိုသည့် အရိပ်အယောင်များ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်ပေသည်။

"ဘာများ ပြောမလို့လဲဗျ"

"မင်းဦးလေးရဲ့ အကူအညီတောင်းမှုကြောင့် ဝင်မိသားစု ခြံဝင်းကို သေတ္တာကြီးတစ်လုံး ပို့ပေးစရာ ရှိတယ်၊ ကျုပ်ကလည်း ကိစ္စရှိလို့ ကိုယ်တိုင် သွားမပေးနိုင်ဘူး၊ ဒါကြောင့် မင်း တာဝန်ယူရလိမ့်မယ်"

လှေထဲမှ သေတ္တာကြီးကို နန်ရောင် ကြည့်လိုက်မိသည်။

သေတ္တာမှာ အတော်ကလေး ကြီးမားပြီး သံပြားများအုပ်ကာ ခိုင်ခိုင်ခံ့ခံ့ ပြုလုပ်ထားသည်။

နန်ရောင် တွေးမိသည်မှာ ဆဋ္ဌမဦးလေးသည် ကိစ္စကြီးတစ်ခု လုပ်ပြီး အတော်ကလေး ပွခဲ့သည်ဟူ၍ပင် ဖြစ်သည်။

လုယက်စားပြတိုက်၍ ရရှိသော ပစ္စည်းများကို ဝင်မိသားစု ခြံဝင်းသို့ ပို့ပေးခိုင်းခြင်းဖြစ်မည် ထင်မိ၏။

ဤသို့ဆိုလျှင် သူလည်း မျက်နှာပန်းလှလှ အိမ်ပြန်ရမည် ဖြစ်သည်။

ဝင်နန်ရောင်၏ မျက်နှာပြုံးရွှင်သွားသည်။ ချက်ချင်း ခေါင်းညိတ် သဘောတူလိုက်သည်။

"ကောင်းပြီလေ ... ကျုပ် တာဝန်ယူပြီး သယ်သွားပေးပါ့မယ်"

"ကောင်းတယ် ... ကောင်းတယ်၊ သေတ္တာထဲမှာ ပစ္စည်းတွေ

ပါလာတယ်ဆိုတော့ လမ်းမှာ ဖွင့်မကြည့်ရဘူး၊ ကြပ်ကြပ်မတ်မတ် ဂရုစိုက်ပြီး သယ်သွားရမယ်၊ ဝင်မိသားစု ခြံဝင်းရောက်ရင် အကြီးအကဲတွေ စုရုံးနိုင်းပြီး သူတို့ရှေ့မှာ ဖွင့်ရမယ်"

"စိတ်ချပါဗျာ"

"ဒီကနေ့ကစပြီး ရေတွက်လို့ တစ်လပြည့်တဲ့အခါ ကျုပ် ဝင်မိသားစု ခြံဝင်းကို အရောက်လာခဲ့မယ်"

"ဟုတ်ကဲ့"

လူရွယ်သည် တစ်လပြည့်မှလာပြီး ဝေစုတောင်းလိမ့်မည်ဟု နန်ရောင် ထင်မိသည်။

လူရွယ်သည် သူ့အား လမ်းစရိတ်အဖြစ် ရွှေတုံးကလေးများ ထုတ်ပေးသည်။

နန်ရောင်လည်း လက်ခံယူလိုက်သည်။

ကြီးမားသော သေတ္တာကြီးအား သယ်ဆောင်သွားရမည် ဖြစ်ရာ လမ်းတွင် အလုပ်သမားများ ငှားရမ်းရလိမ့်မည် ဖြစ်ပေသည်။

လူရွယ်သည် သေတ္တာကို လမ်းတွင် မဖွင့်ရန်နှင့် ဝင်မိသားစု ခြံဝင်းသို့ရောက်လျှင်လည်း လူကြီးစုံရာရှေ့၌ ဖွင့်ရန် ထပ်မံ၍ မှာကြားလိုက်ပြန်သည်။

ဝင်နန်ရောင်က ကတိပြုမှ ကျေနပ်ကာ လှေပေါ်မှတစ်ဆင့် ကမ်းပေါ်သို့ ခုန်တက်သွားပြီး အမှောင်ထုအတွင်းသို့ တိုးဝင်ကာ ပျောက်ကွယ်သွားတော့သည်။



နန်ရောင်သည် ထိုလူရွယ် ကွယ်ပျောက်သွားသည်အထိ ကြည့်ပြီးမှ လှေထိုးသားများကို မြစ်အောက်ဘက်သို့ စုန်ဆင်းရန် အမိန့်ပေးလိုက်တော့သည်။

✤ ✤ ✤

ဝမ်စိန်ကြည်သည် နန်ရောင်၏စကားများကို နားထောင်ရင်း သံကြိုးများကို ခုတ်ဖြတ်လိုက်သည့်ဓားမှာ သူ ရခဲ့သော မြွေစားဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

သူ မြုပ်နှံခဲ့သော ရွှေမြွေသိုင်းသမား၏ဘဝ တစ်ပိုင်းတစ်စကို သိရသောအခါ သူကိုယ်တိုင် တွေ့မြင်လိုစိတ်များ တဖွားဖွားပေါက်ပေါ်လာသည်။

ဝင်ချင်းချင်းမှာမူ ရွှေမြွေသိုင်းသမား၏ သိုင်းပညာကို ချီးကျူးနေသည်။

ဝင်ယိက ဆိတ်ဆိတ်နေသည်။

နန်ရောင်က ဆက်ပြောလေသည်။

"သူ မှာခဲ့တဲ့အတိုင်း သေတ္တာကို သယ်ခဲ့တာပေါ့၊ လှေနဲ့ စုန်ဆင်းပြီး ကျုပ်တို့မြို့နဲ့ အနီးဆုံးဆိပ်ကမ်းတစ်ခုမှာ ရပ်နိုင်းရတယ်၊ ပြီးတော့ အလုပ်သမားငှားပြီး သေတ္တာကို သယ်ခိုင်းတယ်၊ လမ်းတစ်လျှောက်လုံးမှာ အလုပ်သမားတွေက လေးတယ် လေးတယ်လို့ ညည်းကြတယ်၊ ကျုပ်စိတ်ထဲမှာတော့ ဆင္ဓမဦးလေး ပွပေါက်တိုးခဲ့ပြီး ရွှေ ငွေ ကျောက်သံပတ္တမြားတွေ တနင့်တပိုးကြီး ရခဲ့ပြီ

ထင်ခဲ့တယ်၊ သိပ် ဝမ်းသာနေရတာပေါ့၊ ဒီလောက် များပြားလေးလံတဲ့ ပစ္စည်းတွေကို ခက်ခက်ခဲခဲ သယ်လာခဲ့ရလို့ ကျုပ်အတွက် ဝေစု တစ်ပုံလောက် ပေးမယ်လို့လဲ ထင်ခဲ့တယ်လေ၊ ကျုပ်လည်း အိမ်ပြန် ရောက်တာနဲ့ တော်တော်ကလေး ပျော်နေခဲ့မိတယ်၊ ကျုပ်ကို ဦးလေးတွေကလည်း ချီးကျူးကြတယ်၊ ကျုပ် ပထမဆုံး တာထွက်ကောင်းလို့ပေါ့၊ အပြင်လောက ထွက်ထွက်ချင်း အိမ်ကို ပစ္စည်းတွေတနင့်တပိုးကြီး ပိုက်လို့ ပြန်လာနိုင်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ချီးကျူးကြတာပါပဲ"

"ဘာလဲ ... ပထမဦးဆုံး တာထွက်ကောင်းတယ်ဆိုတာ မိန်းကလေးတစ်ယောက်ကို သတ်ဖြတ်ပစ်ခဲ့တာကို ပြောတာလား"

နန်ရောင် ကျဲမြီးတိုသွားသည်။

ဝင်ချင်းချင်း ပြောလိုက်သောစကားများမှာ ပိသလေးနှင့် နံဘေးပစ်လိုက်သလို အမြဲတစေ အခံရခက်သည်သာချည်းပင်။

ဝင်ယိကလည်း ထုံစံအတိုင်း လက်ကာပြပြီး ဟန့်တားလိုက်လေသည်။

"သမီး ... ကြားဝင်မပြောနဲ့၊ သူ့စကားကိုဆုံးအောင် နားထောင်လိုက်ပါဦးကွယ်၊ သူပြောစရာ မကုန်သေးပါဘူး"

ဝင်နန်ရောင် မကျေမနပ်ဖြင့် ဆက်ပြောလိုက်သည်။

"အဲဒီညမှာ ခန်းမဆောင်တစ်ခုလုံး မီးရောင်ထိန်ထိန်လင်းနေတယ်၊ အနိုင်းအစေ လေးယောက်ဟာ ကျုပ် သယ်ဆောင်လာတဲ့ သေတ္တာကြီးကို မပြီး ယူလာခဲ့ကြတယ်၊ ဦးလေး ငါးယောက်လည်း



အဆင်သင့် ရောက်နေကြပြီ၊ သူတို့ရှေ့မှာ သေတ္တာကြီးကို ချထားလိုက်ကြတယ်၊ ပထမဦးလေးက ငါ့ကို ချီးကျူးတဲ့အနေနဲ့ ငါကိုယ်တိုင်ပဲ သေတ္တာကြီးကို ဖွင့်ရမယ်လို့ အမိန့်ပေးတယ်၊ ဒါကြောင့် ငါက သေတ္တာဖုံးထားတဲ့ သံပြားတွေ၊ သံစို့တွေကို တစ်ချောင်းစီ တစ်ချောင်းစီ ဖြုတ်တောက်လိုက်တယ်၊ အဲဒီအချိန်မှာပဲ ပထမဦးလေးက ရယ်ရယ်မောမောနဲ့ ပြောလာတယ်၊ သူက 'ကဲ ... လာကြဟေ့၊ သေတ္တာထဲမှာ ဘယ်လို အဖိုးတန်ပစ္စည်းတွေ ပါလာသလဲဆိုတာ ကြည့်ရအောင်၊ ဆဋ္ဌမဦးလေးက သူကိုယ်တိုင် မလာနိုင်တာ မိန်းမချောချောလေးတစ်ဦး ရထားလို့ ထင်တယ်၊ ဟား ... ဟား ... ဟား"

အဲဒီလိုပြောပြီး အားလုံး ဝိုင်းကြည့်ကြတယ်၊ သေတ္တာကိုကြိုးဖြည်ပြီး အပေါ်ဖုံးတွေကို ခွာချလိုက်တယ်၊ ဒီအခါ သေတ္တာအဖုံးမှာ စာတစ်စောင် ကပ်ထားတာကို တွေ့ရတယ်၊ စာဟာ ဆဋ္ဌမဦးလေးရဲ့စာ မဟုတ်ဘူး၊ သူ့လက်ရေးလည်း မဟုတ်ဘူး"

"ဘာတွေ ရေးထားတာလဲဟင်"

ဝင်ချင်းချင်းက ကြားဖြတ်မေးလိုက်လေသည်။

နန်ရောင်က သူမအား မျက်နှာထားတင်းတင်းဖြင့် ကြည့်ကာ ပြောလေသည်။

"စာထဲမှာ ဝင်အဘိုးကြီး ငါးယောက်ဆုံပြီး သေတ္တာကိုဖွင့်ကြည့်ပါ၊ လူမစုံသေးလျှင် မဖွင့်ပါနဲ့လို့ ရေးထားတယ်"

"ဒီတော့ ဘိုးဘိုးတွေက ဘာပြောကြသေးလဲ"

ဝိင်အဘိုးအိုများသည် ဝင်ချင်းချင်းအတွက် အဘိုးများသာ ဖြစ်လေသည်။

ဝင်ယိနှင့် ဝင်နန်ရောင်တို့အတွက်မူ ဦးလေးများ ဖြစ်ကြသည်။

နန်ရောင်က ပြောသည်။

"ဘာပြောရမလဲ၊ ဆင္ဂမဦးလေးရဲ့ လက်ရေးမဟုတ်တာလည်း သိရော စိတ်ဝင်စားသွားပြီး ဆက်ဖွင့်တာပေါ့"

"ဦးလေးက ဆက်ဖွင့်သလား"

"ဖွင့်တာပေါ့"

"ဘာတွေလဲဟင်"

"သေတ္တာထဲမှာ လေးထောင့် အထုပ်ကလေးတစ်ထုပ် ပါတယ်၊ အထုပ်ကို ဆီစိမ်စက္ကူနဲ့ ထုပ်ထားတာ၊ ကြိုးတွေနဲ့လည်း ချည်ထားသေးတယ်"

"ဦးလေးက ဖြေကြည့်သလား"

"ငါ ကြိုးဖြည်မယ်လုပ်တော့ ပထမဦးလေးက ဒီပစ္စည်းတွေဟာ ဆင္ဂမဦးလေးရဲ့ ပစ္စည်းတွေဖြစ်တယ်၊ ဒါကြောင့် သူ့ဇနီးက ဖွင့်သင့်တယ်လို့ ပြောတယ်"

"ဆင္ဂမဦးလေးရဲ့ ဇနီးကို ခေါ်ကြတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဆင္ဂမဦးလေးရဲ့ ဇနီးကိုခေါ်ပြီး ဖွင့်ခိုင်းတယ်၊ သူက ကပ်ကြေးတစ်ချောင်းနဲ့ ကြိုးတွေကို ဖြတ်ပြီး အထုပ်ဖြေလိုက်တယ်၊ အထုပ်ပွင့်သွားတာနဲ့ အထဲက အဆိပ်လူးထားတဲ့ လက်နက်ပုန်းကလေးတွေ တချွင်ချွင်နဲ့ ထွက်လာတော့တာပဲ၊ ဆင္ဂမဦးလေး



ဇနီးရဲ့ ရင်ဝကို တန်းတန်းမတ်မတ် ထိသွားတယ်လေ၊ အမယ်လေးတောင် မအော်နိုင်ဘူး လဲကျသွားတယ်၊ တစ်ကိုယ်လုံးလည်း အဆိပ်တက်ပြီး မည်းနက်သွားတာပဲ၊ ဆေးကုဖို့တောင် မမီဘူး၊ ချက်ချင်းသေသွားတယ်"

"အမယ်လေး ..."

ဝင်ချင်းချင်း လွတ်ခနဲ အော်လိုက်မိလေသည်။

နန်ရောင်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။

"အဲဒါသာ ကြည့်တော့၊ ရွှေမြွေသိုင်းသမားဟာ ဘယ်လောက်ရက်စက်သလဲဆိုတာ၊ ကောက်ကျစ်ယုတ်မာပုံဟာ ပေါ်လွင် ထင်ရှားနေတယ်"

အခွင့်ရတုန်း အပြစ်ဖို့ပြောလိုက်လေသည်။

ဝင်ယိ သက်ပြင်းချလိုက်သည်။

"ဒါတွေကို ထားလိုက်ပါတော့၊ ပြောစရာ ရှိတာကိုသာ ဆက်ပြောပါရှင်"

နန်ရောင်လည်း ဆက်ပြောလေသည်။

"ဆင္ဂမဦးလေးရဲ့ဇနီး ရုတ်တရက် သေဆုံးသွားတာကိုကြည့်ပြီး ဦးလေးတွေလည်း ထိတ်လန့်သွားကြတယ်၊ အဆိုးဆုံးကတော့ သူတို့ဟာ ငါ့ရဲ့လုပ်ရပ်လို့ ထင်နေကြတာပဲ"

"အို ... မဟုတ်ပါဘူး၊ ဒါဟာ ရွှေမြွေသိုင်းသမားရဲ့ လုပ်ရပ်တစ်ခုပါ၊ သူ လုပ်လေ့လုပ်ထရှိတဲ့ လုပ်ရပ်ပေါ့"

ဝမ်စိန်ကြည်က အမှတ်မထင် ဝင်ပြောမိလေသည်။

သူက လိုဏ်ဂူအတွင်းမှ သေတ္တာရခဲ့စဉ်က သေတ္တာအဖုံးကို ဖွင့်လိုက်သည်နှင့် လက်နက်ပုန်းများ ပစ်လွှင့်လာသည်ကို အမှတ်ရကာ ဝင်ပြောမိခြင်း ဖြစ်လေသည်။

သူ၏စကားကြောင့် နန်ရောင် လှည့်ကြည့်လိုက်သည်။

"နေစမ်းပါဦး၊ မင်းက ဘာကြောင့် သူ့ရဲ့လုပ်ရပ်ကို သိထားရတာလဲ"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်သည်။

"ဒါ အရေးမကြီးပါဘူး၊ ခင်ဗျားပြောစရာရှိတာသာ ဆက်ပြောပါဗျာ"

ဟူ၍ ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

နန်ရောင်လည်း ဆက်မမေးဝံ့တော့ချေ။

သူပြောစရာရှိသည့် စကားကိုသာ ဆက်ပြောတော့သည်။

"ဆင္ဘမဦးလေးရဲ့ဇနီး သေသွားတာကိုမြင်တော့ ငါ တော်တော်လန့်သွားတယ်၊ ငါ ဖွင့်ရင် သေရမယ့်လူက ငါပဲ၊ ကံကောင်းလို့ပေါ့၊ ဒါပေမယ့် ငါ တမင်လုပ်တာ ထင်ပြီး ဦးလေးတွေက စိတ်ဆိုးမာန်ဆိုးနဲ့ ငါ့ကို ဆက်ဖွင့်ခိုင်းတယ်၊ ငါလည်း မငြင်းသာတော့ ကြောက်ကြောက်နဲ့ ဆက်ဖွင့်ရတော့တာပေါ့၊ ဝါးလုံးတစ်လုံးကို အခိုင်းအစေတွေကို ရှာခိုင်းလိုက်ပြီး ဝါးလုံးနဲ့ အထုပ်ကို အဝေးက ကလော်ပြီး ဖွင့်လိုက်တယ်၊ အထုပ်ပွင့်သွားတော့ အထဲမှာ ဘာရှိတယ် ထင်သလဲ"



ဝင်ချင်းချင်း မျက်မှောင်ကြုတ်ကာ ...

"ဘာရှိမှာလဲ၊ ဆင္ဘမဘိုးဘိုး လုယက် ဓားပြတိုက်ထားတဲ့ ရွှေ ငွေတွေပဲ ရှိမှာပေါ့"

နန်ရောင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ... မဟုတ်ဘူး"

"ဒါဖြင့် ဘာရှိသလဲ"

"ဆင္ဘမဦးလေးကိုယ်တိုင် ရှိနေတာ"

"ရှင် ..."

ဝင်ချင်းချင်း မျက်လုံးပြူးကျယ်သွားတော့သည်။

ဝင်နန်ရောင် မျက်နှာရှုံ့မဲ့ပြီး ပြောလေသည်။

"ဆင္ဘမဦးလေးကို ခုတ်ထစ်ပြီး အထုပ်နဲ့ ထုပ်ထားတာ၊ သူ့ရဲ့အလောင်းက အင်္ဂါမစုံတော့ဘူး၊ သူ့ရဲ့ ဦးခေါင်းကိုတွေ့မှ သူ့အလောင်းမှန်း သိကြရတာ"

ဝင်ချင်းချင်း ထိတ်လန့်လွန်းသဖြင့် မူးမေ့လဲကျမလို ဖြစ်သွားတော့သည်။

ဝင်ယိက မေးမရင်း ...

"စိတ်ထိန်း သမီး ... တကယ်တော့ ဆင္ဘမဦးလေးဟာ လူ့အသက်ကို ဖက်ရွက်လောက်တောင် တန်ဖိုးထားတဲ့လူ မဟုတ်ဘူး၊ လူသတ်၊ ဓားပြတိုက်၊ မိန်းကလေးတွေကို ဖျက်ဆီးတာ၊ သူ့အတွက် ထမင်းစားရေသောက် အလုပ်တစ်ခုပဲ၊ တကယ်တော့ သူ့လို အမှောင်လမ်းက လူတစ်ယောက် တစ်နေ့ ဒားတွေ့တာ မဆန်းပါဘူးလေ"

ထိုစကားကြားမှ ဝင်ချင်းချင်း စိတ်သက်သာရာ ရရှိသွားလေတော့သည်။

နန်ရောင်ကို ကြည့်ကာ တုန်ယင်သောလေသံဖြင့် မေးသည်။

"ဆင္ဃမဘိုးဘိုးသေတာ ဘယ်သူ့လက်ချက်လဲ"

နန်ရောင်က ဒေါသကြီးစွာဖြင့် ပြောလိုက်သည်။

"နင့် အမေကိုမေးကြည့် ..."

"အစ်ကိုနန်ရောင် ... အပြစ်မရှိတဲ့ ကျွန်မသမီးကို မအော်မငေါက်ပါနဲ့၊ ဒီကိစ္စတွေ ကျွန်မကြောင့်ဖြစ်ရတာပါ၊ သူနဲ့ မဆိုင်ပါဘူး၊ တကယ်တမ်း တွက်ကြည့်ရင် မကောင်းမှုဒုစရိုက်မှန်သမျှ လက်မရှောင်တမ်းလုပ်တဲ့ ဝင်မိသားစု ခြံဝင်းက လူတွေကြောင့်ပဲ၊ ကျွန်မက ဒီကိစ္စထဲမှာ ဓားစာခံဖြစ်ခဲ့ရသူပါ၊ ကြားအချောင် ဒုက္ခရောက်ခဲ့ရသူပါ"

နန်ရောင် ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... အချောင်ဒုက္ခရောက်ခဲ့ရတယ်ဟုတ်လား၊ နင်ကိုယ်တိုင် ဒီကောင်ကို လက်ခံခဲ့တာ မဟုတ်လား"

ဝင်ယီလည်း မခံမရပ်နိုင် ဖြစ်လာသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်မကိုယ်တိုင် သူ့ကို လက်ခံခဲ့တာ၊ အဲဒါ ဘာကြောင့်လဲ၊ သူ့ကို မေတ္တာစစ်နဲ့ ချစ်မိပြီး လက်ခံခဲ့တာ၊ ကဲ ... ရှင် ဘာပြောဦးမလို့လဲ"

နန်ရောင် ခေါင်းခါယမ်းလိုက်သည်။



"ကျုပ် ဘာမှ မပြောချင်တော့ဘူး၊ ပြောစရာလည်း ကုန်ပြီ၊ အရှက်မရှိတဲ့ကိစ္စကို နင်ဆက်ပြောဖို့ပဲ ကျန်တော့တယ်"

ဝင်ယီက ဝမ်စိန်ကြည်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းနေသည်။

သူမအား အထင်သေးသွားမည်လားဆိုသည့် သဘောဖြင့် အကဲခတ်ကြည့်နေခြင်း ဖြစ်၏။

ဝမ်စိန်ကြည်မှာ ဝင်ယီအပေါ် လေးစားကြည်ညိုမပျက်ချေ။

သူ၏ သန့်ရှင်းတည်ကြည်သော ရုပ်ရည်ကိုတွေ့ရမှ သက်ပြင်းချကာ ...

"မင်းဟာ သူ့ကို မြေမြှုပ်ခဲ့တယ်ဆိုတော့ ရှက်စရာ မလိုပါဘူး၊ အမှန်အတိုင်း ပြောပြရမှာပေါ့၊ အဲဒီအချိန်တုန်းက မေမေဟာ သမီးထက် အသက်တစ်နှစ်လောက်ပဲ ပိုကြီးလိမ့်မယ်၊ ဒါပေမယ့် သမီးထက်ပိုပြီး ကလေးဆန်တယ်၊ လောကအကြောင်း ဘာမှ နားမလည်သေးဘူး၊ အိမ်မှာရှိကြတဲ့ ဦးလေးတွေဟာ မကောင်းမှု ဒုစရိုက်မှန်သမျှ လုပ်ခဲ့ကြတယ်၊ အခုလို ဆင္ဃမဦးလေး သေဆုံးသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေမေ့ရင်ထဲမှာ ထူးထူးခြားခြား မခံစားရဘူး၊ အမှန်တော့ ဆွေမျိုးသားချင်းတစ်ယောက် သေဆုံးသွားတဲ့အခါ ဝမ်းနည်းမျက်ရည်ကျရမှာ ဖြစ်ပေမယ့် ဝမ်းမနည်းမိဘူး၊ မျက်ရည် မကျမိဘူး၊ သူ့လို လူဆိုးတစ်ယောက် တစ်နေ့ဒုက္ခရောက်မယ်ဆိုတာ ကြိုတင် တွေးမိတာပဲ၊ ဖြစ်ရိုးဖြစ်စဉ်ပဲလို့ သဘောထားနိုင်ခဲ့တယ်၊ အဲဒီအချိန်မှာ မေမေကလွဲရင် ဝင်မိသားစုအားလုံး ကြိတ်မနိုင် ခဲမရ

ဖြစ်ခဲ့ကြတယ်၊ ခံပြင်း ဒေါသထွက်ခဲ့ကြတယ်၊ ပိုဆိုးတာက ရွှေမြွေသိုင်းသမားရဲ့ စိန်ခေါ်စာကြောင့်ပဲ"

ဝင်ချင်းချင်း စိတ်ဝင်စားစွာ မေးသည်။

"မေမေ ... မြွေဓားသခင် ရွှေမြွေသိုင်းသမားက ဝင်မိသားစုကို စိန်ခေါ်လိုက်တယ် ဟုတ်လား၊ ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"မေမေ ပြောပြမယ်၊ ဆင္ခမဦးလေးရဲ့ အလောင်းပါတဲ့ အထုပ်ထဲမှာ စာတစ်စောင် ပါလာတယ်၊ စာကတော့ ဝင်မိသားစု အကြီးအကဲတွေဆီကို ဦးတည် ရေးထားတာပဲ"

ပြောရင်း မြွေဓားသခင် ရွှေမြွေသိုင်းသမား၏ စာရေးထားပုံ ရေရွတ်ပြလိုက်သည်။

ဝင်ယိ ရွတ်ပြသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

*ဝင်မိသားစု အကြီးအကဲများခင်ဗျား ...*

*လူကြီးမင်းတို့အတွက် လက်ဆောင်တစ်ခု ပို့ပေးလိုက်ပါတယ်၊ ကျုပ်ရဲ့ လက်ဆောင်ကတော့ ဆင္ခမအကြီးအကဲရဲ့ အလောင်းပါ၊ သူ့အလောင်း အင်္ဂါမစုံအောင် လုပ်ခဲ့တဲ့ ကျုပ်ကို ကျေနပ်မယ်လို့ မမျှော်လင့်ပါဘူး၊ ခင်ဗျားတို့ ခံပြင်းဒေါသထွက်အောင်၊ ကျုပ်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးဖို့ တမင်လုပ်လိုက်တာပါ၊ ကျုပ် ခံစားရသလို ခင်ဗျားတို့ကိုလည်း ခံစားစေချင်တယ်၊ ဝင်မိန်ချို့ဟာ ကျုပ်ရဲ့အမေကို အဓမ္မစော်ကားခဲ့တယ်၊ ပြီးတော့ သတ်ပစ်လိုက်တယ်။ ဒါတင်မကသေးဘူး၊ ကျုပ်ရဲ့ အမေ၊ အဖေ၊ ဦးခဲလေးစတဲ့ သွေးသားရင်းတွေကိုပါ တစ်ဦးမကျန် သတ်ပစ်လိုက်တယ်။ ကျုပ် အပြင်သွားနေရာက ပြန်ရောက်တော့ သူတို့အဖြစ်ဆိုးကို တွေ့ရတယ်။ လက်သည်လိုက်ရှာတဲ့အခါ ဝင်မိန်ချို့ဆိုတာ သိပြီး သူ့ကို ဖမ်းဆီးနှိပ်စက်လိုက်တယ်၊ အင်္ဂါမစုံအောင် လုပ်လိုက်တယ်။*

"တောက် ..."

ဝင်နန်ရောင်၏ တက်ခေါက်သံ ထွက်ပေါ်လာသည်။ ဝင်ချင်းချင်းက မျက်စောင်းထိုးလိုက်၏။

ဝမ်စိန်ကြည်မှာ ဝင်ယိ ဆက်ပြောမည့် စကားကိုသာ စိတ်ဝင်စားစွာ နားစွင့်နေသည်။

ဝင်ယိက ဆက်၍ပြောပြသည်။

*ဝင်မိန်ချို့ သေသွားပေမယ့် ကျုပ် ဒေါသမပြေသေးဘူး၊ မိသားစုရဲ့ သွေးနဲ့ တိုင်တည်ပြီး ဝင်အမျိုးအနွယ်တွေကို ဆယ်ဆ လက်တုံ့ပြန်မယ်။ ဒီကနေ့ ဒီအချိန်ကစပြီး ခင်ဗျားတို့ သတိထားကြပေတော့။ ဝင်မိသားစုရဲ့ လှင်္ဂါးဆယ်တိတိကို ကျုပ် လုပ်ကြံမယ်။ အဲဒီအထဲမှာ မိန်းကလေး ဆယ်ယောက်ကို ဖျက်ဆီးပြီးမှ ရှင်းပစ်မယ်။ ကျုပ်ကိုတွေ့ချင်ရင် စောင့်နေပါ။ မကြာခင် ကျုပ် အတိုးရော အရင်းပါ တောင်းမယ်။*

ပုံ

**မြွေဓားသခင် ရွှေမြွေသိုင်းသမား**

စာဖတ်တဲ့ ပထမဦးလေးရဲ့ အသံဟာ တုန်တုန်ရင်ရင် ဖြစ်နေတယ်၊ ဒါပေမယ့် သူက ရယ်ပြီးပြောတယ်"

"ဟား ... ဟား ... ဟား ... အတော်ပဲ၊ သူလာမယ်ဆိုတော့ လိုက်ရှာစရာ မလိုတော့ဘူးပေါ့၊ အပင်ပန်းခံစရာမလိုဘဲ သူရောက်လာမှ ဖမ်းပြီး ဆုံးမရမယ်၊ ဝင်မိသားစုရဲ့ အကြောင်း သိသွားအောင် ပြုရမယ်"

"သူ ဘယ်လိုပြောပြော မြွေစားသခင် ရွှေမြွေသိုင်းသမားကို ထိတ်လန့်နေကြတာတော့ အမှန်ပဲ၊ မေမေလည်း မင်းရဲ့ဘွားဘွားနောက်ကျောမှာ ပုန်းပြီး အခြေအနေ ကြည့်နေတယ်၊ ရွှေမြွေသိုင်းသမားဟာ တကယ် ရက်စက်လိမ့်မယ်လို့တော့ ထင်မိပါရဲ့၊ ဒါပေမယ့် သူနဲ့ ရေစက်ဆုံရလိမ့်မယ်လို့ ယောင်ပြီးတောင် မတွေးမိဘူး"

ဝင်ချင်းချင်း ကြားဖြတ်မေးလိုက်သည်။

"မေမေ ... ဆင္ဘမဘိုးဘိုးက သူ့ရဲ့မိသားစု တစ်ခုလုံးကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်ဆိုတာ အမှန်ပဲလား"

ဝင်ယိ မပြောမီ နန်ရောင်က အဖြေပေးလိုက်သည်။

"အို ... တို့တစ်တွေဟာ သိုင်းလောကထဲမှာ ထင်တိုင်းကျဲနိုင်တာပဲ၊ ဦးလေးက ဒီလိုလုပ်ချင်ရင် လုပ်ခဲ့မှာပေါ့၊ မထူးဆန်းပါဘူး၊ ဒီလိုကိစ္စမျိုးတွေဟာ ဝင်မိသားစု အကြီးအကဲတွေအတွက် အသေးအမွှားတွေပါ၊ ဒါကို ဟို ရွှေမြွေသိုင်းသမားဆိုတဲ့ကောင်က အလကား ပုံကြီးချဲ့နေတာ"



"ဘာ ... သူများမိသားစုကို မတရားသတ်တာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စလို့ ထင်နေသလား၊ ဒါ လူယုတ်မာတွေရဲ့ အပြုအမူပဲ၊ ရွှေမြွေသိုင်းသမား လက်တုံ့ပြန်တာ မှန်တယ်၊ ကျွန်မ သူ့ဘက်က ထောက်ခံတယ်"

ဝင်ချင်းချင်း ဒေါသကြီးစွာ ပြန်အော်ပြောလေသည်။

နန်ရောင် မျက်နှာညိုသွားသော်လည်း စကားမပြောပါချေ။

ဝင်ယိက ဝင်ချင်းချင်းကို အကဲခတ်ကြည့်နေသည်။

ဝမ်စိန်ကြည်မှာ ဝင်ချင်းချင်း စိတ်ထားကို အံ့ဩမိလေသည်။

ဝင်ချင်းချင်းသည် ဝင်မိသားစုမှ လူများနှင့် လားလားမှ မတူဘဲ စိတ်ထားဖြောင့်မတ်သူကလေး ဖြစ်ပေသည်။

ကလေးဆန်ကာ ဆိုးသည်မှအပ လူကောင်းတစ်ယောက်ဖြစ်ကြောင်း တဖြည်းဖြည်း နားလည်တော့သည်။

ဝင်ချင်းချင်းနှင့် ဝမ်ယိတို့အပေါ် တစ်စထက်တစ် သံယောဇဉ် ငြိတွယ်လာသည်။ ဝင်ယိ ဆက်ပြောသည်။

"ရွှေမြွေသိုင်းသမားရဲ့ မိသားစု တစ်အိမ်လုံးလည်း အသတ်ခံခဲ့ရတယ်ဆိုတာ အမှန်ပါပဲ၊ စုံစမ်းကြည့်ကြတော့ သူတို့မိသားစုမှာ ရွှေမြွေသိုင်းသမား တစ်ယောက်ပဲ၊ ကျန်တဲ့သူတွေက သိုင်းလောကနဲ့ မပတ်သက်ဘူး၊ ရိုးရိုးအေးအေးနေကြတဲ့ ကုန်သည်တွေပဲ၊ သူတို့ဟာ ချမ်းသာတယ်၊ မိသားစု ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြတယ်၊ အင်မတန် ချစ်တဲ့ မိသားစုတွေ လူမဆန်ပြီး အသတ်ခံရတော့

သူ့စိတ်ဟာ တစ်ဖက်စွန်းရောက်သွားခဲ့တာ အပြစ်မဆိုသင့်တော့ပါဘူးကွယ်"

ဝင်ချင်းချင်းက ...

"ရွှေမြွေသိုင်းသမားက ရေးထားတဲ့စာအတိုင်း လာတာပဲလားဟင်"

"လာတာပေါ့"

"ဘိုးဘိုးတို့က ဝိုင်းတိုက်ကြတာပေါ့"

ဝင်ယိက လက်ကာပြရင်း ...

"မေမေ အဖြစ်မှန်ကို ဖြည်းဖြည်းချင်း ပြောပြမယ်၊ သမီးနားထောင်ကြည့်ပါဦး၊ သူလာမယ်ဆိုတော့ ဦးလေးတွေဟာ မပေါ့ဆပ့်ကြဘူးပေါ့၊ ပေါ့ဆရင် ဆဋ္ဌမဦးလေးလို ဖြစ်ရမယ်ဆိုတာ နားလည်ထားကြတယ်လေ၊ လုံခြုံရေးအစီအစဉ်တွေ ခါတိုင်းထက်ပိုပြီး တင်းတင်းကျပ်ကျပ် လုပ်တယ်၊ ကလေးနဲ့ မိန်းကလေးတွေ ခါတိုင်းထက် ပိုပြီး တင်းတင်းကျပ်ကျပ် စည်းကမ်းထားပြီး အတွင်းဘက်ဆောင်ကြီးထဲမှာ ရွှေ့ပြောင်းထားလိုက်တယ်၊ သန်မာတဲ့လူတိုင်း သိုင်းပညာတတ်တဲ့ လူရွယ်မှန်သမျှ အုပ်စုဖွဲ့ပြီး စောင့်ကြပ်ရတယ်၊ ဝင်မိသားစု ခြံဝင်းကို ခွေးတစ်ကောင် ကြောင်တစ်မြီးမှ လူမသိဘဲဝင်လာလို့ မရအောင် တင်းတင်းကျပ်ကျပ် စောင့်ကြပ်ကြရတယ်၊ ဒါ့အပြင် သိုင်းလောကထဲက သူတို့ မိတ်ဆွေ လူဆိုး လူမိုက်ထိပ်သီး သိုင်းသမား ဆယ်ဦးလောက်ကို အကူအညီတောင်းပြီး ဒီကို ခေါ်ထားခဲ့တယ်၊ တကယ့် စစ်ပွဲကြီး ပြင်ဆင်နေတဲ့အတိုင်းပဲ"



သူမ၏ စကားကြားရသောအခါ ဝင်မိသားစုခြံဝင်းအတွင်း လွန်ခဲ့သော လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ပုံကို ဝင်ချင်းချင်းတွေးကာ စိတ်ကူးဖြင့် မှန်းဆမြင်ယောင်နေမိသည်။

"မေမေ ရွှေမြွေသိုင်းသမား ရောက်တဲ့အခါ အကြီးအကျယ်တိုက်ခိုက်ခဲ့ကြမှာပေါ့နော်"

ဝင်ယိ ခေါင်းခါယမ်းလိုက်သည်။

"သမီးထင်သလို မဟုတ်ဘူးကွယ့်"

"ရှင် ... ဘာဖြစ်လို့လဲ၊ သူ ရောက်မလာဘူးလား"

"အို ... ဘာပြောကောင်းမလဲ သူလာတာပေါ့၊ ဒါပေမယ့် အများနဲ့တစ်ယောက် ရင်ဆိုင်ရမှာမို့ ပရိယာယ်သုံးပြီး ပြောက်ကျားစနစ်နဲ့ တိုက်ခိုက်ခဲ့တာ တစ်ကိုယ်တော် ကိုယ်ပျောက်စစ်ဆင်ခဲ့တယ်"

ဝမ်စိန်ကြည် အံ့သြသွားသည်။

ဝင်ချင်းချင်းက မေးသည်။

"ကိုယ်ပျောက်စစ်ဆင်ခဲ့တယ် ဟုတ်လား မေမေ၊ ဘယ်လိုများပါလိမ့်"

ရွှေမြွေသိုင်းသမားအကြောင်း ပြောပြသောအခါ ဝင်ယိ၏ အမူအရာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ဖြစ်နေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က အဖြစ်အပျက်များကို ယခု ဖြစ်ပျက်နေသလို အားပါးတရ ပြောပြနေခြင်းဖြစ်သည်။ ရွှေမြွေသိုင်းသမားအပေါ်ထားသည့် သူမ၏ ကြီးမားသော မေတ္တာတရားကို ဝမ်စိန်ကြည် အသိအမှတ် မပြုဘဲ မနေနိုင်တော့ပါချေ။

ကိုယ်ပျောက်စစ်ဆင်တယ်ဆိုတာ ဘယ်သူမှ မရိပ်မိခင် အလစ်ဝင်တိုက်ပြီး ဘယ်သူမသိအောင် ပြန်ဆုတ်သွားတဲ့ သဘောပဲ၊ သူဟာ ဝင်မိသားစု ခြံဝင်းအတွင်းမှ သိုင်းအကျော်အမော်တွေနဲ့ အစောင့်အကြပ်တွေ တင်းတင်းကျပ်ကျပ် စောင့်နေတာတွေ့တော့ လုံးဝ မလာခဲ့ဘူး၊ ဒီလိုနဲ့ တစ်လသာကျော်သွားတယ်၊ ရောက်မလာတဲ့အတွက် ဖိတ်ခေါ်ထားတဲ့ သိုင်းသမားဆယ်ဦးလည်း စိတ်ပျက်ပြီး ပြန်သွားကြတယ်၊ သူတို့ အပင်ပန်းခံပြီး လာစောင့်ပေးတာကိုပဲ ကျေးဇူးတင်ရမယ်၊ ရွှေမြွေသိုင်းသမားက စာထဲမှာ ရေးထားတဲ့အတိုင်း ရောက်မလာလို့ မလာရဲတော့ဘူး ထင်နေတာ၊ ဦးလေးတွေကလည်း မတားတော့ဘူး၊ အဲ ... သူတို့ပြန်သွားပြီးနောက်ပိုင်းလည်း အေးအေးချမ်းချမ်းပါပဲ၊ ဒါပေမယ့် တစ်ပတ်လောက်လည်း နေရော တစ်စခန်းထလာပါလေရော၊ ရိက္ခာသွားသယ်တဲ့ လူနှစ်ယောက် လုပ်ကြံခံရပြီး ခြံဝင်းတံခါးရှေ့ လာပစ်ထားတယ်၊ အလောင်းတွေကိုယ်ပေါ်မှာ အမှတ်အသားလုပ်တဲ့အနေနဲ့ ဝါးခြမ်းပြားကလေးတစ်ခုစီ တင်ထားခဲ့တာပဲ"

"ဒါဟာ သူ့ရဲ့ ပွဲဦးထွက် လက်ချက်ပေါ့နော်"

"မဟုတ်သေးဘူး သမီးရဲ့"

"ဒါဖြင့် သူတို့ထက်အရင် ရွှေမြွေသိုင်းသမားရဲ့ လက်ချက်မိသွားတဲ့လူ ရှိလို့လား"

"ရှိတာပေါ့"



"ဘယ်သူလဲ ..."

"ဝင်မိသားစုခြံဝင်းထဲက သိုင်းလောကထဲထွက်ပြီး စိတ်ထင်တိုင်း စိုင်းနေတဲ့ လူအတော်များများရှိတယ်၊ သူက အစောင့်အကြပ်များလှတဲ့ ဒီနေရာကို မလာဘဲ အပြင်ရောက်နေကြတဲ့ ဝင် မိသားစုခြံဝင်းကလူတွေနောက် လိုက်နေတာ၊ ဒီသတင်းကို နောက်မှ ကြားရတယ်၊ သိုင်းလောကမှာ လှုပ်ရှားနေတဲ့ ဝင်မိသားစုခြံဝင်းရဲ့ အဆက်အသွယ် ငါးယောက်လောက် သူ့လက်ချက် မိသွားကြတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။ မနေနိုင်ဘဲ ကြားဝင်မေးလိုက်လေသည်။

"ရွှေမြွေသိုင်းသမားဟာ သူ့ရဲ့မိသားစု သတ်ပစ်လိုက်တဲ့ လူကို ရှင်းပြီးပြီပဲ၊ ဘာကြောင့် ရှေ့ဆက်ချင်ရတာလဲ"

"ဒါကတော့ သူ့ရဲ့ အချစ်ဆုံးမိသားစုတွေ အသတ်ခံရတော့ စိတ်ဓာတ်တစ်ဖက်စွန်း ရောက်သွားတဲ့သဘောပေါ့၊ ဝင်မိသားစုတွေကိုလည်း ဖြိုခွဲပစ်ချင်တဲ့ ဆန္ဒ ကိန်းအောင်းသွားပုံရတယ်"

ဟု ဖြေရှင်းပြီးမှ ဆက်ပြောလေသည်။

"သူဟာ တစ်စတစ်စ သောင်းကျန်းလာတယ်၊ လူစုလူဝေးနဲ့ နေရင် လုံးဝဒုက္ခမပေးဘူး၊ အဲ ... လူကွဲပြီဆိုရင် ဝင်လာပြီး ဒုက္ခပေးတော့တာပဲ၊ တစ်နေ့ကို တစ်ယောက် နှစ်ယောက်လောက်တော့ သူ့လက်ချက်မိတာပဲ၊ မြို့ထဲက အခေါင်းဆိုင်မှာ ခေါင်းဝယ်လို့တောင် မလောက်ဘူး၊ မြို့ထဲက လူတွေဟာ ဝမ်းရောဂါဖြစ်နေတယ်လို့တောင် ထင်ကုန်ကြတယ်၊ ဦးလေးတွေက ငြင်းချက်မထုတ်သလို

ရှင်းလည်းမရှင်းပြဘူး၊ သူတို့သိက္ခာကျမှာ ကြောက်တယ်လေ၊ အထူးသဖြင့် ရွှေမြေသိုင်းသမားကို ပိုပြီးကြောက်နေကြပြီ၊ တစ်ခါတလေ သူဟာ နေ့တိုင်းလာတယ်၊ တစ်ခါတစ်ခါကျတော့ တစ်လ နှစ်လ ကြာအောင် မပေါ်လာဘဲ ပျောက်နေတယ်၊ ဒါကြောင့် တို့ဟာ အပြင်ထွက်ချင်ပေမယ့် မထွက်ရဲဘဲ နေ့စဥ်နဲ့အမျှ ခန်းမဆောင်ကြီးထဲမှာ စုရုံးနေခဲ့ကြတယ်၊ အညောင်းပြေ လမ်းလျှောက်ခွင့်တောင် မရဘူး၊ ယုတ်စွအဆုံး ပန်းဥယျာဥ်ထဲတောင် မဆင်းရဘူး၊ ခန်းမတံခါးကိုကျော်ပြီး ထွက်ခွင့်မရခဲ့ဘူး"

ဝင်မိသားစုများ အလိုလို အကျဥ်းသားများသဖွယ် ဖြစ်နေခဲ့ပုံကို ပြောပြလေသည်။

ဝင်ယိက ဆက်ပြောလေသည်။

"ဒီလိုနဲ့ ဒုက္ခပေးလာလိုက်တာ နှစ်နှစ်အတွင်း ဝင်မိသားစုထဲက လူပေါင်း ၃၈ ယောက် သူ့လက်ချက် မိခဲ့တယ်၊ မိန်းကလေးတွေကလည်း ပါတယ်၊ တချို့ဆိုရင် အရှင်ဖမ်းခေါ်သွားပြီး ပျော်တော်ဆက် ဂေဟာများကို ရောင်းပစ်ခဲ့တယ်၊ ဒါကိုနောက်မှသိပြီး ဦးလေးတွေက ငွေနဲ့လိုက်ရွေးရတယ်"

ရွှေမြေသိုင်းသမား ပင်ကိုစိတ်ပျောက်ကာ ရူးသွပ်နေပြီဟု ဝမ်စိန်ကြည် တွေးမိလေသည်။

သူ၏ရင်ထဲ၌ အမုန်းတရား မည်မျှထိအောင် ကြီးမားခဲ့သည်ကို တွေး၍ပင် မခန့်မှန်းနိုင်တော့ချေ။

ရွှေမြေသိုင်းသမားသည် ကောင်းစရာရှိလျှင် အလွန်ကောင်း



ပြီး ဆိုးစရာရှိလျှင် အလွန်ဆိုးမည့်သူဖြစ်ကြောင်း နားလည်လာသည်။

ထို့ကြောင့်လည်း သူ၏ဆရာ မူလိန်ချိန်းနှင့် မုစန်းတို့က လူထူးလူဆန်းကြီးအဖြစ် အသိအမှတ်ပြုခဲ့ကြခြင်းဖြစ်ပေသည်။

ဝင်ယိ၏ စကားသံ ပြတ်တောက်သွားသည်။ သူမ၏ မျက်ဝန်း အစုံမှ မျက်ရည်များ ကျလာ၏။

သူမနှင့် ပတ်သက်၍ အန်းကဏ္ဍ ရောက်လာပြီဖြစ်ကြောင်း ဝမ်စိန်ကြည် နားလည်မိသည်။

အတန်ကြာမှ ဝင်ယိက ညင်သာပျော့ပျောင်းသော လေသံဖြင့် ပြောလာလေသည်။

"သူဘာကြောင့် ရက်ရက်စက်စက် လုပ်ရတယ်ဆိုတာ မမေ မသိဘူး၊ သူ့ကိုလည်း စိတ်မဝင်စားဘူး၊ မမေ သိတာက ရန်သူရှိလို့ တို့ အိမ်ထဲပုန်းနေကြတယ်၊ ရန်သူမရှိရင် အပြင်ကို လွတ်လွတ်လပ်လပ် ထွက်ခွင့်ရမယ်ဆိုတာပဲ၊ အိမ်ထဲမှာ နေရတဲ့ရက်တွေများလာတယ်၊ ဒါပေမယ့် ဖေဖေက ခွင့်မပြုဘူး၊ မမေလည်း အသာငြိမ်နေခဲ့ရတယ်၊ ဒီလိုနဲ့ ရွှေမြေသိုင်းသမားဟာ ဆယ်ရက်လောက် ဆက်တိုက်ပေါ်လာပြီးနောက် ပျောက်သွားပြန်ရော၊ တစ်လလောက်သာ ကျော်သွားတယ်၊ သူရောက်မလာဘူး၊ တို့အားလုံး စိတ်လက်ပေါ့ပါးလာကြတယ်၊ တစ်နေ့ ညနေခင်းမှာ ငါဟာ ဝမ်းကွဲအစ်မတွေကိုခေါ်ပြီး ပန်းဥယျာဥ်ထဲ ထွက်လာခဲ့ကြတယ်"

ထိုစကားကြောင့် ဝင်ချင်းချင်း စိုးရိမ်သွားလေသည်။

"မေမေ ဘယ်သွားမလို့လဲဟင်၊ ရွှေမြွေသိုင်းသမားရဲ့ ရန်ကို မကြောက်ဘူးလား"

ဝင်ယီက မြူးလိုက်လေသည်။

"ကြောက်တော့ ကြောက်တာပေါ့၊ ဒါပေမယ့် သူလာရဲမယ် မထင်လို့ ထွက်လာခဲ့တာပေါ့"

"ပန်းဥယျာဉ်ထဲမှာ ဘာလုပ်မလို့လဲ"

"ဆော့ကစားကြမယ်၊ ဒန်းစီးကြမယ်လေ"

ပြောရင်း နန်းရောင်ကို ညွှန်ပြကာ …

"တို့ ပန်းဥယျာဉ်ထဲရောက်တော့ သမီးဦးလေး နန်းရောင်က နံဘေးမှာ စောင့်ကြပ်နေခဲ့တယ်"

ထိုစကားကြားလျှင် နန်းရောင် မသိမသာ မျက်နှာလွှဲထား လိုက်လေသည်။

ဝင်ယီက ဆက်ပြောသည်။

"ပန်းဥယျာဉ်ထဲမှာ ဆော့ကစားလို့ ဝတဲ့အခါ မေမေ ဒန်းစီး တယ်၊ ဝမ်းကွဲ အစ်မတစ်ယောက်က လွှဲပေးတယ်လေ၊ တစ်ယောက် တစ်လှည့်ပေါ့၊ မေမေ့အလှည့်ကျလို့ စီးနေတုန်း အားရပါးရ လွှဲနိုင်း တယ်၊ တအား လွှဲနိုင်းတယ်၊ တအားလွှဲတော့ ဒန်းဟာ မြင့်သထက် မြင့်လာတာပေါ့၊ ဒီတစ်ခါ ခြံဝင်းအုတ်နံရံကိုကျော်ပြီး အပြင်ဘက်က မြက်ခင်းတွေကို တွေ့မြင်လိုက်ရတယ်၊ သာယာလိုက်တာ မပြောပါ နဲ့တော့၊ စိမ်းလန်းစိုပြေနေတဲ့ တောအုပ်တွေ၊ လယ်ကွင်းတွေ အို



မေမေဖြင့် ခြံဝင်းထဲက တစ်ယောက်တည်းထွက်ပြီး အပြင်လျှောက် လည်ချင်စိတ်တောင် ပေါက်လာတယ်၊ ဒီလိုသာယာကြည်နူးနေတုန်း

"အမလေး …"

အစ်မတစ်ယောက်ရဲ့ စူးစူးဝါးဝါးအော်သံ ကြားလိုက်ရတယ် လေ၊ ဒန်းပေါ်က လှမ်းကြည့်လိုက်တဲ့အခါ အစ်မဟာ မြေပေါ် ပုံ လျက်သား ကျနေပြီး သူ့ရင်ဝမှာ ရွှေရောင် မြွေ တစ်ကောင်လို လက်နက်ပုန်းတစ်ခု စိုက်ဝင်နေတာ တွေ့ရတယ်၊ အဆိပ်ရှိလို့ ချက် ချင်းသေသွားတယ်၊ အဲဒီအချိန်မှာ မေမေလည်း လန့်ဖျပ်ပြီး ခုန် ဆင်းချင်ပေမယ့် မရတော့ဘူး၊ ဒန်းက အရှိန်နဲ့ မြင့်တက်လိုက်၊ နိမ့်ဆင်းလိုက်ရှိနေတုန်းပဲ၊ အစ်ကိုနန်းရောင်ကို လှမ်းကြည့်လိုက်တဲ့ အခါမှာတော့ …"

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ နန်းရောင်ကို အဓိပ္ပာယ် ပါပါ လှမ်းကြည့်လိုက်လေသည်။

"အစ်ကိုကြီး နန်းရောင် ရှင်ကော"

သူမသည် စကားဆက်လိုက်သည်။

"ကျွန်မ မှတ်မိတာကတော့ ရှင်က အိမ်ထဲဝင်ပြေးပြီး မိန်း ကလေး သုံးယောက်ကို အပြင်ဘက်မှာ ပစ်ထားခဲ့တယ် မဟုတ်လား"

နန်းရောင်၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"ကျုပ်တစ်ယောက်တည်း သူ့ကို မခုခံနိုင်ဘဲ သွားပြီး ရင် ဆိုင်ရင် သေသွားမှာပေါ့၊ ဒါကြောင့် စစ်ကူသွားခေါ်တာ"

ဝင်ယီက စကားဆက်လိုက်သည်။

"ငါ ကြောင်တောင်တောင် ဖြစ်နေစဉ်မှာ အုတ်နံရံပေါ်မှာ လူရိပ်တစ်ခု ငါ စီးနေတဲ့ ဒန်းပေါ် ခုန်ဆင်းလိုက်တယ်၊ သူက ဒန်းကို တအားလွှဲလိုက်တော့ ဒန်းက အပေါ်မြောက်တက်သွားတော့တာပဲ"

သူမသည် ခေတ္တနားပြီး စကားဆက်လိုက်သည်။

"ဒန်းက အုတ်ခုံကို ကျော်တက်သွားတဲ့အခါ သူက ငါ့ရဲ့ ခါးကိုဖက်ပြီး အုတ်နံရံ အပြင်ဘက်ကို ခုန်ထွက်သွားတော့တာပဲ"

သူမသည် တစ်ချိန်တုန်းက အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်သည့်အလား သူမ၏ မျက်လုံးအစုံသည် အဝေးသို့ ကြည့်နေသည်။

"ငါ ထိတ်လန့်သွားတာပဲ၊ နှစ်ယောက်စလုံး ကျပြီးသေသွားလိမ့်မယ်လို့ ထင်တာ၊ သူက သစ်ပင်တစ်ပင်ကို လက်တစ်ဖက်နဲ့ အကိုင်းတစ်ကိုင်းကို တွယ်ထားပြီး အသာအယာ ခုန်ဆင်းလိုက်တော့ မြေပေါ်ကို ချောချောမောမော ရောက်ရှိသွားပါတယ်"

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါ သတိရလာတဲ့အခါမှာ သူ့ကို လက်သီးနဲ့ ထုတော့တာပဲ၊ သူက လက်ညှိုးနဲ့ ငါ့ပခုံးကို တစ်ချက် ထောက်လိုက်တာနဲ့ တစ်ကိုယ်လုံး ပျော့ခွေပြီး လှုပ်ရှားလို့မရတော့ဘူး"

ဝမ်စိန်ကြည်က မျက်မှောင်ကြုတ်သွားသည်။

"သူက အဒေါ်ရဲ့ သွေးကြောကို ပိတ်လိုက်တာဖြစ်ရမယ်"

ဝင်ယီက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ် ... သူက ငါ့ရဲ့ သွေးကြောကိုပိတ်ပြီး လိုဏ်ဂူတစ်ခုထဲကို ခေါ်သွားတယ်၊ ဟိုရောက်မှ သွေးကြောကို ဖြေပေးလိုက်တယ်"

ဝင်ချင်းချင်းက နားထောင်ရင်း စိတ်ဝင်စားလာသည်။

ဝင်ယီက စကားဆက်လိုက်သည်။

"အဲ့ဒီတုန်းက ဒေါသလည်းထွက်၊ ရှက်လည်းရှက်ဆိုတော့ ကိုယ့်ကိုယ်ကို သေကြောင်းကြံတာပေါ့၊ သူက ငါ့ကို အချိန်မီ ဆွဲထားလိုက်လို့ပေါ့"

သူမသည် နဖူးပေါ်မှ အမာရွတ်ကို ညွှန်ပြလိုက်သည်။

သူမ၏နဖူးပေါ်တွင် ကြီးမားသော အမာရွတ်တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ဝင်ယီက စကားဆက်လိုက်သည်။

"ငါ အသက်မသေဘဲ သတိမေ့သွားတယ်၊ သတိရလာတဲ့အခါမှာ လိုဏ်ဂူထဲ ရောက်နေတာကို တွေ့ရတော့တယ်"

သူမသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ နောက်ထပ် သေကြောင်းကြံမှာကို ကြောက်လို့နဲ့တူတယ်၊ သူကတစ်ချိန်လုံး ဘယ်မှမသွားဘဲ စောင့်နေတယ်၊ အစားအသောက်ကိုလည်း ကျွေးတယ်၊ ငါကတော့ ဘယ်စားမလဲ၊ တစ်ချိန်လုံး ငိုနေတာပေါ့၊ သူက စားသောက်ဖို့ အမျိုးမျိုး ချော့ပါတယ်၊ ငါက လုံးဝ သူ့ကို စကားမပြောဘဲ နေလိုက်တယ်"

ဝမ်စိန်ကြည်က နားထောင်ရင်း ပို၍ စိတ်ဝင်စားလာသည်။

ဝင်ယိက စကားဆက်လိုက်ပြန်သည်။

"အဲဒီညကပဲ သူက လိုက်ဂူအပေါက်မှာ ထိုင်ပြီးတော့ သီချင်းဆိုပြမယ်လို့ ပြောပါတယ်၊ ငါကတော့ နားမထောင်ချင်ဘူးလို့ ပြောလိုက်တယ်"

သူမသည် ထိုအချိန်တုန်းက အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်တော့သည်။

✤ ✤ ✤

လရောင်သည် ထိန်ထိန်သာနေသည်။

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။

ရွှေမျှော်ခင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။

သို့သော် လှပသာယာနေသည်။

သူ၏ မျက်လုံးအစုံသည် မြွေစားသခင်ဆီ ရောက်သွားသည်။

မြွေစားသခင်မှာ လိုဏ်ဂူဝတွင် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေသည်။

မြွေစားရှင်၏ မျက်လုံးအစုံသည် လိုဏ်ဂူထဲ၌ ကျုံ့ကျုံ့ကလေးထိုင်နေသော ဝင်ယိအား ငေးမော၍ ကြည့်နေသည်။

ဝင်ယိမှာ မျက်နှာကို တခြားလွှဲထားလိုက်၏။

မြွေစားသခင်က ပြုံးပြလိုက်သည်။



"အိပ်ပါကွယ်၊ မင်းကို သီချင်းဆိုပြီး သိပ်ပါ့မယ်"

ဝင်ယိက နှုတ်ခမ်းမဲ့လိုက်သည်။

"ကျွန်မ မကြားချင်ဘူး"

သူသည် ထိုင်ရာမှ ထခုန်လိုက်သည်။

"မင်းကို ဆွံ့အနေတယ်လို့ ထင်နေတာ၊ စကားလည်း ပြောတတ်တာကိုး"

ဝင်ယိက ခပ်ပြင်းစွာဖြင့် ...

"ကျွန်မ ဆွံ့အနေတာ မဟုတ်ဘူး၊ ဒါပေမယ့် လူဆိုးတွေနဲ့ စကားမပြောချင်ဘူး"

မြွေစားသခင်က စကားမပြောတော့ပါ။

ဝမ်းသာပီတိဖြစ်စွာဖြင့် ကျေးရွာသီချင်းများကို သီဆိုတော့သည်။

သူသည် ညဉ့်နက်သန်းခေါင်အထိ သီချင်းဆိုနေသည်။

ဝင်ယိသည် သီချင်းသံကို နားထောင်ရင်း မျက်လွှာများ စင်းပြီး နောက်ဆုံး အိပ်ပျော်သွားလေသည်။

✤ ✤ ✤

နောက်တစ်နေ့ နံနက်။

ဝင်ယိ အိပ်ရာနိုးလာသောအခါ သူ့ကို မတွေ့ရတော့ပါ။

ဝင်ယိသည် မိမိအတွက် ထွက်ပြေးရန် အခွင့်အရေးရလာသည်ဟု တွေးမိသွားသည်။

သူမ လိုဏ်ဂူထဲမှ ထွက်လာသည်။

သို့သော် လိုဏ်ဂူအပြင်သို့ ရောက်ရှိလာသောအခါ သူမ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

အကြောင်းမှာ သူမရောက်နေသော လိုဏ်ဂူမှာ အလွန်မတ်စောက်သော တောင်တစ်လုံးပေါ်၌ တည်ရှိနေသည်ကို တွေ့ရသည်။

တောင်အောက်သို့ ဆင်းရန်မှာ လုံးဝလမ်းမရှိဘဲ ကိုယ်ဖော့ အလွန်ကောင်းသော လူသာလျှင် အတက်အဆင်း ပြုလုပ်နိုင်မည် ဖြစ်သည်။

သူမသည် စိတ်ပျက်စွာဖြင့် လိုဏ်ဂူထဲသို့ ပြန်လည်ဝင်ရောက်ပြီး ထိုင်ချလိုက်သည်။

ထို့နောက် ငိုကြွေးလေတော့သည်။

✤ ✤ ✤

မွန်းတည့်ချိန် ရောက်လာပြီဖြစ်သည်။

ဝင်ယီသည် အလွန်မောပန်းသွားသဖြင့် ငိုကြွေးနေရာမှ ရပ်တန့်လိုက်သည်။

ထိုစဉ်မှာပင် မြွေစားသခင် ပြန်လည်ရောက်လာလေသည်။

သူ့လက်ထဲတွင် အထုပ်ကလေးများ မွေ့ပိုက်လာသည်ကို တွေ့ရ၏။

"ဒီမှာ မင်းအတွက် ငါ ပစ္စည်းတွေ အများကြီးဝယ်လာတယ်"



သူကပြောရင်း အထုပ်ကိုဖြေလိုက်ရာ အလွန်တန်ဖိုးကြီးသော လက်ဝတ်လက်စားများနှင့် အလှပြင်ပစ္စည်းများဖြစ်လေသည်။

ဝင်ယီ လက်မခံဘဲ ဒေါသကြီးစွာဖြင့် ထိုပစ္စည်းများကို လွှင့်ပစ်လိုက်လေသည်။

မြွေစားသခင်က စိတ်ဆိုးခြင်းမရှိသည့်အပြင် ရယ်မောစွာဖြင့် ကြည့်နေလေသည်။

သူသည် အသင့်ပါလာသော အစားအစာများကို သူမရှေ့သို့ လာရောက်ချပေးလေသည်။

ဝင်ယီသည် ထိုအစားအသောက်များကို မစားပါ။

သို့သော် လွှင့်ပစ်ခြင်း မပြုတော့ပါ။

နှုတ်ခမ်းစူ၍သာ ထိုင်နေသည်။

ညအချိန် ရောက်လာသည်။

ထိုအခါ သူသည် သီချင်းများ ထပ်မံဆိုပြလေသည်။

ဝင်ယီသည် မြွေစားသခင်မှာ မိမိအပေါ် လုံးဝ စော်ကားခြင်း မရှုပ်ဘဲ လေးလေးစားစားဆက်ဆံသည်ကို တွေ့ရသောအခါ အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

✤ ✤ ✤

နောက်တစ်နေ့ ဝင်ယီ အိပ်ရာမှနိုးလာသောအခါ လိုဏ်ဂူအတွင်း မြွေစားသခင်အား မတွေ့ရတော့ပါ။

မွန်းတည့်ချိန် ရောက်ရှိလာသောအခါ မြွေစားသခင်သည် ပုံမှန်အတိုင်း ရောက်ရှိလာပြန်သည်။

သူသည် ပစ္စည်းအတော်များများ ပါလာသည်ကို တွေ့ရသည်။

သို့သော် ဤတစ်ကြိမ်ပါလာသော ပစ္စည်းများမှာ သက်ရှိသော ပစ္စည်းများ ဖြစ်နေသည်။

သူပါလာသော ပစ္စည်းများမှာ ကြက်ကလေး၊ လိပ်ကလေး၊ ကြောင်ကလေးများပင် ဖြစ်သည်။

ထို့ကြောင့် ဝင်ယိက သက်ရှိသော ပစ္စည်းများကို မလွှင့်ပစ်ရက်နိုင်တော့ဘဲ အဖော်ပြုရလေတော့သည်။

ညအချိန် ရောက်ရှိလာသောအခါ ထုံးစံအတိုင်း သူသည် သီချင်းဆိုပြသည်။

သူ၏အသံ အလွန်ကောင်းသဖြင့် အလွန်နားထောင်၍ကောင်းသည်။

ထို့ကြောင့် ဝင်ယိ နားထောင်ရင်း အိပ်ပျော်သွားသည်။

ဤသို့ဖြင့် လိုဏ်ဂူထဲတွင် သူတို့နှစ်ယောက်သည် တစ်လကျော်မျှ အတူတကွ နေထိုင်ခဲ့သည်။

မြွေစားသခင်သည် သူမအပေါ် လက်ညှိုးဖြင့်ပင် မတို့ပါချေ။

သူမအပေါ် အမြဲတစေ ယုယကြင်နာစွာဖြင့် ပြုစုသည်ကိုတွေ့ရသည်။

သို့သော် ဝင်ယိမှာမူ မြွေစားသခင်အား စကားတစ်လုံးမျှ မပြောခဲ့ပါ။

သူမက မည်ကဲ့သို့ စိမ်းစိမ်းကားကား နေထိုင်သော်လည်း မြွေစားသခင်က မည်သည့်အခါမှ စိတ်ဆိုးခြင်းမရှိချေ။



တစ်နေ့ . . .

ထုံးစံအတိုင်း မြွေစားသခင်က မွန်းတည့်ချိန် ပြန်လည်ရောက်ရှိလာသောအခါ ဝင်ယိအား မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသည်ကို တွေ့ရသည်။

ဝင်ယိက ထိတ်လန့်သွားသဖြင့် ငိုကြွေးလိုက်သည်။

မြွေစားသခင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မငိုပါနဲ့ကွယ်၊ ကျုပ်က တစ်ခုခုကိုတွေးမိလို့ စိတ်ထိခိုက်ပြီး အခုလို မျက်နှာထား တင်းသွားတာပါ"

ထိုည မြွေစားသခင် သီချင်းမဆိုဘဲ အိပ်ရာပေါ်သို့ စောစောဝင်ရောက် လဲလျောင်းနေသည်ကို တွေ့ရသည်။

ဝင်ယိ မျက်လုံးကိုမှိတ်ကာ အိပ်ပျော်ရန် ကြိုးစားနေသည်။

သို့သော် အမှတ်မထင် ငိုသံကြားလိုက်ရသဖြင့် သူမက အိပ်ရာမှထလိုက်သည်။

အသံကြားရာသို့ သတိထားကြည့်လိုက်သည်။

သူမသည် အကြီးအကျယ် အံ့သြသွားသည်။

အကြောင်းမှာ မြွေစားသခင် ကျိတ်၍ ငိုကြွေးနေခြင်းဖြစ်သည်ကို တွေ့ရှိရသောကြောင့် ဖြစ်သည်။

ဝင်ယိသည် အလွန်ရိုးသားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

အလွန်ကြမ်းတမ်းရက်စက်သော မြွေစားသခင် ဝမ်းနည်းပက်လက် ငိုကြွေးနေသည်ကို တွေ့ရသောအခါ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

ထိုစဉ် ရုတ်တရက် မိုးရွာချလိုက်သည်။

မိုးရေကြောင့် သူ၏တစ်ကိုယ်လုံး စိုရွှဲသွားသည်။

ဝင်ယိ မကြည့်ရက်နိုင်ပါ။

မြွေစားသခင်သည် တုတ်တုတ်မျှ မလှုပ်ဘဲ ငိုကြွေးနေသည်။

မိုးသည် ပို၍ပြင်းထန်စွာ ရွာချလိုက်သည်။

ဝင်ယိ မနေသာတော့ပေ။

သူမသည် သူ့အနီးသို့ လျှောက်သွားသည်။

"ရှင် ... ရှင် ... ဘာဖြစ်လို့ ငိုနေရတာလဲ"

အတန်ကြာတော့မှ မြွေစားသခင်က မျက်ရည်ကို သုတ်လိုက်ပြီး ဝင်ယိအား ဒေါသကြီးစွာဖြင့် ကြည့်လိုက်သည်။

"မနက်ဖြန်ဆိုရင် ငါ့အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်၊ အစ်မရယ် သေတဲ့နေ့ပါပဲ၊ ကျုပ်တို့မိသားစုတစ်ခုလုံးကို အဲဒီနေ့မှာပဲ မင်းတို့လူက သတ်ပစ်လိုက်တာ"

ဝင်ယိ ရင်ထိတ်သွားသည်။

သူမ၏ခြေလှမ်းသည် မသိမသာနောက်သို့ ဆုတ်သွားလေသည်။

မြွေစားသခင်က ဆတ်ခနဲ ထလိုက်သည်။

"ငါ အခု မင်းအိမ်ကို သွားမယ်၊ မင်းအဖေက ငိုမိဂိုဏ်းနဲ့ ရှောင်လင်ဂိုဏ်းက လူတွေကို အကူအညီခေါ်ထားတာ တွေ့ရတယ်"

သူသည် မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါပေမယ့် ငါမကြောက်ပါဘူး"



သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ တောင်အောက်သို့ ပြေးဆင်းသွားသည်။

✤ ✤ ✤

နောက်တစ်နေ့ည ...။

မြွေစားသခင်က ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပါ။

အဘယ့်ကြောင့်မှန်းမသိ ဝင်ယိစိတ်ထဲတွင် အနည်းငယ် စိုးရိမ်လာသည်။

မြွေစားသခင်သည် မိမိ၏ မိသားစုနှင့် မဟာရန်သူဖြစ်ခဲ့သည်။

ယခုလည်း မိမိအိမ်သို့ ရောက်ရှိရန်ရှာနေပြီလော။

အမှန်ဆိုရလျှင် မိမိ ဖခင်တို့က အနိုင်ရရှိပြီး မြွေစားသခင်က မရှုမလှ ရှုံးသွားစေရမည့် ဆန္ဒဖြစ်ပေါ်ရမည့် မဟုတ်ပါလော။

သို့သော် ထူးဆန်းသည်မှာ သူ၏စိတ်ထဲတွင် မြွေစားသခင် ဘေးမသီရန်မခ ပြန်ရောက်ပါလေဟု ထူးဆန်းသော စိတ်ဆန္ဒဖြစ်ပေါ်နေ၏။

ဤသို့ဖြင့် ဝင်ယိသည် ဂနာ မငြိမ်နိုင်တော့ဘဲ အပြင်ထွက်ပြီး မျှော်နေရသည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းလာသည့်တိုင်အောင် မြွေစားသခင်က ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပါ။

သူမသည် စတုတ္ထအကြိမ် အပြင်သို့ ထွက်လိုက်တော့မှ တောင်တက်လမ်းပေါ်တွင် လူရိပ်များ ပြေးလွှားနေကြသည်ကို တွေ့မြင်လိုက်ရသည်။

သူမသည် သေချာစွာ ကြည့်လိုက်တော့မှ အပေါ်သို့ ရှေးဦးစွာ တက်ရောက်လာသူ မြွေစားသခင်ဖြစ်သည်။ သူ့နောက်တွင် ရသေ့တစ်ပါး ဖြစ်သည်။

ရသေ့၏နောက်တွင် ဖိုးသူတော် တစ်ယောက်ဖြစ်သည်။ နောက်ဆုံး လိုက်လာသောလူမှာ ဝင်ယိ၏ ဖခင်ဖြစ်သည်။

သူတို့သည် အပေါ်သို့ရောက်ရှိလာသောအခါ မြွေစားသခင်က သူ၏ရွှေမြွေစားပုံစံဖြင့် နောက်ပြန် ခုခံတိုက်ခိုက်ပြန်လေသည်။ တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ရာ မြွေစားသခင်က အရေးနိမ့်လာသည်ကို တွေ့ရလေသည်။

ဝင်ယိသည် မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်သည်။

ဝင်မိန်စန်းသည် ဝင်ယိ၏ အသံကြားလိုက်ရသဖြင့် ဝင်ယိအား တွေ့မြင်သွားလေသည်။

သူသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ဝင်ယိထံ ပြေးလွှားလာလေသည်။ ဝင်ယိက ဝမ်းသာသွားသည်။

"ဖေဖေ ... မြန်မြန်လာပါ"

ဝင်မိန်စန်းက ...

"ဝင်ယိ ဘာဖြစ်သွားသေးသလဲ"

"ဝင်ယိက ...

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ စိတ်မပူပါနဲ့"

ဝင်မိန်စိန်းက ...



"ဒါဆိုရင် ဒီလူကို အရင်ဆုံး သတ်ပြီးမှ လုပ်စရာရှိတာ ဆက်လုပ်မယ်"

သူတို့သည် မြွေစားသခင်အား ဝိုင်း၍ တိုက်ခိုက်ပြန်လေသည်။

✤ ✤ ✤

တိုက်ပွဲသည် ပြင်းထန်လှပေသည်။

ဝင်မိန်စန်းတို့ သုံးယောက်သည် မြွေစားသခင်အား ဖိ၍ တိုက်ခိုက်နေ၏။ ရသေ့နှင့် ဖိုးသူတော်တို့မှာ သိုင်းပညာ အလွန်မြင့်မားသဖြင့် မြွေစားသခင်မှာ တိုက်ခိုက်ရင်း တဖြည်းဖြည်း အရေးနိမ့်လာ၏။

သူ၏ခန္ဓာကိုယ် တစ်ခုလုံးမှာ ချွေးများ စို့ရွှဲနေသည်။

သူတို့သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရာမှ မြွေစားသခင်သည် ရုတ်တရက် ခြေလှမ်းယိမ်းယိုင်သွားပြီး ချော်လဲမတတ် ဖြစ်သွားသည်။

ဖိုးသူတော်၏ သံမဏိတောင်ဝှေးသည် သူ၏ကိုယ်ပေါ်သို့ ဦး၍ တအား ရိုက်ချလိုက်သည်။

"အမလေး"

ဝင်ယိက ထိတ်လန့်တုန်လှုပ်စွာဖြင့် လွတ်ခနဲ အော်လိုက်လေသည်။

မြွေစားသခင်သည် အလွန် မောဟိုက်နေရာမှ ဝင်ယိ၏ အော်သံကြားလိုက်ရသဖြင့် အမှတ်မထင် လှည့်ကြည့်လိုက်လေသည်။

ဝင်ယီ၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှုများကို မြင်တွေ့ရသဖြင့် အဘယ်ကြောင့်မှန်းမသိ သူသည် စိတ်ဓာတ်များ တက်ကြွလာသည်။

"မစိုးရိမ်ပါနဲ့ ညီမ"

သူသည် ပြောပြီးသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ရွှေရောင်အလင်းတန်းတစ်ခုသည် ဗိုးသူတော်၏ ပခုံးတည့်တည့်သို့ ပစ်လွှင့်သွားသည်။

"အား ..."

ဗိုးသူတော်က အော်ဟစ်လိုက်ပြီး နောက်သို့ ဆုတ်သွားရာ တောင်အောက်သို့ လွင့်စဉ်လိမ့်ကျသွားသည်။

ဝင်မိန်စန်းနှင့် ရသေ့တို့သည် ထိတ်လန့်တုန်လှုပ်သွားသည်။

မြွေဓားသခင်က ဝင်မိန်စန်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ထိုစဉ် ရသေ့က သူ၏နောက်ကျောသို့ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ပြန်သည်။

"ယား ..."

မြွေဓားသခင်က နောက်သို့လှည့်၍ ဓားဖြင့် တိုက်ခိုက်လိုက်သည်။

"အား ..."

ရသေ့သည် နောက်သို့ ပက်လက်လန် လဲကျသွားပြီး တောင်အောက်သို့ လွင့်စဉ်ကျသွားတော့သည်။



မြွေဓားသခင်သည် ဝင်မိန်စန်းထံသို့ ဆက်လက် တိုက်ခိုက်လိုက်သည်။

ဝင်မိန်စန်းသည် မိမိနှင့်အတူ ပါလာသော ထိပ်တန်းသိုင်းသမား နှစ်ယောက်စလုံး သေဆုံးသွားသည်ကို တွေ့ရသောအခါ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပြန်လည် ခုခံရန်ပင် သတိမေ့နေသည်။

ဝင်ယီက လိုဏ်ဂူထဲမှ ပြေးထွက်လာရင်း ...

"ရပ်လိုက် ... ရပ်လိုက်"

ဟု ကျယ်လောင်စွာ အော်ဟစ်ဟန့်တားလိုက်၏။

မြွေဓားသခင်သည် ဝင်မိန်စန်း၏ ရင်ဝသို့ သူ၏ ဓားက ရောက်ရှိလုလုဖြစ်နေစဉ် ဝင်ယီ၏အသံ ကြားလိုက်ရသောအခါ ဓားကို ရပ်တန့်လိုက်သည်။

ဝင်ယီက ...

"ဒါ ... ဒါ ကျွန်မအဖေရှင့်"

မြွေဓားသခင်က ဝင်မိန်စန်းအား တစ်ချက်ကြည့်လိုက်သည်။

"ခင်ဗျား အမြန်ဆုံး ထွက်သွားပါ"

ဝင်မိန်စန်းက မမျှော်လင့်ဘဲ အသက်ချမ်းသာရာ ရသွားသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝင်ယီသည် တစ်နေ့နှင့်တစ်ည အစားအစာ မစားထားသဖြင့် ဗိုက်ဆာ၍ အားနည်းနေစဉ် မိမိ၏ ဖခင် အသတ်ခံရမည်ကို စိုးရိမ်ကာ ထွက်၍ ဟန့်တားလိုက်သည်။

သူမ၏ ဖခင်မှာ အသက်ချမ်းသာရာ ရရှိသည်ကို တွေ့ရသော အခါ ဝမ်းသာပီတိဖြစ်ကာ ရုတ်တရက် မြေပေါ်သို့ လဲကျသွားသည်။

မြွေစားသခင်သည် ဝင်ယိ လဲကျသွားသည်ကို တွေ့ရသော အခါ ကမန်းကတန်း ပွေ့ထူလိုက်သည်။

ဝင်ယိသည် မြွေစားသခင်၏ ပခုံးမှကျော်၍ ဖခင်၏ မျက်လုံး အစုံတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင် ထွက်ပေါ်လာ သည်ကို တွေ့မြင်လိုက်ရ၏။

ထိုစဉ် ဝင်မိန်စန်းက ဖိုးသူတော်၏ သံမဏိတောင်ဝှေးကို ကောက်ကိုင်လိုက်ပြီး မြွေစားသခင်၏ နောက်ကျောကို တအား ရိုက်ချလိုက်သည်။

ဝင်ယိက မနေနိုင်တော့ဘဲ အော်လိုက်သည်။

"သတိထား ..."

မြွေစားသခင်သည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် ရှောင်တိမ်းရန် အချိန်မမီတော့ပါ။ သူ၏ဦးခေါင်း ကို ကမန်းကတန်း ဘေးသို့ရှောင်တိမ်းပေးလိုက်သည်။

"ဝုန်း ..."

သံမဏိတောင်ဝှေးသည် သူ၏ကျောပေါ်သို့ ရိုက်ချမိလိုက် သည်။

မြွေစားသခင်သည် နောက်သို့လှည့်လိုက်ပြီး သံမဏိတောင် ဝှေးကို ဖမ်းဆုပ်လိုက်သည်။

ထို့နောက် သူသည် လက်ဝါးနှစ်ဖက်ဆင့်ကာ ဝင်မိန်စန်းထံ သို့ တစ်လှမ်းချင်း လျှောက်သွားသည်။



ဝင်မိန်စန်းက ရှောင်တိမ်း၍ မရမှန်း သိလိုက်သဖြင့် အသေ ခံရန် မျက်နှာလွှဲချလိုက်သည်။

မြွေစားသခင်က ဝင်ယိအား တစ်ချက်ကြည့်လိုက်သည်။

သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ် စိတ်ထားမပြောင်းခင် ခင်ဗျား အမြန်ဆုံး ထွက်သွား ရင် ကောင်းမယ်ထင်တယ်"

ဝင်မိန်စန်းသည် စကားတစ်ခွန်းမှ မပြောတော့ချေ။

ထို့နောက် ချာခနဲလှည့်ကာ တောင်အောက်သို့ဆင်းသွားသည်။

မြွေစားသခင်၏ ဒဏ်ရာမှာ အလွန်ပြင်းထန်နေသည်။

"ဝေါ့ ..."

သူသည် သွေးများအန်ချလိုက်သဖြင့် ဝင်ယိ၏ ခန္ဓာကိုယ် ပေါ်တွင် သွေးများ ပေကျံသွားသည်။

သူသည် ခြေလှမ်းယိမ်းယိုင်ကာ လိုဏ်ဂူထဲသို့ ဝင်သွားလေ သည်။

ထို့နောက် ဆေးလုံးများ ယူ၍ မျိုချလိုက်၏။

သူ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း သူ၏ ဟန်မူရာ ရွှင်ရွှင်ပျပျ ရှိနေသည်ကို တွေ့ရသည်။

ဝင်ယိ ငိုကြွေးနေသည်ကို တွေ့ရသဖြင့် သူမထံသို့ ချဉ်းကပ် သွားသည်။

"မင်း ဘာဖြစ်လို့ ငိုနေရတာလဲ"

ဝင်ယိက မျက်ရည်သုတ်လျက် ...

"ရှင့်ဒဏ်ရာ တော်တော်များ ကြီးသလားဟင်"

မြွေစားသခင်က ပြုံးပြလိုက်သည်။

"ငါ့အပေါ်မှာ မင်းက ဂရုစိုက်နေတာကိုး"

သူသည် ခေါင်းခါယမ်းလိုက်၏။

"ဒဏ်ရာက တော်တော်ပြင်းတယ်၊ ဒါပေမယ့် ကျုပ် အခု ဆေးသောက်ထားလိုက်တဲ့အတွက် စိုးရိမ်စရာမရှိပါဘူး"

သူသည် ဝင်ယိ၏ မျက်နှာအား သေချာစွာ စိုက်ကြည့်လိုက်သည်။

"မင်းရဲ့ ဦးလေးဟာ ငါ့ရဲ့ မိသားစု တစ်ခုလုံးကို သတ်လိုက်တယ်၊ ငါကလည်း ကလဲ့စားချေတဲ့အနေနဲ့ မင်းတို့ အိမ်ကလူကို လိုက်သတ်တယ်"

ဝင်ယိ သက်ပြင်းချလိုက်၏။

"အခုလို ရှင်နဲ့ ကျွန်မတို့နဲ့ တစ်ယောက်ကိုတစ်ယောက် သတ်နေရင် ဒီရန်ကြွေးဟာ ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး"

မြွေစားသခင် ခေါင်းညိတ်လိုက်၏။

"အခုအချိန်ကစပြီး မင်းတို့ မိသားစုကို မသတ်တော့ပါဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ၊ မင်းကိုလည်း ကောင်းကောင်းမွန်မွန် အိမ်ကို ပြန်ပို့ပေးပါ့မယ်"

ဝင်ယိက ...

"ရှင် ဒဏ်ရာရနေတယ်၊ ကျွန်မကို လိုက်ပို့လို့ ဖြစ်ပါ့မလား"

မြွေစားသခင် ခေါင်းညိတ်လိုက်၏။



"ဟုတ်သားပဲ၊ ဒဏ်ရာသက်သာလာရင် လိုက်ပို့ပေးပါ့မယ်၊ ဒီရက်ထဲမှာတော့ စိတ်ချလက်ချ လွတ်လွတ်လပ်လပ် နေပါနော်"

ဝင်ယိသည် ထိုစကား ကြားလိုက်ရသောအခါ ဝမ်းသာပီတိ ဖြစ်သွားသည်။

မည်သို့ဆိုစေ မြွေစားသခင်က မိမိတို့ မိသားစုအပေါ် ဆက်လက် ရန်မမူတော့ပါဟူသော စကားကြောင့် သူမသည် မြွေစားသခင်အား စေတနာသန့်သန့်ဖြင့် ပြုစုပေးသည်။

သူ့အတွက် သူက ဆေးကျိုပေးသည်။ ထမင်းချက်ပေးသည်။ အဝတ်ဖွပ်ပေး၏။ သို့သော် မြွေစားသခင်၏ ဒဏ်ရာမှ ကောင်းမွန်လာသည်ကို မတွေ့ရပေ။

ထို့ပြင် တစ်နေ့တခြား ပို၍ဆိုးရွားလာသည်ကို တွေ့ရလေသည်။

တစ်နေ့ သူသည် တစ်နေကုန် သတိမရဘဲ ဖြစ်နေသည်။

ဝင်ယိသည် အလွန်စိုးရိမ် ဝမ်းနည်းသွားသဖြင့် ငိုကြွေးလေသည်။ သူမသည် အားရပါးရ ငိုကြွေးနေစဉ်မှာပင် မြွေစားသခင်က မျက်လုံးဖွင့်လိုက်သည်။

သူမသည် ကြောင်အမ်းအမ်း ဖြစ်သွားစဉ် မြွေစားသခင်က ပြုံးပြလိုက်၏။

"မစိုးရိမ်ပါနဲ့ကွယ်၊ ငါ မသေနိုင်ပါဘူး"

ဟု အေးအေးဆေးဆေး ပြောလိုက်၏။

✤ ✤ ✤

နောက်နှစ်ရက်အကြာတွင် မြွေစားသခင် သက်သာလာသည်။ ဝင်ယိ စိတ်သက်သာရာ ရသွား၏။

အကယ်၍သာ မြွေစားသခင် သေဆုံးသွားလျှင် မိမိ တစ်ယောက်တည်း တောင်အောက်ကို မဆင်းနိုင်သဖြင့် ဒုက္ခရောက်နေမည် မဟုတ်ပါလော။

ယခုမူ မြွေစားသခင်၏ ဒဏ်ရာမှာ တစ်နေ့တခြား သက်သာလာသဖြင့် သူမသည် စိတ်သက်သာလာရခြင်း ဖြစ်သည်။

ထိုအချိန်အခါ ဝင်ယိသည် အရွယ်ရောက်ကာစ မိန်းကလေးတစ်ယောက်ဖြစ်သည့်အလျောက် လောကအတွေ့အကြုံလည်း မရှိသဖြင့် ရန်သူကိုလည်း ရန်သူဟု မမြင်ချေ။

မြွေစားသခင်သည် မိမိတို့ မိသားစုနှင့် မဟာရန်သူဖြစ်ခဲ့သော်လည်း အစစအရာရာ ကြင်နာယုယသည်ကို တွေ့ရသဖြင့် မြွေစားသခင်အပေါ် မုန်းတီးခြင်းမရှိသည့်အပြင် အတူတကွ နေထိုင်လာခဲ့သောကြောင့်လားမသိ သံယောဇဉ်ပင် ရှိလာလေသည်။

ဤသို့ဖြင့် သူ၏ဒဏ်ရာသည် တစ်နေ့တခြား သက်သာလာလေတော့သည်။

✤ ✤ ✤

မြွေစားသခင်၏ ဒဏ်ရာများသည် တစ်နေ့တခြား ကောင်းမွန်လာသည်။

သို့သော် သူ၏ ဟန်မူရာမှာ တစ်နေ့တခြား သုန်မှုန်လာသည်ကို တွေ့ရ၏။



"ရှင် ဘာတွေအလိုမကျလို့ မျက်နှာသုန်မှုန်နေတာလဲ"

မြွေစားသခင်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ် ဒဏ်ရာပျောက်သွားရင် မင်းကို ပြန်ပို့ရမယ်လို့ တွေးမိလိုက်တိုင်းမှာ ရန်ထဲမှာ ဟာတာတာ ဖြစ်နေလို့ပါ"

ဝင်ယိက မျက်မှောင်ကြုတ်သွားသည်။

"ကျွန်မ ပြန်သွားတာကို ရှင်က မလိုလားဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဟို ... ကျွန်မအိမ် ကျွန်မပြန်ရမှာပေါ့၊ ဒီမှာ တစ်သက်လုံးနေလို့ ဖြစ်ပါ့မလား"

မြွေစားသခင်က သက်ပြင်းချလိုက်ပြန်သည်။

ဖြစ်နိုင်မယ်ဆိုရင်တော့ ငါက မင်းအနားက တစ်ဖဝါးမှ မခွာချင်ဘူး"

ဝင်ယိက သူ၏မျက်နှာကို စိုက်ကြည့်လိုက်၏။

မြွေစားသခင်၏ မျက်လုံးအစုံသည် မျက်ရည်များ ရစ်ဝဲနေသည်ကို တွေ့ရသည်။

"ရှင် ငိုနေတယ် ဟုတ်လား"

"မြွေစားသခင်က သူမ၏မျက်နှာကို မော့ကြည့်လိုက်သည်။

"မင်းက ပြန်သွားတယ်ဆိုရင် ငါ့ရဲ့ အသည်းနှလုံးကို ထုတ်ယူသွားသလို ခံစားရမယ်ထင်တယ်"

ဝင်ယိ၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားမှုတစ်ခု ဖြစ်ပေါ်လာသည်။

သူမသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ အသံတိုးတိုးဖြင့်

"ကျွန်မ အခုမပြန်သေးပါဘူး၊ ရှင်နဲ့အတူတူ နေဦးမယ်လေ"

မြွေစားသခင် ဝမ်းသာသွားသည်။

သူသည် လဲလျောင်းနေရာမှ ထထိုင်လိုက်ပြီး လိုဏ်ဂူအပြင်ဘက်ထွက်၍ အုမြူးခုန်ပေါက်နေလေသည်။

✤ ✤ ✤

တစ်နေ့....။

မြွေစားသခင်က ဝင်ယိအား မြေပုံတစ်ခု ထုတ်ပြလိုက်လေသည်။

"မင်းကို အိမ်ပြန်ပို့ပြီးတဲ့နောက်မှာ ကျုပ်က ဒီမြေပုံအတိုင်း ရတနာသိုက်ကို ရှာရမယ်"

ဝင်ယိ မျက်မှောင်ကြုတ်သွားသည်။

"ရှင် ဒီမြေပုံကို ဘယ်ကရလိုက်သလဲ"

မြွေစားသခင်က ...

"ဒီမြေပုံကို ကျုပ်က မမျှော်လင့်ဘဲ ရရှိထားတာ"

"ဒီမြေပုံက ရတနာသိုက်မြေပုံ ဟုတ်လား"

"ဟုတ်တယ် ... ကျုပ် စုံစမ်းရသလောက်ဆိုရင် ဒီမြေပုံ ညွှန်ပြတဲ့ ရတနာသိုက်ဟာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တော်တော်များများ ရှိတယ်လို့ သိရတယ်၊ ဒါကြောင့် မင်းကို အိမ်ပြန်ပို့ပြီးရင် ဒီမြေပုံအတိုင်း ရတနာသိုက်ကို ရှာရမယ်၊ ရတနာသိုက်ကို ရှာလို့တွေ့ရင် မင်းကိုလာပြီး တောင်းရမ်းမယ်"



ထိုနေ့ညမှာပင် မြွေစားသခင်သည် ဝင်ယိအား အိမ်အနီးအထိ လိုက်ပို့ပေးသည်။

✤ ✤ ✤

ဝမ်စိန်ကြည်သည် ဝင်ယိ၏ ပုံပြင်ဆန်သော အချစ်ဇာတ်လမ်းကို ကြားသိလိုက်ရသောအခါ သူသည် မိမိရရှိထားသော သိုင်းကျမ်းစာအုပ်တွင် ပါရှိသော မြေပုံကို သတိရလာလေသည်။

ဝင်ယိသည် သူ၏ဇာတ်လမ်းကို အဆုံးသတ်လိုက်ပြီး မကျေမနပ်သော လေသံဖြင့် ...

"ငါ အိမ်ပြန်ရောက်လာတဲ့အခါမှာ အားလုံးက ငါ့ကို အထင်သေးကြတယ်"

သူမသည် ဝမ်စိန်ကြည်အား စိုက်ကြည့်လိုက်သည်။

"ကြည့်စမ်းပါကွယ်၊ သူတို့က ကိုယ့်သမီးကို မကာကွယ်နိုင်ဘူး၊ ငါ့ဟာငါ သန့်ရှင်းစွာ ပြန်လာတာကို အားလုံးက အမျိုးမျိုးထင်ကြတယ်၊ စော်ကားကြတယ်၊ ဒါကြောင့် ငါလည်း သူတို့ကို စကားမပြောဘူးလေ"

ဝင်ချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မေမေ မှန်တယ်"

ဝမ်စိန်ကြည်က ...

"ဆက်ပြောပါဦးဗျာ"

ဝင်ယိက စကားဆက်လိုက်သည်။

"ငါက အိမ်ပြန်လာတဲ့အခါ တစ်နေ့ သူ ငါ့ကိုပြန်ခေါ်လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ အဲဒီလိုနဲ့ သုံးလအကြာမှာ ညတစ်ညမှာ သီချင်းဆိုသံ ကြားလိုက်ရတယ်၊ အသံကို ငါက မှတ်မိလိုက်တာနဲ့ ပြတင်းပေါက်ကို ဖွင့်ပေးလိုက်တယ်၊ အဲဒီညကစပြီး သူနဲ့ငါဟာ လင်မယားဖြစ်သွားတော့တာပဲ"

ဝမ်စိန်ကြည်က မေးလိုက်သည်။

"ဒါနဲ့ သူပြန်လာတယ်ဆိုရင် ရတနာသိုက်ကို တွေ့ခဲ့လို့ ဟုတ်လား"

ဝင်ယိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူက သွားပြီး တူးဖော်ခြင်း မပြုသေးသော်လည်း နေရာကတော့ တွေ့ထားတယ်လို့ ပြောတယ်"

ဝင်ချင်းချင်းက ...

"နောက်ကော ..."

ဝင်ယိက ...

"အဲဒီညမှာပဲ သူနဲ့ငါနဲ့ ရတနာသိုက်ကို သွားပြီး တူးဖော်ဖို့ တိုင်ပင်ကြတယ်၊ အဲဒါကို သူတို့က ကြားသွားတယ်ကွယ့်"

ဝမ်စိန်ကြည်က မျက်မှောင်ကြုတ်သွားပြီး ...

"မြွေစားသခင် ရောက်လာတာကို သူတို့က သိသွားတယ်ဆိုပါတော့"

ဝင်ယိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... နောက်တစ်နေ့မနက်မှာ တို့နှစ်ယောက်



အတူတူ ထွက်သွားမယ်လုပ်တုန်း တံခါးခေါက်သံ ကြားလိုက်ရတယ်၊ ငါကလည်း တံခါးဖွင့်လိုက်တယ်၊ အဲဒီအခါမှာ ဖေဖေနဲ့ ဦးလေးတို့ကို တွေ့ကြရတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကြုတ်သွားသည်။

"သူတို့က မြွေစားသခင်ကို ဖမ်းကြမလို့ ဟုတ်လား"

ဝင်ယိက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ဒီတစ်ခါ သူတို့ကိုကြည့်ရတာ တော်တော်ထူးခြားတယ်ကွယ့်"

ဝင်ချင်းချင်းက ...

"ဘာလို့ထူးခြားတာလဲ မေမေ"

ဝင်ယိ၏ မျက်လုံးအစုံသည် အဝေးသို့ ရောက်ရှိသွားပြန်လေတော့သည်။

✤ ✤ ✤

အခန်းတံခါး ပွင့်သွားသည်။

အခန်းတံခါးအဝတွင် ဝင်မိန်စန်း၊ ဝင်မိန်တတို့ ရပ်နေသည်ကို တွေ့ရလေသည်။

ထူးခြားသည်မှာ သူတို့မှာ လက်နက်များ မပါလာကြပါ။ ထို့အပြင် အင်္ကျီလက်ရှည်များ ဝတ်ဆင်ထားကြသည်ကို တွေ့ရလေသည်။

မြွေစားသခင်နှင့် ဝင်ယိတို့က ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ ဝင်မိန်စန်းက ပြုံးပြလိုက်သည်။

"ကဲ ... မင်းတို့အကြောင်းတွေ ငါတို့အားလုံး သိပြီးပါပြီ၊ ဒါဟာလည်း ရေးဘဝဖူးစာပဲလို့ ကျုပ်ကယုံကြည်ပါတယ်၊ ဒါကြောင့် မင်းတို့ရဲ့ အချစ်ရေးကို ဖေဖေ့အနေနဲ့ လုံးဝ မကန့်ကွက်တော့ပါဘူး"

ဝင်ယိက ဖခင်၏ စကား ကြားလိုက်ရသောအခါ ဝမ်းသာသွားလေသည်။

မြွေစားသခင်က ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဝင်မိန့်စန်းက ...

"အခုအချိန်ကစပြီး မင်းတို့ ငါတို့ ရန်ငြိုးတွေကို ပြေပျောက်ကြပါစို့"

မြွေစားသခင်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကျုပ်က နောက်ထပ် လူမသတ်တော့ပါဘူးလို့ သူ့ကို ကတိပေးပြီးသားပါ"

ဝင်မိန့်စန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်"

သူသည် ဝင်ယိ၏ လက်ထဲတွင် ပိုက်ထားသော အထုပ်ကလေးကို ကြည့်လိုက်သည်။

"သမီးတို့က ထွက်ပြေးကြတော့မလို့ ဟုတ်လား"

ဝင်ယိ ပါးပြင်တစ်ခုလုံး နီရဲသွားသည်။ ဝင်မိန့်စန်းက ခေါင်းခါရမ်းလိုက်ရင်း ...

"ဖေဖေ သဘောတူပါတယ်၊ ထွက်ပြေးစရာမလိုပါဘူး၊ လူသိရှင်ကြား လက်ထပ်ရမှာပေါ့"



မြွေစားသခင်က ဝင်ယိအား လှည့်ကြည့်လိုက်သည်။

ဝင်ယိက ခေါင်းညိတ်ပြလိုက်သဖြင့် မြွေစားသခင်က ဦးညွှတ်လိုက်သည်။

"ဦးက မကန့်ကွက်ဘူးဆိုရင် ကျွန်တော်တို့က ထွက်ပြေးစရာ မလိုတော့ပါဘူး"

ဝင်မိန့်စန်းက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ် ... မင်းတို့ အေးအေးဆေးဆေး နေကြ၊ ဖေဖေက နေ့ကောင်းရက်သာရွေးပြီး လက်ထပ်ပေးပါ့မယ်"

သူတို့သည် ပြောပြီး အေးအေးဆေးဆေး ထွက်ခွာသွားကြသည်။

✤ ✤ ✤

နောက် သုံးရက်အကြာတွင် ဝင်မိန့်စန်းသည် မင်္ဂလာဆောင် အခမ်းအနား ပြင်ဆင်တော့၏။

အိမ်သူအိမ်သားများတို့သည် မင်္ဂလာဆောင်ကိစ္စနှင့် ပတ်သက်ပြီး အလုပ်ရှုပ်နေကြ၏။

မြွေစားသခင်သည် ဝင်ယိ၏အခန်းတွင်ပင် နေထိုင်သည်။ သို့သော် သူသည် ဝင်မိန့်စန်းအပေါ် လုံဝစိတ်မချသေးပါ။

ပို့သမျှ စားသောက်ဖွယ်ရာများကို လာပို့သူအား အနည်းငယ် ကျွေးကြည့်သည်။

လုံးဝ စိတ်ချရတော့မှ သူက စားသည်။ ထို့အပြင် သူသည်

စားသောက်လိုရာ အစားများကို ညဘက်ကျမှ ကိုယ်တိုင်သွားရောက် ဝယ်ယူ၍ စားသောက်ကြ၏။

ဤသို့ဖြင့် လက်ထပ်ရန် တစ်ရက်အလို ရောက်လာသောအခါ အရာရာသည် ချောချောမောမော ရှိနေသည်ကို တွေ့ရလေသည်။

မြွေစားသခင်ကလည်း အနည်းငယ် စိတ်ချသွားပုံရ၏။

ထိုည ဝင်ယိသည် မိခင်ခေါ်၍ မိခင်အခန်းသို့ သွား၏။ သားအမိတို့သည် စကားလက်ဆုံကြပြီး သူမ ပြန်မည်အပြုတွင် မိခင်ဖြစ်သူက မြေပဲအချိုရည်တစ်ခွက်ကို လှမ်းပေးလိုက်လေသည်။

"ဟောဒီ မြေပဲအချိုရည်ကို မေမေကိုယ်တိုင် ပြုတ်ထားတာ၊ မင်းယောကျ်ားစားဖို့ ယူသွားပါ"

ဝင်ယိသည် မိခင်က မိမိ၏ခင်ပွန်းအပေါ် ကြင်နာယုယသည်ဟု ထင်မှတ်ကာ ဝမ်းပန်းတသာဖြင့် မြေပဲအချိုရည်ကို ယူ၍ပြန်လာသည်။

အခန်းထဲ၌ မြွေစားသခင်က အေးဆေးစွာ လဲလျောင်းနေသည်ကို တွေ့ရ၏။

"အစ်ကို မအိပ်သေးဘူးလား"

မြွေစားသခင်က လဲလျောင်းရာမှ ထလိုက်သည်။

"မင်း ပြန်မလာသေးလို့ ငါက စိတ်ပူနေတာ"

"အစ်ကိုကလဲကွယ်၊ နောက်တစ်ရက်ကို လက်ထပ်ရတော့မှာပဲ၊ ဘာဖြစ်လို့ စိတ်မချသေးတာလဲ"

မြွေစားသခင်က ပြုံးလိုက်၏။



"အခုတော့ စိတ်ချပါပြီကွယ်"

ဝင်ယိသည် လက်ထဲမှ မြေပဲအချိုရည်ပန်းကန်ကို လှမ်းပေးလိုက်၏။

"ရော့ ... အစ်ကိုသောက်ဖို့"

မြွေစားသခင် ဝမ်းသာသွားသည်။

"ကြည့်စမ်း ... မင်းက အစ်ကို စားဖို့ သတိရတာကိုး"

သူသည် ပြောရင်း မြေပဲအချိုရည်ကို ပန်းကန်တစ်ဝက်ခန့် မော့ချလိုက်၏။

"ကဲ ... ငါကတော့ သောက်ပြီးပြီ၊ မင်းလည်း သောက်လိုက်ဦး"

ဝင်ယိက ပြုံးလိုက်၍၏။

"အစ်ကို သောက်ပါ၊ ကျွန်မ မသောက်ချင်သေးဘူး"

ထိုစဉ် မြွေစားသခင်သည် ရုတ်တရက် ထရပ်လိုက်၏။ သူသည် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"မင်း ... မင်းက ရက်စက်လှချည်လား"

ဝင်ယိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘယ်လိုပြောလိုက်တာလဲ ၊အစ်ကိုရဲ့"

မြွေစားသခင်က သူမအား မျက်လုံးပြူး၍ စိုက်ကြည့်သည်။

"မင်းက ဘာဖြစ်လို့ ငါ့ကို အဆိပ်ခတ်လိုက်ရတာလဲ"

ထိုစဉ်မှာပင် ...

"ဝှန်း ..."

အခန်းတံခါးပွင့်သွားသည်။ အခန်းဝတွင် ဝင်မိန်စန်းနှင့် ဝင်မိန်တတို့အပြင် အခြားလူ လေးငါးယောက်ခန့် ပါရှိနေသည်ကို တွေ့လိုက်ရ၏။

အံ့ဖွယ်ကောင်းသည်မှာ သူတို့၏ လက်ထဲတွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသည်ကို တွေ့ရ၏။

ဝင်မိန်စန်းက …

"သမီး မင်း အပြင်ထွက်ခဲ့စမ်း"

ဝင်ယိသည် အားလုံးကို နားလည်လိုက်၏။

ဖခင်တို့လူစုသည် မြွေဓားသခင်အား အသေသတ်ရန် ကြိုတင်ပြင်ဆင်ထားမှန်း သိရှိလိုက်၏။

"ကျွန်မ မထွက်ဘူး၊ သူ့ကိုသတ်ချင်ရင် ကျွန်မကိုပါ သတ်လိုက်ပါ"

မြွေဓားသခင်သည် ဝင်ယိက မိသားစုနှင့် ပေါင်း၍ သူ့အား အဆိပ်ခတ် လုပ်ကြံသည်ဟု အထင်လွဲနေ၏။

ယခုမှာမူ ဝင်ယိမှာ အဆိပ်ခတ်သည့် မြေပဲအချိုရည်ထဲ၌ အဆိပ်ခတ်သည့်အကြောင်း လုံးဝမသိရှိသည်ကို အကဲခတ်မိပေသည်၊

သူသည် ထိုင်ရာမှထလိုက်ပြီး …

"ဝင်ယိ ဒီမြေပဲအချိုရည်ထဲမှာ အဆိပ်ခတ်ထားတယ်ဆိုတာ မင်း မသိဘူးလား"

ဝင်ယိက မြေပဲအချိုရည် ပန်းကန်ကို ကောက်ကိုင်လိုက်သည်၊

"ဒီမြေပဲအချိုရည်ထဲမှာ အဆိပ်သာရှိမယ်ဆိုရင် ကျွန်မ ရှင်နဲ့အတူ သေပါ့မယ်"



သူမသည် ပြောပြီး မြေပဲအချိုရည်ပန်းကန်ကို သောက်ချလိုက်ရန် ဟန်ပြင်လိုက်လေသည်။

မြွေဓားသခင်က ကမန်းကတန်း မှောက်ချလိုက်၏။

ဝင်ယိမှာ အနည်းငယ် သောက်မိသွား၏၊

သူက ရယ်မောလိုက်၏။

"အတူတူသေတာပဲ ကောင်းပါတယ်လေ"

ထိုစဉ် ဝင်မိန်တက လှမ်းအော်လိုက်၏။

"ဒီမှာ မြွေဓားသခင် မင်း သတ္တိရှိရင် အပြင်ထွက်ခဲ့ပါ"

မြွေဓားသခင်က မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ် ခင်ဗျားတို့ကို ကြောက်နေရမှာလား"

သူက ပြောပြီး ဝင်ယိ၏ လက်ကိုဆွဲကာ အခန်းထဲမှ ထွက်လာတော့သည်။

✤ ✤ ✤

အပြင်ဘက်၌ တိုက်ခိုက်ရန် အသေးစိတ် ပြင်ဆင်ထားပြီး ဖြစ်၏။

မြွေဓားသခင်သည် အပြင်သို့ ရောက်ရှိလိုက်သည်နှင့် ဝင်မိန်စန်း ဦးဆောင်သော လူလေးယောက်တို့က ဝိုင်းရံ တိုက်ခိုက်လိုက်၏။

သို့သော် သူသည် မြေပဲအချိုရည် သောက်ထားမိခြင်း ဖြစ်သည်။

ယင်းအချိုရည်တွင် ဝင်မိန်စန်း၏ မိရိုးဖလာ ဖော်စပ်ထားသော ပျားရည်တစ်မျိုး ပါဝင်နေ၏။

ယင်းပျားရည် သုံးမိပါက အသက်သေဆုံးခြင်း မရှိသော်လည်း တစ်ကိုယ်လုံး ခွန်အားချည့်နဲ့ပြီး မျက်လုံးဖွင့်မရဘဲ အိပ်ပျော်သွားနိုင်၏။

အိပ်လိုက်ပါက တစ်နေ့နှင့်တစ်ည ကြာမှ နိုးလာလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် ... မြွေစားသခင်သည် တိုက်ခိုက်ရင်း ကိုယ်ပေါ်တွင် ဒဏ်ရာရ၍ မျက်လုံးကလည်း မပွင့်ချင်သောကြောင့် မြေပေါ်သို့ လဲကျသွား၏။

သူတို့သည် မြွေစားသခင်အား ကြိုးဖြင့် တုပ်နှောင်နေသောအခါ ဝင်ယိကလည်း သတိမေ့၍ လဲကျသွားတော့သည်။

✤ ✤ ✤

ဝင်ယိသည် သတိရလာသောအခါ မြွေစားသခင်၏ ကိုယ်ပေါ်တွင် မြေပုံရှာ၍မတွေ့တော့သည်ကို ပြောသံကြားလိုက်ရလေသည်။

အလွန်ရက်စက်သော ဝင်မိန်စန်းနှင့် ဝင်မိန်တတို့က မြွေစားသခင်၏ ခြေကြောနှင့် လက်ကြောတို့ကို ဖြတ်လိုက်၏။

ထို့ကြောင့် မြွေစားသခင်မှာ အသက်မသေဆုံးသည့်တိုင်အောင် သိုင်းပညာ လုံးဝ အသုံးပြု၍ မရတော့ချေ။ ဝင်ယိသည် သူတို့ယင်းကဲ့သို့ ပြုခြင်းမှာ မရမက စစ်ဆေးမေးမြန်းလိမ့်မည်ဟု နားလည်လိုက်၏။



ထို့နောက် သူတို့သည် မြေပုံထားသောနေရာ လိုက်လံရှာဖွေပေးရန် မြွေစားသခင်အား ခေါ်ဆောင်သွားကြလေတော့သည်။

ဝင်ယိသည် သူတို့ ရက်စက်ပုံများကို တွေ့ရသဖြင့် ဝမ်းနည်းကြေကွဲကာ မြေပေါ်သို့ မူးမေ့လဲကျသွားတော့၏။

မြွေစားသခင်၏ ကံကြမ္မာ မည်သို့ဖြစ်လာမည်ကို မမျှော်မှန်းနိုင်သော်လည်း သူမမှာ ကိုယ်ဝန်ရှိကြောင်းကို ကောင်းစွာ သိရှိလိုက်၏။

✤ ✤ ✤

ဝင်ယိသည် ဝမ်းနည်းပက်လက်ဖြင့် အတိတ်၏ ရင်နာဖွယ်ဖြစ်ရပ်များကို ပြောပြီး ဝင်ချင်းအား ရင်ခွင်ထဲသို့ ဆွဲသွင်း၍ ငိုကြွေးနေလေတော့၏။

"သမီးရေ ... ညည်းအဖေကို သတ်တာ ညည်းတို့ အဘိုးနဲ့ ညည်းတို့ ဦးလေးတွေပဲဟေ့"

ဝင်မိန်တက ဒေါသတကြီးဖြင့် အော်ပြောလိုက်၏။

"ဒီမှာ ဝင်ယိ စကားကြည့်ပြောပါ၊ မင်း သတိထားပြောရင် ကောင်းမယ်"

ဝင်ယိက ရယ်မောလိုက်၏။

"ငါက ဘာဖြစ်လို့ သတိထားရမှာလဲ၊ ငါ သေရမှာကို မကြောက်ဘူးဟေ့"

သူမသည် ဝင်းစိန်ကြည်ဘက်သို့ လှည့်လိုက်သည်။

"လောဘကောင်တွေလေ ... မြေပုံကိုတော့ ရလိုက်ပါတယ်၊ ဒါပေမယ့် အတုသာ ရလာတယ်ကွယ့်"

သူမက မဲ့၍ စကားဆက်လိုက်သည်။

"သူတို့ငါးယောက်က နန်းကင်းဖြို့မှာ ခြောက်လကြာ အလုပ်ရှုပ်သွားတယ်၊ ငွေတစ်သောင်း အရင်းပြုတ်သွားတယ်၊ တစ်ပြားမှ ပြန်မရလိုက်ဘူး"

သူမက အားရပါးရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဝမ်းသာလိုက်တာ၊ ဟား ... ဟား"

ဝင်မိန်ဟတို့ ငါးယောက်သည် ဝင်ယီအပေါ် မကျေမနပ်ဖြစ်နေသော်လည်း ဝမ်စိန်ကြည်အား ကြောက်ရွံ့၍ အထဲသို့ မဝင်လာရဲပါ။

ဝင်ယီက စကားဆက်လိုက်ပြန်သည်။

"သူတို့ ခေါ်သွားပြီးနောက် သတင်းအစအနတောင် မကြားရတော့ပါဘူးလေ၊ သူက အလွန်မာနကြီးတာ၊ ဒီဘဝမျိုး ဖြစ်သွားတယ်ဆိုရင် သူ့ကိုသူ သတ်သေမှာ သေချာတယ်"

ထိုစဉ် ဝင်မိန်အိက စိန်ခေါ်လိုက်ပြန်သည်။

"ဒီမှာ ဝမ်စိန်ကြည် ... ခင်ဗျား သတ္တိရှိရင် ထွက်ခဲ့ပါ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ ... ကျုပ်အခု ခြေကုန်လက်ပန်းကျနေတယ်၊ တစ်နာရီအချိန်ပေးပါ၊ တစ်နာရီပြီးတာနဲ့ ငါထွက်ခဲ့မယ်"

✤ ✤ ✤



တစ်နာရီဟူသော အချိန်သည် အလွန်တိုတောင်းလှပေသည်။ ဝင်မိန်တ၏ အသံ ထပ်မံ ပေါ်ထွက်လာသည်။

"ဝမ်စိန်ကြည် တစ်နာရီပြည့်သွားပြီ"

ဝမ်စိန်ကြည်သည် စကားမပြောတော့ဘဲ ဓားကိုဆွဲကာ ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် အပြင်သို့ တစ်လှမ်းချင်း လှမ်းထွက်လိုက်လေသည်။

အခန်းအပြင်သို့ ရောက်သောအခါ ဝန်မိန်တတို့က တိုက်ခိုက်ခြင်း မပြုပါ။

ဝမ်စိန်ကြည်က မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုလဲ"

ဝင်မိန်တက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး ဧည့်ခန်းမသို့ ညွှန်ပြလိုက်သည်။

"မင်း သတ္တိရှိရင် ဧည့်ခန်းမှာသွားပြီး ယှဉ်ပြိုင်မယ်"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ခင်ဗျားတို့ ကြိုက်တဲ့နေရာရွေးပါ၊ ကျုပ်ကတော့ အချိန်မရွေး လက်ခံမှာပဲ"

ဝင်မိန်တက ဦးညွှတ်လိုက်သည်။

"ဒါဖြင့် ကြွပါ"

သူသည် ပြောပြီး ရှေ့ဆုံးမှ ထွက်ခွာသွားသည်။

ဝမ်စိန်ကြည် နောက်မှ လိုက်သွားသည်။

✤ ✤ ✤

ဤနေရာသည် ဧည့်ခန်းမဟုတ်ပါ။

သိုင်းပညာ လေ့ကျင့်သော ခန်းမကြီးတစ်ခုဖြစ်သည်။

ခန်းမ၏ လေးဘက်လေးတန်တွင် ကြီးမားသော ဖယောင်းတိုင်များဖြင့် ထိန်လင်းစွာ ထွန်းညှိထားသည်။

ခန်းမ၏ အလယ်ဗဟိုတွင် ကုလားထိုင်တစ်လုံးရှိသည်။

ဝင်မိန်တက ...

"ကုလားထိုင်ပေါ်မှာ ထိုင်ပါဗျာ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်ပြီး ထိုကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

သူက ထိုင်ချလိုက်သည်နှင့် ဝင်မိန်တတို့ ညီအစ်ကိုငါးယောက်တို့သည် ကုလားထိုင်တစ်လုံးစီယူ၍ ဝမ်စိန်ကြည်အား ဝိုင်းရံထားပြီး နေရာယူလိုက်သည်။

သူတို့သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်နှင့် မျက်လွှာချ၍ ငြိမ်သက်နေကြသည်။

သူတို့ ငါးယောက်အပြင် ဝင်နန်ရောင်နှင့် ဝင်ချင်းချင်း သိုင်းသမား ၁၆ ယောက်တို့သည် ကုလားထိုင် ၁၆ လုံးဖြင့် အပြင်ဘက်၌ ဝိုင်းရံ၍ ထိုင်နေကြသည်။

ဝမ်စိန်ကြည်သည် ထိုလူများ ယူထားသော နေရာတို့မှာ သိုင်းရုစ်ကွက် အင်းအနေအထားဖြင့် နေရာယူထားခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

ထိုဝိုင်းရံထားသော နေရာမှ ရုန်းကန်ထွက်ပြေးရန်မှာ အလွန်ခက်ခဲသည်။



သူသည် ကုလားထိုင်ပေါ်၌ တင်ပျဉ်ခွေထိုင်၍ လက်နှစ်ဖက်အောက်သို့ တန်းလန်းချထားလိုက်သည်။

မိမိဆရာ သင်ကြားပေးထားသော သိုင်းပညာရပ်များကို ပြန်လည် သုံးသပ်မိသည်။

အပြန်ပြန်အလှန်လှန် သုံးသပ်မိသောအခါ မိမိ၏ ပညာသည် ထိုလူပေါင်း (၂၁) ယောက်အား ရင်ဆိုင်ရာတွင် ကိုယ့်ကိုယ်ကို ကာကွယ်ရုံမျှသာ ကာကွယ်နိုင်သည်။

ဖောက်ထွက်နိုင်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။

အကယ်၍ အချိန်ကြာသွားပါက မိမိမှာ ရှုံးနိမ့်သွားမည်သာဖြစ်သည်။

သူသည် တွေးရင်း စိုးရိမ်စိတ်များ ဖြစ်ပေါ်လာသည်။

ထိုစဉ် အတွေးတစ်ခုက သူ၏ခေါင်းထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။

ရွှေမြွေကျမ်းထဲတွင် နောက်ဆုံး စာရွက်များကို သတိရလာသည်။

ထိုစာမျက်နှာများပေါ်တွင် ပါရှိသော ကျမ်းကွက်များအား
ပထမတွင် သူသည် နားမလည်နိုင်ဘဲ ဖြစ်နေခဲ့သည်။

ဒုတိယအကြိမ် လိုဏ်ဂူထဲသို့ ထပ်မံရောက်ရှိသွားတော့မှ နံရံပေါ်တွင်ပါရှိသော ပုံများကျမ်း၏ မျက်နှာဖုံးနှင့် စာရွက်ကြားမှ ပါရှိသော လျှို့ဝှက်တိုက်ခိုက်နည်းများကို တွေ့ရှိတော့မှ နားလည်လာခြင်း ဖြစ်သည်။

သို့သော် ထိုအချိန်အခါ ဖော်ပြပါ သိုင်းပညာသည် အဘယ်ကြောင့် ယင်းသို့ ရှုပ်ထွေးနေသည်ကို နားမလည်နိုင်ပေ။

အကြောင်းမှာ ရန်သူနှင့် ရင်ဆိုင်သည့်အခါ ရန်သူက မည်မျှအဆင့်မြင့်သည့်တိုင်အောင် တစ်ချိန်တည်း တစ်ခါတည်း လေးဘက်လေးတန်မှ တိုက်ခိုက်နိုင်မည်မဟုတ်ဟု ယုံကြည်၏။

ဖော်ပြပါ သိုင်းပညာရပ်များမှ ရန်သူက တစ်ချိန်တည်း တစ်ခါတည်း လေးဘက်လေးတန်မှ တိုက်ခိုက်လာပြန်လည်း ခုခံနိုင်ရန် တီထွင်ထားသော သိုင်းပညာရပ်ဖြစ်သည်။

သူသည် တွေးရင်း တွေးရင်း နားလည်လိုက်သည်။

တစ်ချိန်တုန်းက မြွေစားသခင်သည် ရှုံးနိမ့်သွားသဖြင့် လွတ်မြောက်ထွက်ပြေးပြီးနောက် တီထွင်လိုက်သော သိုင်းပညာရပ်ဖြစ်သည်။

သို့သော် သူ၏ခြေကြော လက်ကြောများ ပြတ်နေသဖြင့် ထိုသိုင်းပညာများကို မှတ်တမ်းတင် ရေးသားထားသည်မှအပ ပြန်လည် ကလေ့စား မချေနိုင်ဖြစ်ခဲ့သည် မဟုတ်ပါလော။

✤ ✤ ✤

ဝမ်စိန်ကြည်သည် ယင်းသို့တွေးရင်း သူ၏ မမြင်မတွေ့ဘူးသော ဆရာ မြွေစားသခင်အတွက် ထိုလူများအား တုံ့ပြန်နိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။

အကယ်၍သာ ကျေးဇူးရှင်ဆရာ မြွေစားသခင်က တမလွန်



ဘဝမှ သိရှိမည်ဆိုလျှင် အလွန်ကျေနပ်ဝမ်းသာမည်သာ ဖြစ်မည်ဟု ယုံကြည်လေသည်။

ယင်းသို့ တွေးမိလိုက်သည်နှင့် စိုးရိမ်သော စိတ်များ လွင့်ပျောက်သွားသည်။

မျက်လုံးဖွင့်၍ကြည့်လိုက်ရာ ဖယောင်းတိုင်သည် တစ်လက်မခန့်သာ ကျန်တော့သည်ကို တွေ့ရလေသည်။

ဝင်မိန်တတို့ လူစုသည် ဝမ်စိန်ကြည်၏ မျက်နှာ အမျိုးမျိုးပြောင်းလဲနေသည်ကို တွေ့ရသဖြင့် နားမလည်နိုင်ဘဲ ကြည့်နေကြသည်။

သို့သော် သူတို့သည် ဝမ်စိန်ကြည်အား အနိုင်ရမည်ဟု တစ်ထစ်ချ ယုံကြည်နေကြသဖြင့် မည်သူကမျှ ဂရုမပြုကြပေ။

သူတို့သည် မျက်လုံးများပြူး၍ ဝမ်စိန်ကြည် ထွက်မပြေးနိုင်အောင် စောင့်ကြပ်ကြည့်ရှုနေသည်။

ဝမ်စိန်ကြည်က မျက်လုံးမှိတ်ထားပြန်လေသည်။

သူက ရွှေမြွေသိုင်းကျမ်းတွင် ပါဝင်သော သိုင်းပညာရပ်များကို အစအဆုံးထိ ထပ်မံသေသေချာချာ စဉ်းစားလိုက်ပြန်သည်။

သူသည် ရှုပ်ထွေးသော ဂုန်လျှော်ကို ဓားအမြန်ခုတ်ဟူသော သိုင်းကွက်ကို တွေးမိသောအခါ ရုတ်တရက် ထိတ်လန့်သွား၏။

တစ်ကိုယ်လုံး ချွေးပျံလာသည်။

"ဟိုက် … အဲဒါမှ ဒုက္ခ"

အကြောင်းမှာ ယင်းသိုင်းကွက်နောက်တွင် ပါရှိသော သိုင်း:

ကွက်များမှာ အလွန်ထက်မြက်သော ဓားဖြင့် အသုံးပြုရမည်ဖြစ်သည်။

ယခုမှာမူ လက်ထဲတွင် ရွှေမြွေဓားမရှိပါ။

သူသည် အခက်ကြုံနေပြီဖြစ်သည်။

ဝင်ချင်းချင်းသည် သူ့အား တစ်ချိန်လုံး စောင့်ကြည့်နေသည်။

သူ၏မျက်နှာပေါ်တွင် ထိတ်ထိတ်ပျာပျာဖြစ်သော အရိပ်အယောင် ပေါ်လွင်လာပြီး နဖူးပေါ်မှ ချွေးများထွက်နေသည်ကို တွေ့ရသဖြင့် သူမ၏ရင်ထဲ၌ စိုးရိမ်သွားလေသည်။

✤ ✤ ✤

ဖယောင်းတိုင်မီးစသည် ကုန်ဆုံးတော့မည် ဖြစ်သည်။

ဝမ်စိန်ကြည်သည် နည်းလမ်းကိုရှာ၍ မရသေးသဖြင့် အလွန်စိုးရိမ်ပူပန်နေ၏။

ထိုအချိန်မှာပင် အိမ်ဖော်တစ်ယောက်သည် ရေနွေးကြမ်း ပန်းကန်လုံးယူ၍ ဝမ်စိန်ကြည်ရှေ့သို့ လျှောက်လာသည်။

"အစ်ကိုကြီး ... ရေနွေးသောက်လိုက်ပါဦး"

ဝမ်စိန်ကြည်သည် အာရုံစူးစိုက်စွာ စဉ်းစားနေသဖြင့် ရေနွေးကြမ်း ပန်းကန်လှမ်းယူလိုက်ပြီး သောက်ရန် ဟန်ပြင်လိုက်ရာ ...

"ချွမ်း ..."

မြားကလေးတစ်စင်းသည် ပန်းကန်လုံးအား ထိမှန်ပြီး အောက်သို့ကျ၍ အပိုင်းပိုင်းအစစ ကွဲသွားလေသည်။



ဝမ်စိန်ကြည်က မျက်လုံးဖွင့်၍ကြည့်လိုက်ရာ ဝင်ချင်းချင်း၏ ညာဘက်လက် နောက်သို့ ရုပ်သွားသည်ကို တွေ့ရသဖြင့် သူမက ပစ်ချလိုက်ခြင်းဖြစ်သည်ဟု သိရှိလိုက်လေသည်။

သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။

"ငါ့နယ် တော်တော့်ကို အသုံးမကျဘူး၊ ဒီရေနွေးကြမ်းထဲမှာ အဆိပ်ခတ်လိုက်ရင် ငါ ဒုက္ခရောက်သွားမှာပေါ့"

ထိုစဉ်မှာပင် ဝင်မိန်ဂူး၏ အသံ ပေါ်ထွက်လာသည်ကို ကြားလိုက်ရသည်။

"ဟင်း ... ဒီလိုအမေမျိုးရှိတော့ ဒီလို သမီးမျိုး ရှိတာပေါ့၊ တို့မိသားစုက ကံကိုဆိုးပါတယ်၊ ဒီလို သစ္စာဖောက်တဲ့ မိန်းမယုတ်တွေကို မွေးမှမွေးပစ်တတ်ပလေတယ်"

ဝင်ချင်းချင်းက အညှံ့မခံ တုံ့ပြန်လိုက်သည်။

"လူငယ်တွေကို မပြောနဲ့၊ လူကြီးတွေကကော အယုတ်မာဆုံး အလုပ်ကို ဘာဖြစ်လို့ လုပ်နေကြတာလဲ"

ဝင်မိန်ဂူးက ဒေါသကို မထိန်းနိုင်တော့ဘဲ ဝင်ချင်းချင်းအား ရိုက်ရန် ဟန်ပြင်လိုက်သည်။

ဝင်မိန်တက လက်ကာပြလိုက်သည်။

"ငါ့ညီ ဒေါသကို ချုပ်တည်းထားပါ၊ ဒီကောင့်ကို ဂရုစိုက်ဖို့ အရေးကြီးတယ်"

ထိုစဉ် ဝမ်စိန်ကြည်၏ မျက်နှာပေါ်တွင် ပြုံးယောင်သန်းလာလေသည်။

ဝင်ချင်းချင်း၏ လှုပ်ရှားမှုကြောင့် သူသည် တစ်စုံတစ်ခုကို သတိရလာလေသည်။

"ဟုတ်သားပဲ၊ ငါ သူတို့ကို လက်နက်ပုန်းနဲ့ ပစ်နိုင်သားပဲ၊ နောက်ပြီး ငါ့ကိုယ်ပေါ်မှာလည်း မုစန်းရသေ့ ပေးထားတဲ့ မြွေပိုးမျှင် အင်္ကျီ ရှိသားပဲ၊ အရေးကြုံရင် သူတို့ရဲ့ ဓားကို အထိခံပြီး လက်နက်ပုန်းနဲ့ ပြန်ပစ်ရလိမ့်မယ်"

ထိုစဉ်မှာပင် ဖယောင်းတိုင်မီးက ငြိမ်းလုငြိမ်းခင် ဖြစ်လာလေသည်။ သူသည် ထိုင်ရာမှထလိုက်လေသည်။

"ကဲ ... ကျုပ်ကတော့ အသင့်ရှိပါပြီ"

ဝင်မိန်တကက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... စကြတာပေါ့"

သူသည် အောက်လက်ငယ်သားများကို နောက်ထပ် ဖယောင်းတိုင်များ ထွန်းညှိစေလေသည်။

ဝမ်စိန်ကြည်က ...

"ဒီတစ်ခါ ယှဉ်ပြိုင်ပြီး အရှုံးအနိုင်ကို ဘယ်လိုဆုံးဖြတ်ကြမလဲ"

ဝင်မိန်တကက ...

"မင်းနိုင်ရင်တော့ မြွေတွေအကုန် ယူသွား၊ မင်းက ရှုံးရင်တော့ ပြောစရာလိုသေးသလား"

ဝမ်စိန်ကြည်သည် မိမိရှုံးနိမ့်သွားပါက အသက်ချမ်းသာရာ ရမည်မဟုတ်ဟု နားလည်သည်။



သို့သော် အနိုင်ရလျှင် သူတို့သည် မြွေများပေးချင်မှ ပေးမည်ဟု သံသယဖြစ်လာသည်။ ထို့ကြောင့် သူသည် အကြံပြုလိုက်လေသည်။

"ကောင်းပြီလေ ... ခင်ဗျားတို့ မြွေတွေအားလုံး ထုတ်ထားလိုက်ပါ၊ ကျုပ်က နိုင်တဲ့အခါမှာ အဆင့် ယူနိုင်တာပေါ့ဗျာ"

ဝင်မိန်တကက မိမိတို့ဘက်မှ အမှန်တကယ် နိုင်လိမ့်မည်ဟု ယုံကြည်ထားသောကြောင့် သူသည် ဝင်ချင်းချင်းဘက်သို့ လှည့်လိုက်သည်။

"ကဲ ... မြွေတွေကို ဟောဒီစားပွဲမှာ လာပုံထားစမ်းပါ"

ဝင်ချင်းချင်းက မကျေမနပ်ဖြင့် မြွေချောင်းများကို အခန်းထဲသို့ ယူဆောင်လာလေသည်။

ဝင်မိန်စန်းက ...

"ကဲ ... မြွေချောင်းပေါ် တက်ကြစမ်း"

ဟု အမိန့်ပေးလိုက်ရာ ဝင်မိန်တတို့ ညီအစ်ကိုငါးယောက်သည် မြွေချောင်းပေါ်သို့တက်၍ မတ်တတ်ရပ်ကြလေသည်။

သူတို့သည် ဓားကိုယ်စီ ဆွဲထုတ်ကြလေသည်။

ဝမ်စိန်ကြည်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ ရုတ်တရက် ခေါင်းမိုးပေါ်မှ ရယ်မောသံတစ်ခု ထွက်ပေါ်လာလေသည်။

"ဟား ... ဟား ... ဟား ... ဟား"

♣ ♣ ♣

ခေါင်မိုးပေါ်မှ ရယ်မောသံတစ်သံ ဟိန်းထွက်လာသည်။

"ဟား ... ဟား ... ဟား"

ရယ်မောသံသည် ရုတ်တရက် ရပ်တန့်သွား၏။ ရပ်တန့်သွားသည်နှင့် ...

"ဒီမှာ အိမ်ရှင်တို့ခင်ဗျား ... ကျုပ် ယုံချိုက်က ကိစ္စရှိလို့ ရောက်ရှိလာပါပြီ"

ဝင်မိန်စန်း ထိတ်လန့်သွား၏။

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် လာမှတော့ အောက်ကိုဆင်းခဲ့ပါ"

သူ၏ စကားဆုံးသည်နှင့် ခေါင်မိုးပေါ်မှ လူ ၁၀ ယောက်ကျော်ကျော် ခုန်ဆင်းလာသည်ကို တွေ့ရသည်။

ရှေ့ဆုံးမှလူမှာ ယုံယုဂိုဏ်း၏ ဂိုဏ်းချုပ် ယုံချိုက်ပင်ဖြစ်သည်။

ဝင်မိန်တက ...

"မိတ်ဆွေကြီး ... အချိန်မတော် ရောက်လာတယ်ဆိုတော့ အကြောင်းထူးများ ရှိလို့လား ခင်ဗျာ"

ယုံချိုက် ပြုံးလိုက်သည်။

"ခင်ဗျားတို့ တော်တော့်ကို ကံကောင်းတယ်၊ သိုင်းပညာ အလွန်တော်တဲ့ ဓားပြတစ်ယောက် ရထားတာကိုး၊ ကျုပ်တို့လူတွေကို အနိုင်ကျင့်သွားတဲ့အပြင် ကျုပ် ကိုယ်တိုင်တောင်မှ ခံလိုက်ရတယ်ဗျ"

ဝမ်စိန်ကြည်က လှည့်ကြည့်လိုက်သည်။

ဝင်ချင်းချင်း၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရလေသည်။



ဝင်မိန်စန်းမှာမူ ဝင်ချင်းချင်းနှင့် သူတို့ ရန်ငြိုးရှိခဲ့သည်ကို မသိခဲ့ပါ။

ယခုမှာမူ ယုံချိုက်က လာရောက်၍ ပြစ်တင်ပြောဆိုနေသည့်အတွက် ခံပြင်းလာသည်။

သို့သော် သူသည် ဝမ်စိန်ကြည်နှင့် တိုက်ခိုက်ရမည်ဖြစ်သဖြင့် ယုံချိုက်တို့နှင့် ထိပ်တိုက်မတွေ့ဆုံလိုပါ။ ထို့ကြောင့် လက်နှစ်ဖက်ဆုပ်လိုက်သည်။

"ပြောပါဗျာ ... ကျုပ်မြေးလေးက ဘာတွေ လုပ်ခဲ့လို့လဲ၊ သူ့မှာအပြစ်ရှိရင် ကျုပ် တရားသဖြင့် ဆုံးဖြတ်ပေးပါ့မယ်"

ယုံချိုက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

အကြောင်းမှာ ဝင်မိန်စန်း၏အကြောင်းကို သူ ကောင်းစွာ သိထားသည်။

ဝင်မိန်စန်းသည် အလွန်မာနကြီးပြီး စကားတစ်လုံး အတင်မခံသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

ယခုမှာမူ ချိုချိုသာသာ ပျော့ပျော့ပျောင်းပျောင်း ပြောလာသည်မှာ အဘယ်ကြောင့်နည်း။

ဝမ်းထဲလိမ်လုစ် လူ့သနစ်ကို စစ်စစ်သေချာ သိခဲ့စွာ၏။

ချိုသာသော စကား၏နောက်ကွယ်တွင် လျှို့ဝှက်မှုတစ်ရပ်ရပ် ရှိနိုင်သည်။

သို့တည်းမဟုတ် ...

ကောက်ကျစ်စဉ်းလဲသော အကြံအစည်တစ်ရပ်ရပ် ရှိနိုင်ပေသည်။

အထူးသဖြင့် ...

မာနကြီးသူသည် မည်သည့်အခါမျှ နှိမ့်ချပြောဆိုလေ့ရှိသူ မဟုတ်။

ထိုသို့သော သူက နှိမ့်ချပြောဆိုလာသည့်အခါ သတိထားစဉ်းစားစရာ ဖြစ်လာရသည်မှာ ဘာမျှမဆန်းပေ။

အကြံအစည်တစ်ရပ်ရပ် သို့မဟုတ် လျှို့ဝှက်မှုတစ်ခုခု ရှိနေမည်မှာ သေချာလှတော့သည်။ ,

သူသည် သူနှင့်အတူပါလာသော ဆရာလုအော့အား လှည့်ကြည့်မိသည်။

"ဟုတ်ပြီ ... ဆရာလုအော့ ပါလာလို့များ သူက သည်းခံနေတာ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် အခြေအနေကို ကြည့်ရမှာပဲ"

သူသည် လက်နှစ်ဖက် ဆုပ်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် ကျုပ်နဲ့ ခင်ဗျားတို့နဲ့ ဘာရန်ငြိုးမှ မရှိပါဘူး၊ ဒါပေမယ့် ဒီရွှေချောင်းနဲ့ ပတ်သက်ပြီး ... "

သူ၏မျက်လုံးအစုံသည် မြေပေါ်မှာ ထောင်ထားသော ရွှေချောင်းရှိရာသို့ ရောက်သွားသည်။

"ကျုပ်တို့တွေ ငွေကုန်လူပန်း ကြိုးစားခဲ့ရပါတယ်၊ ဒီရွှေချောင်းအတွက်နဲ့ လူလည်း အတော်များများ သေဆုံးခဲ့ရပါတယ်၊ ဒါကြောင့် ... "

သူသည် စကားတစ်ပိုင်းတစ်စ ရပ်တန့်လိုက်သည်။ ဝင်မိန်က လက်ကာပြလိုက်သည်။



"ကျုပ် သိပါပြီဗျာ၊ ရွှေချောင်း ဟောဒီမှာရှိပါတယ်၊ ခင်ဗျားလိုချင်ရင် အားလုံးယူသွားနိုင်ပါတယ်"

ယုံချိုက် မျက်မှောင်ကြုတ်သွားလေသည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကလည်း လောဘမကြီးပါဘူး၊ တစ်ဝက်လောက်ရရင် တော်ပါပြီ"

ဝင်မိန်စန်းက ...

"ကဲဗျာ ... လိုချင်ရင် ကိုယ့်ဘာသာကိုယ်ယူကြပါ"

ယုံချိုက်က လက်နှစ်ဖက် ဆုပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

ယုံချိုက်က လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ သူ့နောက်မှ လူနှစ်ယောက်သည် ရွှေချောင်းများကိုကောက်ယူရန် ရှေ့သို့ လျှောက်သွား၏။

ရုတ်တရက် သူတို့ရှေ့တွင် လူတစ်ယောက် ပိတ်၍ ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်စိန်ကြည်ပင် ဖြစ်၏။

"ဒီမှာ ဂိုဏ်းချုပ်ကြီး ခင်ဗျား ... ဒီရွှေချောင်းတွေဟာ တော်လှန်ရေး ခေါင်းဆောင်တွေရဲ့ ကာကွယ်ရေး စားစရိတ်အတွက် အသုံးပြုဖို့ ဖြစ်ပါတယ်၊ ဒါကြောင့် မလိုချင်စမ်းပါနဲ့ဗျာ"

တိုင်းပြည်နှင့် လူမျိုးတို့၏ ရန်ရွယ် အသွယ်သွယ်ကို ကာကွယ်တိုက်ဖျက်ရန် ပြည်သူတိုင်း၌ တာဝန်ရှိ၏။ တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ရန်လည်း ပြည်သူတိုင်းတွင် တာဝန်ရှိပေ၏။

အထူးသဖြင့် နယ်ချဲ့လက်အောက် ကျရောက်နေရသော တိုင်းပြည်အဖို့ နိုင်ငံနှင့် လူမျိုး လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ရန် ပြည်သူတိုင်းတွင် တာဝန်ရှိပေ၏။

နယ်ချဲ့သမားများကို တော်လှန်တိုက်ထုတ်ရာ၌ လူသူလက်နက် လိုအပ်သလို ရန်ပုံငွေလည်း အထူးလိုအပ်သည်။ ရန်ပုံငွေ ရှာဖွေရေးနှင့် ထိန်းသိမ်းရေးသည် တော်လှန်ရေးအတွက် အရေးပါလှပေ၏။

ဆရာလုအော်၏ လက်ထဲတွင် ကြီးမားသော ဆေးတံ တစ်လက် ကိုင်ထားသည်။

သူသည် ဆေးတံကို အေးအေးဆေးဆေးဖွာရင်း ဝမ်စိန်ကြည် အား အကဲခတ်ကြည့်နေ၏။

ဝမ်စိန်ကြည်က လက်နှစ်ဖက် ဆုပ်လိုက်၏။

"ခင်ဗျားက ဆရာလုအော့ ဟုတ်လား"

ဆရာလုအော့က မီးခိုးများဖြင့် ဝမ်စိန်ကြည်၏ မျက်နှာပေါ် သို့ မှုတ်လိုက်သည်။

ထို့နောက် ဆေးတံကို ဖွာလိုက်ပြီး နှာခေါင်းထဲမှ မီးခိုးများ ဖြင့် ဝမ်စိန်ကြည်၏ မျက်နှာပေါ်သို့ မှုတ်ထုတ်လိုက်ပြန်၏။

ဝမ်စိန်ကြည်က မမှုသော်လည်း ဝင်ချင်းချင်းက မခံမရပ်နိုင် ဖြစ်လာ၏။

သူမသည် တန်ပြန်ရန် ပါးစပ်ဟလိုက်၏။

ဝင်ယီက သူမ၏လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။



ဝင်ချင်းချင်းက စိတ်ကို ထိန်းချုပ်လိုက်ရတော့၏။ ဆရာလုအော့သည် ဆေးတံကို ကြမ်းပေါ်သို့ ထောက်လိုက်၏။

ဆေးလိပ်ပြာများကို ခေါက်ထုတ်လိုက်ပြီးလျှင် ဆေးမှုန်များကို ဖမ်းဆုပ်လိုက်၏။

သူ၏ပြုမူပုံများမှာ ရှိသမျှလူများကို အထင်သေးသောအသွင် ဆောင်နေ၏။

ဝင်မိန်တတို့ ညီအစ်ကိုသည် စိတ်ထဲ၌ မခံမရပ်နိုင်ဖြစ်လာလေ၏။

သို့သော် ဆရာလုအော့မှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းသမားတစ်ယောက် ဖြစ်ပေသည်။

နှစ်ပေါင်း ၁၄-၅ နှစ်ခန့် ပြိုင်ဘက်ကင်းအထိ ကျော်ကြားခဲ့၏။

သူ့လက်ထဲမှ ဆေးတံသည် အလွန်ထူးဆန်းသော လက်နက်ဖြစ်၏။

သူ၏သိုင်းပညာမှာ မည်မျှအဆင့်မြင့်သည်ကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့သဖြင့် သူတို့သည် ဒေါသများကို ထိန်းချုပ်ထားရလေ၏။

ဆရာလုအော့သည် အိတ်ထဲမှ မီးခြစ်ကျောက်ကို ယူ၍ ခြစ်လိုက်ပြန်၏။

ထိုစဉ် အိမ်ခေါင်မိုးပေါ်မှ လူတစ်ယောက် ထပ်မံ ခုန်ချလာသည်ကို တွေ့ရ၏။

ထိုလူ့အပြင် သူ့နောက်တွင် လူနှစ်ယောက်က ခုန်ဆင်းလာပြန်၏။

ထိုလူသုံးယောက်မှာ မိန်းကလေး တစ်ယောက်၊ သန်မာထွားကျိုင်းသော လူတစ်ယောက်နှင့် အသက်ငါးဆယ်ခန့်ရှိသော လူတစ်ယောက်ဖြစ်၏။

ထိုအသက် ငါးဆယ်ကျော်ခန့်လူမှာ ကုန်သည်ပွဲစားနှင့် တူလှပေ၏။

သူ၏ ဘယ်လက်ထဲတွင် သံပေသီးတစ်ခု ကိုင်ထားသည်။ သူ၏ညာလက်မှာမူ ကြေးစုတ်တံတစ်ချောင်း ကိုင်ထားသည်။

ဝမ်စိန်ကြည်က ကြည့်လိုက်ရာ ထိုမိန်းကလေးမှာ ရှောင်ဖွေးပင် ဖြစ်၏။

သန်မာထွားကျိုင်းသော လူငယ်က အောက်သို့ ရောက်ရှိလာသည်နှင့် ...

"ငါတို့ ရွှေချောင်း ပြန်ပေး"

သူကပြောပြီး မြေပေါ်မှာ ထောင်ထားသော ရွှေချောင်းများကို ကောက်ရန် ဟန်ပြင်လိုက်၏။

"မကောက်နဲ့ ..."

ဝင်နန်ရှောင်က ပြောရင်း ခြေထောက်တစ်ဖက်ဖြင့် ကန်လိုက်၏။

ရှောင်ဖွေးက သတိပေးလိုက်သည်။

"အစ်ကိုကြီး သတိထား"



လူငယ်က ရှောင်တိမ်းလိုက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ဝင်နန်ရှောင်အား ပြန်လည်တိုက်ခိုက်လိုက်၏။

ဝင်နန်ရှောင်ကလည်း လက်ဝါးနှစ်ဖက်ဖြင့် ခံပေးလိုက်လေ၏။

"ဝုန်း ..."

သူတို့နှစ်ယောက်သည် ခြေသုံးလှမ်းခန့် ဆုတ်သွားကြပြန်သည်။

လူငယ်က ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ရပ်လိုက်စမ်း ရှီမင်း"

ဝမ်စိန်ကြည်သည် ယခုမှ ထိုလူငယ်မှာ ကို့ချူစန်း၏ တူဖြစ်ကြောင်း သိလိုက်ရ၏။

ထိုကုန်သည်နှင့်တူသော လူမှာလည်း မိမိ၏ တစ်ဆရာတည်းတူသော အစ်ကိုဖြစ်သူ ကြေးစုတ်တံ ဝမ်းကျင်းဖြစ်သည်ကို သိရှိလိုက်ရ၏။

သူသည် ဝမ်းသာသွား၏။

"အစ်ကိုကြီး ... ကျွန်တော် ဝမ်စိန်ကြည်ပါ၊ ဂါရဝပြုပါတယ်"

သူကပြောရင်း ဦးညွှတ်လိုက်၏။

ဝမ်းကျင်းက ယခုမှ သူ့အား မြင်တွေ့သွား၏။

"ဟာ ... ငါ့ညီက ဒီမှာရောက်နေတာကိုး"

ရှောင်ဖွေးကလည်း လာရောက်နှုတ်ဆက်လိုက်၏။

သူမသည် ကိုရှီမင်အား မိတ်ဆက်ပေးလိုက်၏။

"ဆရာလုအော့ မျက်မှောင်ကြုတ်သွား၏။

"မင်းတို့က ဘယ်သူတွေလဲ"

သူ၏အသံသည် ငှက်ဆိုးထိုးသကဲ့သို့ အလွန်ရူးရှနေသဖြင့် အားလုံးက ရင်ထိတ်သွား၏။

ကိုရှိမင်းက သူ့အား စိုက်ကြည့်လိုက်၏။

"ဒီရွှေချောင်းတွေက ကျုပ်တို့ပစ္စည်း၊ ဒါကြောင့် ပြန်ယူဖို့ လာခဲ့တာ"

ဆရာလုအော့က သူ့အားလှည့်မကြည့်ဘဲ ခေါင်မိုးပေါ်သို့ မော့ကြည့်နေ၏။

မီးခိုးများ မှုတ်ထုတ်ရင်း မဲ့ပြုံးပြုံးနေ၏။

"ဟဲ ... ဟဲ"

ကိုရှိခင် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေ၏။

"ခင်ဗျားက ဘယ်သူလဲဗျ"

ဆရာလုအော့က ယုံချိုက်ဘက်သို့ လှည့်လိုက်၏။

"ငါဘယ်သူလဲဆိုတာ ပြောပြလိုက်စမ်းပါ"

ယုံချိုက်က ...

"ဒီပုဂ္ဂိုလ်ဟာ သိုင်းလောကမှာ ကျော်ကြားတဲ့ ဆရာလီအော့ပါ"

ကိုရှိမင်းသည် သိုင်းလောက အတွေ့အကြုံ အလွန်နည်းသော လူတစ်ယောက် ဖြစ်၏။

ထို့ကြောင့် ဆရာလုအော့၏အမည်ကို မကြားဘူးခဲ့ပေ။



"ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် ကျုပ်နဲ့ ဘာဆိုင်လို့လဲ၊ ကျုပ်တို့က ရွှေချောင်းကို လာပြန်ယူတာ"

ထိုစဉ် ဝင်နန်ရောင်က မကျေမနပ်ဖြစ်ကာ ရှေ့သို့ထွက်လာသည်။

"မင်းက ရွှေချောင်းလိုချင်ရင် ငါ့ကိုနိုင်အောင် ကြိုးစားစမ်းပါ"

သူသည် ပြောပြီးသည်နှင့် ကိုရှိမင်းသား တိုက်ခိုက်လိုက်၏။

ကိုရှိမင်းက မရှောင်လင့်ဘဲ ခံလိုက်ရသဖြင့် ...

"ဝုန်း ..."

သူ၏ပခုံးပေါ်သို့ လက်သီးတစ်လုံး ထိမှန်သွား၏။ သူသည် ဒေါသခြောင်းခြောင်း ထွက်လာပြီး လက်သီးတစ်လုံးဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

"ဝုန်း ..."

သူ၏ လက်သီးသည် ဝင်နန်ရောင်၏ ဝမ်းဗိုက်သို့ ထိမှန်သွားသည်။

အထိနာသွားသဖြင့် နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်သွားသည်။

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် ဘုကြည့်ကြည့်ပြီး ထပ်မံတိုက်ခိုက်ကြပြန်သည်။

"ဝုန်း ... ဝုန်း"

"ဝုန်း ... ဝုန်း"

သူတို့နှစ်ယောက်စလုံး ကိုယ်ပေါ်တွင် တစ်ဖက်၏ လက်သီးများ ထိမှန်သွားကြလေသည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ မိမိကိုယ်မိမိ ကာကွယ်ခြင်း မပြုကြဘဲ တစ်ဖက်လူကိုသာ မိမိရရ တိုက်ခိုက်နေခြင်းဖြစ်သည်။

ဤသူသည် ငါ့အား နိုင်ဖူး၏။ ငါ၏ဥစ္စာကို ခိုးယူဖူးသည်။

ဤသို့ ရန်ငြိုးဖွဲ့၍ ထားသောသူအား ရန်သည် မငြိမ်းနိုင်။

ဤလောက၌ မည်သည့်အခါမျှ ရန်တို့သည် ရန်တုံ့မှုခြင်းဖြင့် မငြိမ်းနိုင်ကုန်။ ရန်တုံ့မမှုခြင်းဖြင့်သာ ငြိမ်းရာသည်။

ပြေး၍နေသော ရထားကို ထိန်းသကဲ့သို့ ထွက်၍လာသော ဒေါသအမျက်ကို ထိန်းသိမ်းရာသည်။ ဒေါသအလျောက် ရန်ကို ရန်ချင်း တုံ့နှင်းပါက ချောက်နှုတ်ခမ်းပေါ် ရောက်သည့် မျက်မမြင်ကဲ့သို့ အန္တရာယ်များလှပေသည်။

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

ကို့ရှိမင်၏ တိုက်ခိုက်ပုံမှာ အကယ်၍ ထိပ်တန်းသိုင်းသမားတစ်ယောက်နှင့် ရင်ဆိုင်မိလျှင် ဒုက္ခလှလှတွေ့လိမ့်မည်ဟု ယုံကြည်မိသည်။

ထိုစဉ်မှာပင် ကို့ရှိမင် လက်သီးတစ်လုံးသည် ဝင်နန်ရောင်၏ မေးစေ့သို့ ထိမှန်သွားသည်။

"ဝုန်း ..."



ဝင်နန်ရောင်၏ ကြီးမားသော ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားသည်။

✤ ✤ ✤

ကို့ရှိမင်က အနိုင်ယူလိုက်ခြင်းဖြစ်သည်။

သို့သော် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒဏ်ရာဒဏ်ချက်များ ပြည့်နှက်နေသည်။

သူသည် ရန်သူကိုအနိုင်ရလိုက်ရသဖြင့် သူ့ဆရာက သဘောကျ ချီးကျူးလိမ့်မည်ဟု ယူဆထားသည်။

သို့သော် သူ့ဆရာဖြစ်သူက သူ့အား ဒေါသတကြီးဖြင့် ကြည့်နေသည်ကို တွေ့ရသောအခါ နားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။

ရှောင်ဖွေးက အနီးသို့ ချဉ်းကပ်သွားပြီး လက်ကိုင်ပဝါဖြင့် သွေးများကို သုတ်ပေးနေသည်။

"အစ်ကိုကြီးကလည်း ဘာဖြစ်လို့ ရှောင်မပြေးတာလဲ"

ကို့ရှိမင်က ...

"ဘာဖြစ်လို့ ရှောင်ရမှာလဲ၊ ရှောင်လိုက်ရင် သူ့ကို ထိမှာ မဟုတ်ဘူး"

ဆရာလူအော်က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက အနိုင်ရတာနဲ့ သိပ်လည်းဝမ်းမသာနဲ့၊ မင်းက ရွှေချောင်းကို လိုချင်တယ် မဟုတ်လား"

ကို့ရှိမင်းက ...

"လိုချင်တာပေါ့"

ဆရာလုအော့က ရွှေချောင်းပေါ်သို့ စုန်တက်လိုက်သည်။

သူ၏ခြေထောက်နှစ်ဖက်သည် ရွှေချောင်းနှစ်ချောင်းပေါ်သို့ ရပ်ထားသည်။

လက်ထဲမှ ဆေးတံဖြင့် အခြားရွှေချောင်း တစ်ချောင်းပေါ်သို့ ထောက်ထားလိုက်သည်။

"မင်း ရွှေချောင်းကို လိုချင်ရင် အခု ငါနင်းထားတဲ့ ရွှေချောင်းနှစ်ချောင်းနဲ့ ဆေးတံသောက်ထားတဲ့ ရွှေချောင်းကို ရအောင် ယူနိုင်ရင် ကျန်တဲ့ ရွှေချောင်းတွေအားလုံး ယူသွားနိုင်ပါတယ်"

သူ၏စကားကြောင့် အားလုံးက အံ့သြကုန်ကြသည်။

ဆရာလုအော့၏ စကားသည် ရန်သူကို အလွန်အထင်သေးသည့်အသွင် ဆောင်နေသည်မဟုတ်ပါလော။

ကို့ရှီမင်က ဒေါသခြောင်းခြောင်း ထွက်လာသည်။

"ခင်ဗျား စကား တည်တယ်နော်"

ဆရာလုအော့က ခေါင်းမော့၍ ရယ်မောလိုက်သည်။

သူသည် ယုံချိုဘက်သို့ လှည့်သည်။

"မင်းကြားတယ် မဟုတ်လား၊ ငါ့ရဲ့ စကားတည်သလား မေးနေတယ်"

ယုံချိုက်က ရယ်မောလိုက်သည်။

"ဆရာလုရဲ့ စကားဆိုတာ ဘယ်တော့မှ ကတိမပျက်ဘူး"

ကို့ရှီမင်က ...

"ဒါဖြင့် ကျုပ်လာပြီ"



သူသည် ရှေ့သို့တိုးလိုက်ပြီး ဆရာလုအော့ ဆေးတံနှင့် ထောက်ထားသော ရွှေချောင်းကို ခြေထောက်ဖြင့် ဖြတ်ကန်လိုက်လေသည်။

သူ၏ခြေထောက်ကန်လိုက်သည့် အင်အားမှာ အလွန်ပြင်းထန်လှပေသည်။

ထို့ကြောင့် ဆေးတံဖြင့် ထောက်ထားရုံဖြင့် ထိန်းထားနိုင်မည် မဟုတ်ဟု ဝမ်စိန်ကြည်က ယုံကြည်သည်။

သို့သော် ကို့ရှီမင်၏ ခြေထောက် ရွှေချောင်းရှိရာသို့ မရောက်မီ တဒင်္ဂအချိန်အတွင်းမှာ ဆရာလုအော့၏ ဆေးတံသည် ရုတ်တရက် သူ၏ ကံကောက်ကွေးသွေးကြောရှိရာသို့ ထောက်လိုက်သည်။

ကို့ရှီမင်၏ ခြေထောက်တစ်ဖက် ရုတ်တရက် ထုံကျင်သွားပြီး ဒူးကွေး၍ မြေကြီးပေါ် ထောက်သွားသည်။

ဆရာလုအော့ လက်နှစ်ဖက် ဆုပ်လိုက်သည်။

"ဟဲ ... ဟဲ ... ငါ့ကို ဒူးထောက်စရာ မလိုဘူးကွာ"

ရှောင်ဖွေးက ကမန်းကတန်း ဖေးမလိုက်သည်။

ကို့ရှီမင်က အသံကျယ်လောင်စွာဖြင့် ...

"ခင်ဗျားက ကလိမ်ကျတာ၊ ဒါများ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တဲ့"

ဝမ်းကျင်းက သူ၏သွေးကြောကို ဖွင့်ပေးလိုက်သည်။

ဆရာလုအော့က ခေါင်မိုးပေါ်သို့ မော့ကြည့်ရင်း ...

"ဘယ်သူက ရွှေချောင်းကို လိုချင်သေးသလဲ"

ဝမ်းကျင်းက ပေသီးကို တစ်ချက်လှုပ်ခါလိုက်သည်။ သူသည် ရှေ့သို့ ချဉ်းကပ်ရန် ခြေလှမ်း လှမ်းလိုက်သည်။

ဝမ်စိန်ကြည်က ဟန့်တားလိုက်သည်။

"အစ်ကိုကြီး ... ကျွန်တော်က အငယ်၊ ဒါကြောင့် ကျွန်တော် အရင်ဆုံး ယှဉ်ပြိုင်ပါ့မယ်"

ဝမ်းကျင်းက စိတ်မချသဖြင့် ...

"မင်း ငယ်ပါသေးတယ်ကွာ၊ ငါပဲ သွားပါ့မယ်"

ဝမ်စိန်ကြည်က ...

"အစ်ကိုကြီးက နောက်ပိုင်းမှာ ငါးဦးဝက်ပါနဲ့ ယှဉ်ပြိုင်ဖို့ ရှိသေးတယ်၊ ကျွန်တော်ပဲ အရင်သွားတွေ့ပါ့မယ်"

ဝမ်းကျင်းသည် တားမရသဖြင့် ...

"ဒါဖြင့် မင်း သတိထားနော်"

✤ ✤ ✤

ဝမ်စိန်ကြည်သည် ဆရာလုအော့ရှေ့သို့ လျှောက်သွားသည်။

"ကျွန်တော်လည်း ခြေထောက်တစ်ချက် ကန်ချင်တယ်၊ သဘောတူသလား"

ဆရာလုအော့က ပြုံးလိုက်သည်။

"ရပါတယ်၊ ဒါပေမယ့် ငါ့ကိုတော့ ဒူးမထောက်ပါနဲ့နော်"

သူ၏စကားကြောင့် ဝင်မိန်တတို့ လူစုက ဝါးခနဲ ရယ်မောကြလေသည်။



ဆရာလုအော့သည် ထောက်တံဖြင့် ရွှေချောင်းတစ်ချောင်းပေါ်သို့ ထောက်ထားလိုက်သည်။ ဝမ်စိန်ကြည်သည် ကို့ရှိမင်အတိုင်း ခြေထောက်တစ်ဖက်ဖြင့် ဖြတ်ကန်လိုက်လေသည်။ ကို့ရှိမင်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟောဗျာ ... သွေးကြောပိတ်ခံရဦးတော့မှာပဲ"

ထိုစဉ်မှာပင် ဆရာလုအော့၏ ဆေးတံသည် လျှင်မြန်စွာဖြင့် ဝမ်စိန်ကြည်၏ ခြေထောက်ပေါ်သို့ ထောက်လိုက်သည်။

သို့သော် ဝမ်စိန်ကြည်သည် ဟန်ပြကန်လိုက်ခြင်းဖြစ်သည်။ ဆရာလုအော့၏ ဆေးတံလှုပ်ရှားလိုက်သည်နှင့် သူ၏ခြေထောက်ပြန်လည် ရုပ်သိမ်းလိုက်ပြီးဖြစ်သည်။

ဆရာလုအော့က ဝမ်စိန်ကြည်၏ ခြေထောက် မထောက်မိသဖြင့် ဆေးတံရှေ့သို့ ထိုးသွင်းလိုက်သည်။ ဝမ်စိန်ကြည်က ခြေထောက် တစ်ဖက်ဖြင့် ရပ်လိုက်ပြီး ခန္ဓာကိုယ်ကို လှည့်လိုက်သည်။

ဆရာလုအော့၏ ဆေးတံကို ရှောင်တိမ်းလိုက်သည်နှင့် ရွှေချောင်းကို အပေါ်သို့ ကော့တင်လိုက်လေသည်။ တစ်ဆက်တည်းမှာပင် သူ၏ခြေထောက်ဖြင့် ထပ်မံကန်လိုက်သည်။

ဆရာလုအော့က မခေပါချေ။ သူသည် ရှောင်တိမ်းလိုက်ပြီး ဆေးတံဖြင့် ခေါင်းပေါ်သို့ မိုး၍ ရိုက်ချလိုက်သည်။

ဝမ်စိန်ကြည်က အပေါ်သို့ ခုန်တက်လိုက်ပြီး ခြေထောက်တစ်ဖက်ဖြင့် ဆရာလုအော့၏ ခန္ဓာကိုယ်ပေါ်သို့ ကန်တက်လိုက်လေသည်။ ဆရာလုအော့က နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ဝမ်စိန်ကြည်က ရွှေချောင်းကို လုယူထားလိုက်လေသည်။ ဆရာလုအော့က ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ သူသည် ဆေးတံကို ငေ့ယမ်းကာ တိုက်ခိုက်လိုက်သည်။ ဝမ်စိန်ကြည်က နောက်သို့ ပက်လက်လှန်လဲကျသွားလေသည်။

ရှောင်ဖွေးနှင့် ဝမ်းကျင်းတို့က ထိတ်လန့်သွားကြသည်။ ထိုစဉ်မှာပင် ဝမ်စိန်ကြည်၏ ခြေထောက်သည် ဆရာလုအော့ နင်းထားသော ခြေထောက်သို့ ကန်လိုက်ရာ ရွှေချောင်းသည် ဆရာလုအော့ ခြေထောက်အောက်မှ လွင့်သွားလေသည်။

ဝမ်စိန်ကြည်က လျှပ်တစ်ပြက် ထလိုက်ပြီး ရွှေချောင်းကို ကောက်ယူလိုက်လေသည်။

❖ ❖ ❖

အဖြစ်အပျက်သည် အလွန်လျင်မြန်လှသဖြင့် အားလုံးသော လူများသည် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

ရှောင်ဖွေးနှင့် ကို့ရှိမင်တို့က ဝမ်းသာအူမြူးစွာဖြင့် လက်ခုပ်လက်ဝါး တီးလိုက်လေသည်။

ဝမ်စိန်ကြည်သည် အေးအေးဆေးဆေးဖြင့် မျက်နှာတစ်ခုလုံး နီရဲနေသော ဆရာလုအော့အား ပြုံးပြလိုက်သည်။

"ခင်ဗျား ကတိပေးတဲ့အတိုင်း ဒီရွှေချောင်းအားလုံး ကျုပ်ယူရတော့မှာပဲ"

ဆရာလုအော့သည် ဒေါသထွက်လွန်း၍ စကားပင်မပြောနိုင်ပါ။



သူသည် လက်ဝါးတစ်ဖက်ဖြင့် ဝမ်စိန်ကြည်ထံသို့ ခုတ်ချလိုက်သည်။

ဝမ်စိန်ကြည်က ရှောင်တိမ်းပေးလိုက်ပြီး ပြန်လည်ခုခံတိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောကသ်သည် အပြန်အလှန် ခုခံတိုက်ခိုက်ကြလေသည်။

ဆရာလုအော့သည် ဝမ်စိန်ကြည်မှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြစ်နေသဖြင့် အလွန်အထင်သေးသည်။

သူသည် လက်တစ်ဖက်ဖြင့် တိုက်ခိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် ဆေးတံမွှာနေ၏။

သူသည် လျှပ်တစ်ပြက် အနီးသို့ ချဉ်းကပ်သွားပြီး မွှာနေသော ဆေးတံကို လျှပ်တစ်ပြက် လုယူလိုက်၏။

ဆရာလုအော့က သတိထားမိသောအခါ သူမွှာနေသော ဆေးတံသည် ဝမ်စိန်ကြည်၏ လက်ထဲသို့ ရောက်ရှိသွားလေတော့သည်။

သူသည် မယုံကြည်နိုင်စွာဖြင့် ဝမ်စိန်ကြည်အား ကြည့်နေစဉ် ဝမ်စိန်ကြည်က ဆေးတံကို ပြောင်းပြန်ကိုင်လိုက်ပြီး သူ၏ပါးစပ်ရှိရာသို့ ထိုးပေးလိုက်လေသည်။

ဆေးတံမှ မီးများသည် အလွန်အားကောင်းနေသဖြင့် ဆရာလုအော့၏ မုတ်ဆိတ်မွေးများသည် ရုတ်တရက် လောင်ကျွမ်းသွားလေသည်။

ဝမ်စိန်ကြည်က ဆေးတံအား ပါးစပ်ဖြင့် မှုတ်လိုက်ရာ ဆေး

တံအိုးထဲမှ ဆေးမှုန့်များ၊ ပြာများ၊ မီးပန်းများ လွင့်ဖျံ့သွားတော့သည်။

ဆရာလုအော့၏ မျက်နှာတစ်ခုလုံးမှာ မီးပြာများ ဖုံးလွှမ်းသွားလေသည်။

သူသည် ဆေးတံကို လုယူလိုက်ပြီး မြေပေါ်သို့ လွှင့်ပစ်လိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

✤ ✤ ✤

အဖြစ်အပျက်သည် အလွန်မြန်ဆန်လှသဖြင့် အားလုံးသော လူများသည် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြ၏။

ဝင်ချင်းချင်းနှင့် ရှောင်ဖွေးတို့မှာမူ မထိန်းနိုင်တော့ဘဲ ရယ်မောကြလေသည်။

ဝမ်းကျင်းက သံပေသီးကို တစ်ချက်လှုပ်ခါလိုက်သည်။

"ကဲ ... ဒီရွှေချောင်း သုံးချောင်းကို ရအောင်ယူနိုင်ရင် ရွှေချောင်း အားလုံး ပေးမယ်လို့ ကတိပေးသွားတာ၊ ကျုပ်တို့က ဒီရွှေချောင်းများကို အပိုင်ရရှိလိုက်တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်"

သူသည် ကိုရှိမင်ဘက်သို့ လှည့်လိုက်၏။

"ရွှေချောင်းအားလုံး သိမ်းဆည်းလိုက်ပါ"



ယုံချိုက်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ဟန့်တားလိုက်သည်။

"ခဏနေပါဦး"

ကိုရှိမင်းက မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ ... ခင်ဗျားလည်း ယှဉ်ပြိုင်ချင်လို့လား"

ဝမ်းကျင်းက ...

"ကိုရှိမင်း နောက်ဆုတ်လိုက်စမ်းပါ"

ကိုရှိမင်းက နောက်ဆုတ်သွားလေ၏။

ထိုစဉ်မှာပင် ဝင်မိန်တတို့ ညီအစ်ကိုငါးယောက်တို့သည် ဝမ်းကျင်းအား စတင်တိုက်ခိုက်လိုက်လေသည်။

✤ ✤ ✤

ဝမ်းကျင်းသည် ဝင်မိန်တတို့ ညီအစ်ကို ငါးယောက်နှင့် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

သူတို့သည် သဲသဲမဲမဲ တိုက်ခိုက်ရာတွင် ဝမ်းကျင်းက တိုက်ခိုက်ရင်း အုံ့ဩလာလေသည်။

အကြောင်းမှာ သူသည် ဝင်မိန်တတို့ ညီအစ်ကိုငါးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ရှေ့တိုး၍မရ၊ နောက်ဆုတ်၍မရသော အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ဝင်မိန်တတို့ ငါးယောက်မှာလည်း ဝမ်းကျင်းမှာ အကြိမ်ကြိမ် ထိုးဖောက်နိုင်သည်ကို တွေ့ရသဖြင့် ရင်ထိတ်မိသည်။

ဝမ်ကျင်းသည် သိုင်းလောက ခြေချပြီးသည့်နောက်တွင် တစ်ကြိမ်တစ်ခါမှ ရှုံးနိမ့်ခဲ့ခြင်း မရှိခဲ့ဘူးပေ။

သူ၏ပုံဟန်မှာ ရယ်စရာကောင်းသည်ဖြစ်သော်လည်း အစစအရာရာတွင် စေ့စပ်သေချာသည်။

ထို့ကြောင့် မည်သည့်အခါမှ ရှုံးနိမ့်ခြင်းမရှိခဲ့ဖူးပေ။

ယခုမှာမူ သူသည် ငါးဦးဝက်ပါထဲတွင် ဝိုင်းရံခြင်း ခံလိုက်ရပေသည်။

ဝင်မိန်တတို့ ငါးယောက်သည် တစ်ယောက်က ခုခံရင်း တစ် ယောက်က တိုက်ခိုက်သည်။

တစ်ယောက်က ဆုတ်သွားလျှင် တစ်ယောက်က အစားထိုးဝင်ရောက်လာသည်။

လူငါးယောက်သည် လူနှစ်ဆယ် သုံးဆယ်ခန့်မျှ အဆက်မပြတ် ဝင်ရောက်တိုက်ခိုက်သည်နှင့် တူလှပေသည်။ ဝမ်းကျင်းရင်ထိတ်သွား၏။

"သူတို့သိုင်းကွက်က ဘယ်လိုဟာမျိုးပါလိမ့်"

သူသည် ယင်းသို့အံ့ဩရင်း မည်ကဲ့သို့ ထိုးဖောက်ရမည်ကို စဉ်းစားနေ၏။

သူတို့သည် ဆက်လက်တိုက်ခိုက်လာရာ ဝင်မိန်တတို့ ငါးယောက်သည် ရုတ်တရက် လက်နက်များကို ထုတ်၍ အသုံးပြုလိုက်လေသည်။

တိုက်ပွဲသည် ပို၍ပြင်းထန်လာသည်။



ကို့ရှိမင်းသည် မိမိဆရာဖြစ်သူ အလွန် အခြေအနေမကောင်းမှန်း သိလိုက်သည်။

မိမိ၏ပညာမှာ မည်သို့မှ မတတ်နိုင်ကြောင်း သိထားသော်လည်း ဆရာဖြစ်သူကို မကြည့်ရက်သဖြင့် ဓားကိုကိုင်ဆောင်လျက် ငါးဦးဝက်ပါထဲသို့ လှမ်းဝင်ရန် ခြေလှမ်းလှမ်းလိုက်လေသည်။

ရုတ်တရက် လူရိပ်တစ်ခုက သူ့ထံသို့ ချဉ်းကပ်လာပြီး ပခုံးကို လက်ဖြင့် အသာအယာ ချဉ်းကပ်ထားလေသည်။

"အစ်ကိုကြီး မသွားနဲ့၊ အသက်တစ်ချောင်း ဆုံးရှုံးသွားပါဦးမယ်"

ကို့ရှိမင်းက လှည့်ကြည့်လိုက်သောအခါ ဝမ်စိန်ကြည် ဖြစ်နေသည်ကို တွေ့ရလေသည်။

ဝမ်စိန်ကြည်က သူ့အား ပြုံးပြလေသည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့၊ အစ်ကိုကြီးရဲ့ ဆရာက ခံနိုင်ရည်ရှိပါသေးတယ်"

သူသည် ပြောပြီးသည်နှင့် သူတို့ ခြောက်ယောက် တိုက်ခိုက်နေသည်ကို သေချာစွာ စိုက်ကြည့်လိုက်သည်။

တစ်ခါတစ်ရံ ခေါင်မိုးပေါ်သို့ မော့ကြည့်နေသည်။

သူသည် တစ်စုံတစ်ခုကို အဖြေရှာနေဟန်တူလှပေသည်။

ထိုစဉ် ရှောင်ဖွေးက ရောက်ရှိလာသည်။

"အစ်ကိုကြီး သွားပြီး ကူညီပါလားရှင်၊ သူတို့ငါးယောက်က တစ်ယောက်ကို ဝိုင်းတိုက်တာ ရှက်စရာကောင်းပါတယ်"

ဝမ်စိန်ကြည်က အဖြေမပေးပါ။

သူသည် ရှောင်ဖွေးအား လာမနှောင့်ယှက်ရန် လက်ဝှေ့ယမ်းပြလိုက်သည်။

ရှောင်ဖွေးကား မကျေမနပ်ဖြင့် ထွက်ခွာသွားလေသည်။

✤ ✤ ✤

တိုက်ပွဲသည် ပို၍ လျှင်မြန်လာသည်။ ပို၍ပြင်းထန်လာလေသည်။

ဝမ်စိန်ကြည်သည် ငေးငိုင်နေရာမှ ရုတ်တရက် ထခုန်လိုက်လေသည်။

သူသည် ရှောင်ဖွေးအား ဦးညွှတ်လိုက်လေသည်။

"ခုနတုန်းက ငါပြဿနာတစ်ခု စဉ်းစားနေလို့ ရိုင်းသွားတာကို တောင်းပန်ပါတယ်ဗျာ"

ရှောင်ဖွေးက ...

"ဒါက အရေးမကြီးပါဘူး၊ ဟိုမှာ အခြေအနေက တော်တော်ဆိုးနေပြီ"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"သွားပါ့မယ်ဗျာ၊ ဒါပမယ့် ခင်ဗျား ခေါင်းပေါ်က ဆံထိုးတစ်ချောင်း ခဏငှားစမ်းပါ"

ရှောင်ဖွေးက ငွေဆံထိုးတစ်ချောင်းကို ဖြုတ်ယူလိုက်ပြီး လှမ်းပေးလိုက်သည်။



"ဘာလုပ်မလို့လဲ"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ကျုပ်က ဒီဆံထိုးတစ်ချောင်းနဲ့ သူတို့ကို ယှဉ်ပြိုင်မယ်"

သူသည် ပြောပြီးသည်နှင့် အနီးသို့ လျှောက်သွားသည်။

"အစ်ကိုကြီး ကျွန်တော်ပြောတာကို နားထောင်ပါ"

ဝမ်းကျင်းက ခက်ခက်ခဲခဲ တိုက်ခိုက်ရာမှ ဝမ်စိန်ကြည်၏ စကား ကြားလိုက်ရသဖြင့် နားစွင့်လိုက်လေသည်။

ဝမ်စိန်ကြည်က ဆက်၍အော်လိုက်သည်။

"အစ်ကိုကြီး ရှေ့ခြေတစ်လှမ်းတိုးပါ၊ ဘယ်ဘက်ကို ခြေကျဲလှမ်းရွှေ့ပါ"

ဝမ်းကျင်းသည် ဝမ်စိန်ကြည်၏ စကားအတိုင်း ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး ဘေးသို့ ခြေသုံးလှမ်း လှမ်းလိုက်သည်။

ဝမ်စိန်ကြည်က စကားဆက်လိုက်သည်။

"နောက်ခြေလှမ်း ဆုတ်ပါ၊ ဘယ်ဘက်ကို ခြေနှစ်လှမ်းရွှေ့ပါ"

ဝမ်းကျင်းသည် ယင်းအတိုင်း ခြေလှမ်း လှမ်းလိုက်ရာ သူ၏ ရှေ့တွင် ကြားပေါက်တစ်ခု ဟနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ထိုကြားပေါက်မှ ထိုးဖောက်ထွက်သွားရန် ခြေလှမ်း လှမ်းလိုက်ရာ ဝမ်စိန်ကြည်၏ အသံ ထပ်မံကြားလိုက်ရသည်။

"ရှေ့ကို တည့်တည့်လျှောက်"

ဝမ်စိန်ကြည်က အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အကြောင်းမှာ သူ့ရှေ့တည့်တည့်တွင် ဝင်မိန်စန်းနှင့် ဝင်မိန်တတို့က တားဆီးထားသည်ကို တွေ့နေရသောကြောင့် ဖြစ်သည်။

ဝမ်းကျင်းက စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ ထိုလူနှစ်ယောက်ရှေ့သို့ တည့်တည့်တိုးဝင်သွားသည်။

ဝင်မိန်စန်းနှင့် ဝင်မိန်တတို့က ဘယ်ညာခွဲ၍ ဟနေသောကြားပေါက်ကိုပိတ်ရန် ရွေ့လျားလိုက်ရာ ဝမ်းကျင်းက သူတို့နှစ်ယောက်ကြားမှ ထိုးဖောက်ထွက်သွားတော့၏။

ဝင်မိန်တတို့ ငါးယောက်သည် အံ့သြခြင်းမက အံ့သြနေသည်။

သူတို့သည် ဝမ်းကျင်းက မမျှော်လင့်ဘဲ ငါးဦးဝက်ပါထဲမှ ထိုးဖောက်ထွက်သွားနိုင်သည်ကို အံ့သြနေကြ၏။

သူတို့သည် ဖြိုင်တူ နောက်ဆုတ်လိုက်၏။ ဝင်မိန်တ မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျားက ကျုပ်တို့ရဲ့ ငါးဦးဝက်ပါကို ထွက်နိုင်တာ ချီးကျူးပါတယ်၊ ဒါနဲ့ မုလိန်ချိန်းနဲ့ ဘယ်လိုများ ပတ်သက်နေသလဲဗျာ"

ဝမ်းကျင်းက ဝက်ပါထဲမှ ထိုးထွက်နိုင်ခဲ့သဖြင့် ပြုံးစေ့စေ့ဖြင့် သူတို့အား ကြည့်လိုက်၏။

"ကျုပ်ရဲ့ ဆရာပါဗျာ"

ဝင်မိန်တ ခေါင်းညိတ်လိုက်၏။

"ဒါကြောင့်ကိုး"

ဝမ်းကျင်းက ...

"ကဲ ... ကျုပ်ကလည်း ခင်ဗျားတို့ကို မနိုင်ဘူး၊ ခင်ဗျားကလည်း ကျုပ်ကိုမနိုင်ဘူး၊ ဒီရွှေတွေ ဘယ်လိုလုပ်ကြမလဲ"



ဝင်မိန်တ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ ... ဒီရွှေကို တစ်ဝက်ပေးလိုက်ပါမယ်"

ဝမ်းကျင်းက ခေါင်းညိတ်လိုက်၏။

"ခင်ဗျားတို့ပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် ဒီရွှေဟာ ကျုပ်ရဲ့ ကိုယ်ပိုင်မဟုတ်တဲ့အတွက် တစ်ဝက်တော့ လက်မခံပါရစေနဲ့"

ဝင်မိန်အိက ...

"ခင်ဗျား ရွှေအားလုံး လိုချင်ရင်လည်း ရပါတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့ တောင်းဆိုချက် နှစ်ခု လက်ခံရပါလိမ့်မယ်"

ဝမ်းကျင်းက ...

"ပြောပါလေ၊ ခင်ဗျားတို့က ဈေးခေါ်တော့ ကျုပ်တို့က ဈေးဆစ်ရမှာပေါ့"

ဝင်မိန်အိက ...

"ဈေးဆစ်ဖို့တော့ သည်းခံပါ၊ ကျုပ်တို့ တောင်းဆိုချင်တဲ့ ကိစ္စကတော့ ပထမ ဒီရွှေတွေကို ပစ္စည်းတစ်ခုခုနဲ့ လာလဲပါ"

ဝမ်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ထိုက်တန်တဲ့ လက်ဆောင်ကို ပေးပါ့မယ်ဗျာ"

ဝင်မိန်အိက ...

"ဒုတိယအချက်ကတော့ ဝမ်စိန်ကြည်ကို ကျုပ်လက်ထဲ အပ်ပါ"

ဝမ်းကျင်း ခေါင်းခါလိုက်၏။

"မလုပ်ပါနဲ့ဗျာ … ကျုပ်ညီက ထမင်း အစားကြီးတယ်ဗျ၊ သူ့ကိုခေါ်ထားရင် ရှုံးမှာပေါ့"

ဝင်မိန့်တ မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျားညီက ငါးဦးဝက်ပါအကြောင်း ကောင်းကောင်းသိလို့ အားကနေ အော်ပြီး ပြောပြနေတာနဲ့တူတယ်၊ ဒါဖြင့် သူ့ကို ငါးဦးဝက်ပါထဲ ဝင်နိုင်းကြည့်ပါလေ"

ဝမ်းကျင်းက ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားတို့ရဲ့ ငါးဦးဝက်ပါဟာ တော်တော့်ကို အစွမ်းထက်ပါတယ်ဗျာ၊ သူ့ကို မကျေနပ်ရင် တစ်ယောက်ယောက်က လာပြီး ဆုံးမပါ၊ အဲဒီလိုတော့ မလုပ်ပါနဲ့"

ဝင်မိန့်တ မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျားတို့ ဝါစန်းဂိုဏ်းက ဂိုဏ်းကြီးတစ်ဂိုဏ်းပါပဲ၊ ငါးဦးဝက်ပါကို ဘာကြောင့် ကြောက်နေရတာလဲဗျာ"

ဝင်မိန့်တက စကားဆက်လိုက်၏။

"ခင်ဗျားတို့က ကြောက်ရင် ဝါစန်းဂိုဏ်းရဲ့ နာမည်ကိုဖယ်ရှားလိုက်ပါတော့"

ကို့ရှိမင်းက ဒေါသကြီးစွာဖြင့် ရှေ့သို့တိုးထွက်လိုက်သည်။

"ခင်ဗျားတို့ စကားပြောရင် ကြည့်ပြောပါ"

ဝင်မိန့်စန်းက ပြုံးလိုက်သည်။

"မင်း သတ္တိရှိရင် ထွက်ခဲ့ပေါ့"

ကို့ရှိမင်းက ရှေ့သို့ခြေလှမ်းလှမ်းလိုက်၏။



ဝမ်စိန်ကြည်က သူ့လက်ကို ဆွဲထားလိုက်သည်။

"အစ်ကိုကြီး မသွားပါနဲ့၊ ကျုပ်အရင်သွားပြီးမှ ခင်ဗျားကို အကူအညီတောင်းမယ်"

ကို့ရှိမင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ … မင်းမနိုင်ရင် ကျုပ်ကိုခေါ်"

ရှောင်ဖွေးက ခစ်ခနဲ ရယ်မောလိုက်သည်။

ကို့ရှိမင်းက မျက်လုံးပြူးကြည့်လိုက်သည်။

"မင်း ဘာရယ်နေတာလဲ"

ရှောင်ဖွေးက …

"ရယ်စရာကို စဉ်းစားမိလို့ပါ"

ထိုစဉ် ဝမ်စိန်ကြည်က ရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းထွက်လိုက်သည်။

❀ ❀ ❀

ဝမ်စိန်ကြည် လက်ထဲတွင် ငွေဆံထိုးတစ်ချောင်း ကိုင်ထားသည်။

"လူကြီးမင်းတို့ ခင်ဗျား၊ ငါးဦးဝက်ပါဆိုတာ အတော့်ကို ထက်မြက်တယ်လို့ ကြားပါတယ်၊ ကျုပ်က တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး၊ ဒါကြောင့် … "

ဝင်မိန့်အိက ကြားဖြတ်လိုက်သည်။

"မင်းက အသက်ငယ်ငယ်နဲ့ ဘာများသိလို့လဲ"

ဝမ်စိန်ကြည်က မဲ့ပြုံး ပြုံးလိုက်သည်။

"ဟုတ်ကဲ့... ဒါကြောင့် ကျွန်တော်က ငါးဦးဝက်ပါရဲ့ အစွမ်းကို လေ့လာချင်လို့ပါ"

သူသည် ပြောပြီး အေးအေးဆေးဆေး လျှောက်သွားလေသည်။

ဝင်မိန်တက လက်ဟန်တစ်ချက် ပြလိုက်သည်နှင့် ဝင်မိန်အီနှင့် ဝင်မိန်စန်းတို့က ညာဘက်သို့ ပန်းတက်သွား၏။

ဝင်မိန်စုနှင့် ဝင်မိန်ဝူးတို့က ဘယ်ဘက်သို့ ပက်တက်လိုက်သည်။

သူတို့သည် မသိမသာဖြင့် ဝမ်စိန်ကြည်အား ဝိုင်းရံထားလိုက်လေသည်။

ဝမ်စိန်ကြည်၏ ပုံစံမှာ လုံးဝမသိလိုက်သည့်အလား လက်နှစ်ဖက် ဆုပ်လိုက်လေသည်။

"ကျုပ်တို့ ဘယ်လိုယှဉ်ပြိုင်ကြမလဲဗျာ"

ဝင်မိန်တက ...

"မင်းရဲ့ လက်နက်ကို ထုတ်ပြီး အသုံးပြုနိုင်ပါတယ်"

ဝမ်စိန်ကြည်က ငွေဆံထိုးကို ထောင်ပြလိုက်သည်။

"ခင်ဗျားတို့က လူကြီးတွေဖြစ်တဲ့အတွက် လက်နက်နဲ့ဆိုရင် ရိုင်းရာကျပါတယ်၊ ဒါကြောင့် ငွေဆံထိုးတစ်ချောင်းနဲ့ပဲ ယှဉ်ပြိုင်ပါမယ်"

သူ၏စကားကြောင့် အားလုံးက အံ့သြကုန်ကြလေသည်။ ဝမ်းကျင်းကလည်း မျက်မှောင်ကြုတ်သွားသည်။



သူသည် ဝမ်စိန်ကြည်ကို အရေးကြုံလျှင် ဝင်ရောက်ကူညီနိုင်ရန် အသင့်ပြင်ထား၏။

ထို့အပြင် အသံတိုးတိုးဖြင့် ရှောင်ဖွေးနှင့် ကို့ရှိမင်းတို့အား မှာကြားလိုက်သည်။

"ငါက မင်းတို့ကို ပြောနိုင်းရင် အမြန်ဆုံး ပြေးရမယ်၊ ကျုပ်တို့ကို လုံးဝလှည့်မကြည့်ရဘူး"

ထိုစဉ် ဝမ်စိန်ကြည်က ဝင်မိန်တတို့ ငါးယောက် ဝိုင်းရံထားသော အလယ်တွင် ရောက်ရှိနေလေသည်။

ဝမ်စိန်ကြည်က သူတို့အား တစ်ချက်ဝေ့ကြည့်လိုက်၏။

"ခင်ဗျားတို့က ဒီငါးယောက်ထဲလားဗျ"

ဝင်မိန်တက ပြုံးလိုက်သည်။

"ဘယ်ကမလဲဗျာ၊ ကျုပ်တို့ငါးဖောက် နောက်မှ ၁၆ ယောက်ရှိသေးတယ်ဗျ"

ဝမ်စိန်ကြည်က ...

"ဒါဖြင့်လည်း တစ်ခါတည်းပြီးသွားအောင် သူတို့ကိုပါ ဝင်ခိုင်းပါလားဗျ"

ဝင်မိန်အီက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ဒါလောက်တောင်သေချင်ရင် ရပါတယ်"

သူသည် လက်တစ်ချက် ဝေ့ယမ်းလိုက်ရာ အသင့်စောင့်နေသော လူ ၁၆ ယောက်က အပြင်ဘက်၌ ဝိုင်းရံထားလိုက်သည်။

✤ ✤ ✤

ဝမ်စိန်ကြည်သည် အလယ်တန်းတွင် ရပ်နေ၏။

ဝင်မိန်တို့ငါးယောက်သည် မလှုပ်မယှက် သူ့အား ဝိုင်းရံထားသည်။

အပြင်ဘက်မှ လူ ၁၆ ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် အပြောင်းအလဲ လျှောက်လဲလှည့်ပတ်နေကြသည်။

ဝမ်းကျင်းက မျက်မှောင်ကြုတ်သွားသည်။

ဝမ်စိန်ကြည်အတွက် စိုးရိမ်လာသည်။

ယခု သူတို့၏ ငါးဦးဝက်ပါမှာ ယင်တစ်ကောင်ပင် ဝင်ထွက်၍ မရအောင် တင်းကျပ်စွာ ပိတ်ဆို့ထားခြင်း ဖြစ်လေသည်။

ဝမ်စိန်ကြည်သည် ငွေဆံထိုးကို ညာဘက်လက်မနှင့် လက်ခလယ်ဖြင့် ညှပ်ယူထားသည်။

သူသည် ခြေထောက်တစ်ဖက်ရပ်၍ လေးငါးပတ်ခန့် ပတ်လိုက်သည်။

သူ၏ခန္ဓာကိုယ် လှုပ်ရှားလိုက်သည်နှင့် ဝင်မိန်တတို့ကလည်း စတင်လှုပ်ရှားလိုက်သည်။

သို့သော် ဝမ်စိန်ကြည်မှာမူ တစ်နေရာတည်းသာ ရပ်၍ လှည့်ပတ်နေသည်။

သူတို့ ငါးယောက်သည် ရပ်၍သာကြည့်နေသည်။

✤ ✤ ✤

တစ်ချိန်တုန်းက မြွေစားသခင်သည် ဝင်မိန်တတို့ ငါးယောက်နှင့် တိုက်ခိုက်ခဲ့ဖူးသည်။



ဤကဲ့သို့ ဝက်ပါနှင့် ရင်ဆိုင်လိုက်ရသဖြင့် ရှုံးနိမ့်အဖမ်းခံရသည်။

သူသည် ဝါစန်းတောင်ထိပ် ရောက်ရှိလာသောအခါ လိုဏ်ဂူထဲတွင် သေချာ စဉ်းစားလေ့လာခဲ့သောကြောင့် ငါးဦးဝက်ပါ၏ လျှို့ဝှက်ချက်ကို သိရှိနားလည်လိုက်သည်။

ထိုဝက်ပါ၏ ထူးခြားချက်မှာ ရန်သူက မည်ကဲ့သို့ တိုက်ခိုက်လာသည့်တိုင်အောင် သူတို့ညီအစ်ကို ငါးယောက်သည် ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်တတ်ပေသည်။

တစ်ယောက် တိုက်ခိုက်လျှင် ကျန်လေးယောက်က နောက်ဆက်တွဲ အဆက်မပြတ် တိုက်ခိုက်ခဲ့သောကြောင့် ငါးဦးဝက်ပါ၏ ဆန်းကြယ်ထူးခြားပုံ ပေါ်လွင်လာသည်။

မြွေစားသခင်သည် ထိုလျှို့ဝှက်ချက်ကို သိရှိထားသော်လည်း ငါးဦးဝက်ပါအား ဖြိုဖျက်ရန်များ နည်းလမ်းရှာမတွေ့ပါ။

သူသည် နှစ်ပေါင်းများစွာ ကြိုးစား၍ နည်းလမ်းရှာဖွေသော်လည်း မအောင်မြင်ဘဲ ဖြစ်ခဲ့သည်။

တစ်နေ့ . . .

နံနက် သူသည် တစ်ယောက်တည်း ဝါစန်းတောင်ထိပ်၌ လမ်းလျှောက်နေစဉ် မြွေစိမ်းတစ်ကောင်သည် မြက်ခင်းထဲ၌ သွားလာနေသည်ကို တွေ့ရသည်။

လူသံကြားလိုက်သည်နှင့် မြွေစိမ်းကလေးသည် ချက်ချင်း ခွေလိုက်ပြီး ခေါင်းထောင်ထားသည်ကို တွေ့ရသည်။

မြွေစားသခင်သည် အဆိပ်ရှိသော မြွေများကို နှစ်သက်သည်။

မြွေအဆိပ်ရည်ယူ၍ လက်နက်ပုန်းအတွက် ဆေးဖော်စပ်ပေးသည်။

ထို့ကြောင့် သူသည် မြွေအကြောင်းကို ကောင်းစွာ နားလည်ထားသည်။

မြွေ၏ သဘောကိုလည်း နားလည်သည်။

မြွေစိမ်းက ယခုကဲ့သို့ ခွေပတ်ပြီး ခေါင်းထောင်ထားသည်မှာ ရန်သူ၏ လှုပ်ရှားမှုကို စောင့်ခြင်းဖြစ်သည်။

ရန်သူက ဝင်ရောက်တိုက်ခိုက်သည်နှင့် သူက ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်၏။

အကယ်၍ ရန်သူက တိုက်ခိုက်ခြင်းမရှိလျှင် သူတို့သည် မည်သည့်အခါမှ စတင်မတိုက်ခိုက်ပါ။

မြွေစားသခင်က ရတ်တရက် အသိဉာဏ်တစ်ခု ဝင်ရောက်လာ၏။

သူသည် ဝမ်းသာအားရစွာဖြင့် မြက်ခင်းပေါ်၌ ကျွမ်းထိုးလိုက်သည်။

ထိုအချိန်မှစ၍ သူသည် ငါးဦးဝက်ပါကို ဖြိုဖျက်ရန် နည်းလမ်းများကို သေချာစွာ မှတ်တမ်းတင် ရေးသားထားလိုက်တော့သည်။

❖ ❖ ❖

ဝမ်စိန်ကြည်သည် ကိုယ်ခန္ဓာအား လေးငါးပတ်ခန့် ပတ်ပြီးသည့်နောက် ငါးဦးဝက်ပါက စတင်လှုပ်ရှားလာ၏။



ဝင်မိန်တတို့ ငါးယောက်သည် ဝမ်စိန်ကြည်က လှုပ်ရှားလိုက်သောအခါ တိုက်ခိုက်ရန် အလစ်ချောင်းနေကြ၏။

သို့သော် ဝမ်စိန်ကြည်မှာမူ သူ၏ခန္ဓာကိုယ်အား လှည့်ပတ်ရင်း တဖြည်းဖြည်း နေးကွေးလာ၏။

သူတို့အား တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုံး မြေပေါ်သို့ ထိုင်ချလိုက်၏။

သူ၏လက်နှစ်ဖက်က ဒူးခေါင်းပေါ် တင်ထားပြီး မျက်နှာမှာ ပြုံးနေ၏။

အားလုံးသော လူများသည့် ကြောင်အမ်းအမ်းဖြစ်ကုန်ကြ၏။

ဝင်မိန်အီ မျက်မှောင်ကြုတ်သွား၏။

“ဒီကောင်လေးက ဘာလုပ်နေတာလဲ”

ဝင်မိန်စန်းက ဟန့်တားလိုက်၏။

“ငြိမ်ငြိမ်နေပါ၊ စတင်မတိုက်ခိုက်လိုက်ပါနဲ့”

သူတို့သည် ပြောပြီးသည်နှင့် စတင်၍ လှုပ်ရှားလိုက်၏။

ယခု ဝင်မိန် ဘတို့ ငါးယောက်မှာ သူ့အားပတ်၍ လျှောက်နေ၏။

တစ်ယောက်နှင့် တစ်ယောက် နေရာချင်းလဲ၍ လှုပ်ရှားနေသည်။

အပြင်မှရပ်နေသော လူ ၁၆ ယောက်တို့မှာလည်း ရှစ်ကွက်အင်းသိုင်းကွက်ကို မှီး၍ စနစ်တကျ လှည့်ပတ်လှုပ်ရှားနေ၏။

သူတို့သည် ဝမ်စိန်ကြည်က လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်တည်း တိုက်ခိုက်ရန် အခွင့်အရေးတစ်ခုကို စောင့်နေကြ၏။

ဝမ်စိန်ကြည်မှာမူ မလှုပ်မယှက် ထိုင်နေ၏။

✤ ✤ ✤

အတန်ကြာသွားသောအခါ ဝမ်စိန်ကြည်က အပြင်းတစ်ချက် ဆန့်လိုက်၏။

ထို့နောက် ပက်လက်လန် လဲလျောင်းလိုက်၏။

သူ၏ လက်နှစ်ဖက်သည် ခေါင်းအုံးပမာ ခေါင်းအုံးထားလိုက်၏။

အပြင်ဘက်မှာ လှည့်ပတ်နေသော လူ ၁၆ ယောက်တို့သည် အတန်ကြာ လှည့်ပတ်ပြေးလွှားလာရသဖြင့် အနည်းငယ် မောဟိုက်လာလေသည်။

သို့သော် ဝင်မိန်စိန်တို့ ငါးယောက်မှာမူ ခွဲရှိရှိဖြင့် စောင့်နေသည်။

ဝမ်စိန်ကြည်က ကြိတ်၍ ပြုံးမိ၏။

"ဒီအဘိုးကြီး ငါးယောက်က တော်တော် ခွဲကောင်းသားပဲ"

သူသည် ရုတ်တရက် လှည့်လိုက်ပြီး မှောက်လျက်အိပ်လိုက်၏။

တစ်ခဏအကြာတွင် တခေါခေါဖြင့် အိပ်ပျော်သွားတော့သည်။

✤ ✤ ✤

သိုင်းလောကပေါ်တွင် ယှဉ်ပြိုင်ပွဲအမျိုးမျိုး ရှိခဲ့ဖူးသည်။ ထူးဆန်းသော ယှဉ်ပြိုင်ပွဲလည်း များစွာရှိခဲ့ဖူးသည်။



သို့သော် ယခုကဲ့သို့ ပြင်ကွင်းမျိုးမှာ မည်သည့်အခါမျိုးမှ မရှိခဲ့ဘူးပေ။

အလွန်ကြောက်မက်ဖွယ်ကောင်းသော ရန်သူများ ဝိုင်းရံထားသည့်ကြားမှ မြေပေါ်၌ မှောက်လျက် အိပ်ပျော်နေသည့် အခြေအနေမျိုးမှာ သိုင်းလောက၏ သမိုင်းတစ်လျှောက်တွင် မကြုံခဲ့ဘူးပေ။

ထို့ကြောင့် ကို့ရှိမင်၊ ရှောင်မွေး၊ ဝင်ချင်းချင်းနှင့် ဝင်ယီတို့က ရယ်ချင်လာကြသည်။

ဝမ်စိန်ကြည်အပေါ် စိုးရိမ်လာကြသည်။

ဝမ်းကျင်းသည် ဝမ်စိန်ကြည် လဲလျောင်းနေသည်ကို တွေ့ရသောအခါ ဝမ်စိန်ကြည်၏ သဘောကို နားလည်လိုက်သော်လည်း ဝမ်စိန်ကြည်က မှောက်လျက်လှဲချလိုက်သောအခါ စိတ်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုစဉ်မှာပင် ဝင်မိန်တာက လက်တစ်ချက် ဝှေယမ်းပြလိုက်၏။

ဝင်မိန်စန်းတို့ လေးယောက်၏ ဓားသည် လျှပ်တစ်ပြက် ဝမ်စိန်ကြည်၏ ကျောပေါ်သို့ ခုတ်ချလိုက်၏။

ဝမ်စိန်ကြည်မှာ မှောက်လျက် အိပ်ပျော်နေသဖြင့် မည်သည့်နည်းနှင့်မျှ ရှောင်တိမ်း၍မရပါ။

အားလုံးသော လူများသည် ထိတ်လန့်သွားကြသည်။

ဓားလေးလက်သည် ဝမ်စိန်ကြည်၏ ကျောပေါ်သို့ ပြိုင်တူ ခုတ်ချလိုက်၏။

"အမလေး"

ဝင်ယိက ထိတ်လန့်စွာ အော်ဟစ်လိုက်၏။

သူမသည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်လေ၏။

အပြင်ဘက်မှ လှည့်ပတ်ပြေးလွှားနေသော လူ ၁၆ ယောက်တို့က ခြေလှမ်းများ ရပ်တန့်သွားကြသည်။ အားလုံးက ဝမ်းသာသွားကြ၏။

ထိုစဉ်မှာပင် ဝမ်စိန်ကြည်က ရုတ်တရက် ထခုန်လိုက်၏။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ပစ်လွှင့်သွားသည်။

သူ၏ လက်ဝါးသည် ဝင်နန်ရောင်၏ ကျောပေါ်သို့ ရိုက်ချလိုက်ရာ ... ”

“ဝုန်း ... ”

ဝင်နန်ရောင်၏ ခန္ဓာကိုယ်သည် ငါးဦးဝက်ပါထဲသို့ လွင့်စဉ်ဝင်ရောက်သွား၏။

ဝမ်စိန်ကြည်သည် အပြင်ဘက်မှ ရှိနေသော လူ ၁၆ ယောက်တို့ကို တစ်ယောက်ပြီးတစ်ယောက် ငါးဦးဝက်ပါထဲသို့ ဆွဲသွင်းလိုက်ရာ ငါးဦးဝက်ပါမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့၏။

အကြောင်းမှာ ငါးဦးဝက်ပါထဲသို့ ဝင်ရောက်လာကြသော လူများမှာ မိမိ၏လူများဖြစ်နေသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

ထို့ကြောင့် ငါးဦးဝက်ပါမှာ လုံးဝ ပြိုကွဲသွားလေတော့၏။

ဝင်မိန်စန်းမှာ အကြီးအကျယ် အံ့သြသွား၏။

သူတို့သည် ဓားလေးလက်ဖြင့် ဝမ်စိန်ကြည်၏ ကိုယ်ပေါ်သို့ ထိထိရောက်ရောက် ခုတ်မိလျက်နှင့် ဝမ်စိန်ကြည်က မသေဘဲ ဖြစ်နေသဖြင့် အံ့သြသွားကြ၏။



အမှန်မှာ ဝမ်စိန်ကြည်ကလည်း မှုစန်းရသေ့က ပေးလိုက်သော ရွှေပိုးမျှင်အင်္ကျီကို အားကိုး၍ ယင်းကဲ့သို့ စွန့်စားပြီး ငါးဦးဝက်ပါအား ဖြိုခွဲလိုက်နိုင်ခြင်း ဖြစ်၏။

✤ ✤ ✤

ဝင်မိန်တက ရှက်လည်းရှက်၊ အလွန်လည်း ခံပြင်းလှသဖြင့်

“တိုက် ... ”

သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး တိုက်ခိုက်လိုက်၏။

ကျန်ရှိသော လူများအားလုံးသည် ဝင်ရောက်တိုက်ခိုက်ကြသည်။

ဝမ်းကျင်းနှင့် ကိုရှိမင်တို့ကလည်း ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်မှာမူ ငွေဆံထိုးဖြင့်သာ ပြန်လည် တိုက်ခိုက်၏။

သူ၏ ငွေဆံထိုးသည် ရန်သူ၏ မျက်လုံးများကိုသာ ရွေးပြီး တိုက်ခိုက်နေသဖြင့် ဝင်မိန်ဝူးတို့က ရှေ့သို့မတက်ဝံ့တော့ဘဲ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားရသည်။

တိုက်ပွဲသည် ရှုပ်ထွေးပြီး ပြင်းထန်လှပေသည်။

သို့သော် အတန်ကြာသွားသောအခါ တိုက်ပွဲက ရုတ်တရက် ရပ်တန့်သွားသည်။

ဝင်မိန်တက ကြောင်အမ်းအမ်းဖြင့် ဝေ့ကြည့်လိုက်ရာ သူ၏ ညီအစ်ကိုလေးယောက်တို့မှာ မြေပေါ်၌ လဲကျနေသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်စိန်ကြည်က ငွေဆံထိုးကို ရှောင်ဖွေးလက်ထဲသို့ ပြန်လည်အပ်နှင်းလိုက်သည်။

ထို့နောက် ဝမ်းကျင်း၏ နံဘေးတွင် ဝင်ရောက်ရပ်တန့်လိုက်သည်။

ဝင်မိန်တသည် မိမိ၏လူများ ကျဆုံးသူက ကျဆုံးပြီး ဒဏ်ရာရသူက ရနေသည်ကို တွေ့ရသဖြင့် ဝမ်းနည်းကြေကွဲစွာဖြင့် လက်နှစ်ဖက် ဖြန့်ပြလိုက်၏။

သူသည် ဝမ်းကျင်းအား စကားတစ်လုံးချင်း ပြောသည်။

"ရွှေချောင်းအားလုံး ယူသွားပါ"

ကို့ရှိမင်က ရွှေချောင်းအားလုံးကို အိတ်ထဲသို့ ထည့်လိုက်လေသည်။

ဝင်မိန်တက ဝင်ချင်းချင်းထံ လျှောက်သွား၏။

"ချင်းချင်း ... မင်းဦးလေးတို့ သွေးကြောပိတ်ခံထားရတယ်၊ သူ့ကို သွေးကြောဖွင့်နိုင်းပေးပါ"

ဝင်ချင်းချင်းက ဝမ်စိန်ကြည်ရှေ့သို့ လျှောက်သွားပြီး ဦးညွှတ်လိုက်သည်။

ထို့နောက် အသံကျယ်လောင်စွာဖြင့် ...

"ဦးလေးက ပြောပါတယ်၊ ကျေးဇူးပြုပြီး ကျွန်မ ဦးလေးလေးယောက်ရဲ့ သွေးကြောကို ဖွင့်ပေးပါတဲ့"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ငါဖွင့်ပေးပါ့မယ်"



ဝမ်းကျင်းက ဟန့်တားလိုက်သည်။

"နေဦး ..."

ဝမ်စိန်ကြည်က နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ဘာလုပ်မလို့လဲ အစ်ကိုကြီး"

ဝမ်းကျင်းက ...

"တို့က အလကား ဘယ်ဖွင့်ပေးနိုင်မလဲ၊ ကုစလေးတော့ တောင်းဦးမှပေါ့"

ဝမ်စိန်ကြည်က ...

"အစ်ကိုကြီးက ဘယ်လိုလုပ်ချင်လို့လဲ"

ဝမ်းကျင်းက ပေသီးကိုတွက်ရင်း အတန်ကြာမှ ...

"အဲ ... မင်း ကုခကတော့ လူတစ်ယောက်ကို ဆန်အတင်းလေးရာ တောင်းရလိမ့်မယ်"

ဝမ်စိန်ကြည်က မျက်လုံးပြူးသွား၏။

ဝမ်းကျင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ဆန်ကောင်းရမယ်၊ ဈေးပါးရေလည်း မရှိရဘူး"

ဝမ်စိန်ကြည်က မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့် လူလေးယောက်ဆိုရင် ဆန်အတင်းပေါင်း ၁၆၀၀ ဖြစ်မှာပေါ့"

ဝမ်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူသည် ဝင်မိန်တဘက်သို့ လှည့်လိုက်သည်။

"မနက်ဖြန်စေစော ခင်ဗျားတို့က ဆန်တင်းပေါင်း ၁၆၀၀ ကို အဆင်သင့်ထားပါ၊ ရွာနီးချုပ်စပ်က ဆင်းရဲသား လာရင် တစ်ယောက် တစ်ပြည်နှုန်း ပေးလိုက်ပါ၊ မင်းက ပေးပြီးတာနဲ့ တို့က ကုပေးပါ့မယ်"

ဝင်မိန်တက မတတ်နိုင်တော့ပါ။

"ကျုပ်က ပေးချင်ပါတယ်၊ ဒါပေမယ့် ဒါလောက် ဆန်များများ ချက်ချင်း ဘယ်နိုင်ပါ့မလဲ"

ဝမ်းကျင်းက ...

"အခုမရှိလည်း ခွဲပြီးပေးလို့ရပါတယ်၊ ခင်ဗျားတို့က တင်းလေးရာပြည့်မှ တို့က လူတစ်ယောက် ကုပေးမယ်၊ နောက်ထပ် တင်းပေါင်း လေးရာပြည့်ရင် နောက်ထပ် လူတစ်ယောက် ကုပေးမယ်"

ဝင်မိန်တသည် ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ငါတို့ညီအစ်ကိုတွေ ကြာကြာစောင့်ရရင် သေကုန်ရောပေါ့"

ဝမ်းကျင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ"

ဝင်မိန်တက အံကို တင်းတင်းကြိတ်လိုက်သည်။

"ကောင်းပြီလေ ... မနက်ဖြန်ကစပြီး ကျုပ်စုထားပါ့မယ်"

ဝမ်းကျင်းက ရယ်မောလိုက်သည်။



"ခင်ဗျား သိပ်တော်တာပဲ၊ ဈေးတောင်မှ မဆစ်ဘူး၊ နောက်တစ်ခါ အလုပ်ရှိရင်လည်း ပြောပါနော်"

ဝင်မိန်တ၏ မျက်နှာတစ်ခုလုံး နီရဲသွားလေတော့သည်။

❖ ❖ ❖

နောက်တစ်နေ့ နံနက် ဝမ်းကျင်းနှင့် ဝမ်စိန်ကြည်တို့သည် ဝင်မိန်တထံသို့ သွားကြလေ၏။

သူတို့လေးယောက်သည် ထိုနေရာသို့ ရောက်ရှိလာသောအခါ ရွာသူရွာသားများ စုရုံးရောက်ရှိနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ဝင်မိန်တက ညတွင်းချင်းပင် မြို့ထဲသို့ လူလွှတ်၍ ဆန်များ ဝယ်ယူထားခြင်း ဖြစ်၏။

ထို့နောက် ရွာနီးစပ်ချုပ်မှ ရွာသူ ရွာသားများကိုလည်း ဆန်တစ်ယောက် တစ်ပြည် ရရှိမည်ဟု မောင်းခတ်၍ ကြေညာထားသောကြောင့် ရွာသူရွာသားများ စုရုံးရောက်ရှိလာကြခြင်း ဖြစ်သည်။

သူတို့သည် ဝင်မိန်တတို့ ညီအစ်ကိုတို့မှာ ရုတ်တရက် သဘောထား ပြောင်းလဲသွားကြသည်ကို အံ့ဩမဆုံးနိုင်ဘဲ ဖြစ်ကြ၏။

ဝမ်းကျင်းသည် ဆင်းရဲသော ရွာသူရွာသားများ ဆန်များကိုယ်စီရရှိသွားသည်ကို တွေ့ရသဖြင့် ပျော်၍မဆုံး တပြုံးပြုံး ဖြစ်နေ၏။

ဝမ်စိန်ကြည်သည် ဝင်မိန်တတို့ လေးယောက်အား သွေးကြောများ ဖွင့်ပေးလိုက်၏။

ပြီးနောက် ဝင်မိန်တတို့ကို ဦးညွတ်၍ တောင်းပန်လိုက်သည်။

"အခုလို အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ် ဗျာ"

ဝမ်းကျင်းက ပြုံးလိုက်၏။

"ဆန်အတင်းပေါင်း တစ်ရာကျော် ကုန်သွားတယ်ဆိုတော့ နှမြောမှာပေါ့ဗျာ၊ ဒါပမယ့် ခင်ဗျားတို့ တစ်နေ့ နာမည်ကောင်း ရလာမှာကို စဉ်းစားလိုက်မယ်ဆိုရင် ကုန်သွားတာဟာ နှမြောစရာ မဟုတ်ပါဘူး"

ဝင်မိန်တက စကားမပြောဘဲ တစ်ဖက်သို့ လှည့်သွားလေ၏။

ဝင်းကျင်းက ...

"ကဲ ... တို့ သွားကြရင် ကောင်းမယ်ထင်တယ်"

သူတို့လေးယောက်သည် ပြန်လှည့်ထွက်လာသည်။

မိန်းကလေး နှစ်ယောက် ပြေးထွက်လာ၏။

ဝင်ယီနှင့် ဝင်ချင်းချင်းတို့ ဖြစ်၏။

ဝင်ယီက ဝမ်စိန်ကြည်ရှေ့သို့ ရောက်ရှိလာသောအခါ ...

"မင်း ... မင်း သွားတော့မယ် ဟုတ်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ဝင်ယီ အသံတုန်ခါနေ၏။

"သူ့အုတ်ဂူ ဘယ်မှာလဲ၊ အဒေါ်ကို လိုက်ပြပါလား



ဝမ်စိန်ကြည်က အဖြေမပေးမီ အရာဝတ္ထုတစ်ခု လေတိုးသော အသံကို ကြားလိုက်ရသည်။ သူသည် မဟန်မှန်း သိလိုက်ရ၏။

ကမန်းကတန်း ရှေ့သို့တိုးကာ လက်ဖြင့် ဖမ်းယူလိုက်ရာ သူ့လက်ထဲတွင် ဓားလေးလက် ဖမ်းမိထားလိုက်၏။

"အား ..."

ဝင်ယီ၏ အော်သံနှင့်အတူ မြေပေါ်သို့ ရုပ်သေးကြိုးပြတ် လဲကျသွားသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်စိန်ကြည်က ကြည့်လိုက်ရာ ဝင်ယီ၏ နောက်ကျောတွင် ဓားတစ်လက် စိုက်ဝင်နေသည်ကို တွေ့လိုက်ရ၏။

ဝင်ချင်းချင်းက ကမန်းကတန်း ပွေ့ထူလိုက်၏။ သူမသည် စိုက်ဝင်နေသော ဓားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

ဝမ်းကျင်းက ဟန့်တားလိုက်၏။

"ဆွဲမထုတ်နဲ့၊ ဆွဲထုတ်ရင် သေသွားမယ်"

ဝမ်စိန်ကြည်က လှမ်းကြည့်လိုက်ရာ ဝင်မိန်စု လက်ချက်ဖြစ်ကြောင်း သိရှိလိုက်သည်။

သူသည် ဓားလေးလက်ဖြင့် ပြန်ပစ်လိုက်၏။ ထို့အပြင် ကြွေစေ့နှစ်လုံး ထပ်မံပစ်လွှင့်လိုက်သည်။

ဝင်မိန်စုသည် ဓားပစ်အလွန်ကျွမ်းကျင်သော လူတစ်ယောက် ဖြစ်၏။

ထို့ကြောင့် ဝမ်စိန်ကြည် ပစ်လွှင့်လိုက်သော ဓားလေးလက်ကို ရှောင်တိမ်းနိုင်ခဲ့၏။

သို့သော် ဝမ်စိန်ကြည် နောက်ထပ် ပစ်လွှင့်လိုက်သော ကြွေစေ့နှစ်လုံးမှာသူ၏ သွေးကြောကို ထိမှန်သွားသဖြင့် ဝင်မိန်စု မှာ မြေပေါ်လဲကျပြီး သတိမေ့သွား၏။

✤ ✤ ✤

ဝမ်စိန်ကြည် လှည့်ကြည့်လိုက်၏။

ဝင်ချင်းချင်းက မိခင်အား ပွေ့ထူထားသည်ကို တွေ့ရလေသည်။

ဝင်ယိမှာ ဘယ်နည်းနှင့်မှ အသက်မရှင်နိုင်တော့ဟု နားလည်လိုက်၏။

သူသည် သူမ၏ ချိုင်းအောက်ရှိ သွေးကြောကို အသာအယာ နှိပ်လိုက်၏။

ဝင်ယိက မျက်လုံးဖွင့်လိုက်ပြီး ဝင်ချင်းချင်းအား ပြုံးပြလိုက်သည်။

"သမီးရယ် ... မငိုပါနဲ့"

သူမ၏အသံသည် တိုးညင်းနေသည်။

"မေမေလေ မင်းအဖေဆီကို သွားမှာ၊ မင်း အဖေနားမှာ နေရင် ဘယ်သူမှ မေမေ့ကို မစော်ကားရဲဘူး"

ဝင်ချင်းချင်း ငိုကြွေးရင်း ခေါင်းညိတ်လိုက်၏။ ဝင်ယိက ဝမ်စိန်ကြည်အား မော့ကြည့်လိုက်သည်။

"မင်းကို စကားတစ်ခွန်း မေးချင်တယ်၊ အမှန်ပြောပြစေချင်တယ်"



ဝမ်စိန်ကြည်၏ မျက်လုံးအစုံတွင် မျက်ရည်များ ဝိုင်းနေသည်။

"ဒေါ်ဒေါ်က ဘာကိုသိချင်လို့လဲ"

ဝင်ယိက ...

"သူ့မှာ စာတွေ ဘာတွေ မကျန်ခဲ့ဘူးလား၊ ငါ့အကြောင်းကော ပါသေးလား"

ဝမ်စိန်ကြည်က ...

"သူက သိုင်းပညာနဲ့ သိုင်းပညာကျမ်းကို ကျန်ရစ်ခဲ့ပါတယ်၊ ကျွန်တော်က သူ့ရဲ့ ကျမ်းမှာပါတဲ့နည်းနဲ့ ငါးဦးဝက်ပါကို ဖြိုခွဲပေးလိုက်တော့ သူ့ရဲ့ဆန္ဒ ပြည့်ဝသွားတာပေါ့ဗျာ"

ဝင်ယိက ...

"ဒေါ်ဒေါ့်အတွက် စာတွေ ဘာတွေများ မကျန်ခဲ့ဘူးလားကွယ်"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်၏။

"မတွေ့ဘူး ဒေါ်ဒေါ်"

ဝင်ယိက စိတ်ပျက်သွား၏။

"သူက ငါ့ကိုများ အထင်လွဲနေလား မသိဘူး"

သူမသည် ပြောရင်း အသံများပို၍ တိုးတိုးညင်းညင်း ဖြစ်လာ၏။

သူမ၏ လက်နှစ်ဖက်မှာလည်း တဖြည်းဖြည်း အောက်သို့ ကျသွားလေ၏။

ဝမ်စိန်ကြည်က စိတ်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။

သူသည် ဝင်ယိအသေဖြောင့်ရန် နှစ်သိမ့်စကားပြောရန် စကားလုံးရှာလိုက်၏။

ရုတ်တရက် သူသည် မြေပုံပေါ်မှ ပါသော စာသားများကို သတိရလာ၏။

သူသည် မြေပုံကို ကမန်းကတန်း ထုတ်ယူလိုက်၏။

"ဒေါ်ဒေါ် ဟောဒီမှာ ဒေါ်ဒေါ့်အကြောင်းပါတယ်၊ စာရှိပါတယ်ဗျာ"

ဝင်ယိ မျက်လုံးအစုံသည် မှိတ်မသွားသေးဘဲ ပြန်လည်ပွင့်လာ၏။

ဝမ်စိန်ကြည်၏ မြေပုံပေါ်မှ စာကို မြင်တွေ့လိုက်သည်နှင့် သူမ မျက်နှာတစ်ခုလုံး အားတက်လာသည်ကို တွေ့မြင်လိုက်ရ၏။

"ဒါ ... ဒါ သူရေးတဲ့စာ၊ သူ့လက်ရေးကို ဒေါ်ဒေါ် မှတ်မိတယ်"

ဝမ်စိန်ကြည်သည် ဝင်ယိက ကလေးပမာ ဝမ်းသာပျော်မြူးနေပုံကိုကြည့်ကာ မျက်ရည်များ ဝဲလာနေ၏။

ဝင်ယိသည် မြေပုံဘေးမှ စာတန်းများကို ဖတ်လိုက်၏။

"ရတနာတွေ့ရှိသောလူသည် ကျဲ့ကျမ်းနယ် ပုလျှံမြို့သွားပြီး ဝင်ယိကို လိုက်ရှာပါ"

"ဝင်ယိကို လိုက်ရှာပါတဲ့၊ ဝင်ယိဆိုတာ ငါပဲ"

ရွှေကျပ်သား တစ်သိန်း ပေးလိုက်ပါ။

သူမ၏မျက်နှာတစ်ခုလုံးမှာ မြူးယောင်သမ်းနေ၏။



သူမသည် ရုတ်တရက် ဝမ်စိန်ကြည် လက်ကို ဖမ်းဆွဲလိုက်သည်။

"သူက ငါ့အပေါ် အထင်မလွဲပါဘူး၊ ဒေါ်ဒေါ် ရှေ့လည်းမလိုချင်ဘူး၊ သူ့စိတ်ထဲမှာ ငါ့ကို သတိရနေတယ်ဆိုရင် ကျေနပ်ပါပြီကွယ်၊ အခု ဒေါ်ဒေါ် သူ့ကို သွားတွေ့ရတော့မယ်"

သူမက ပြောရင်း မျက်လုံးမှိတ်လိုက်တော့၏။

ဝမ်စိန်ကြည်က မျက်ရည်များ ကျလာ၏။

ငိုကြွေးနေသော ဝင်ချင်းချင်းအား နှစ်သိမ့်စကားပြောရန် ပါးစပ်ဟလိုက်၏။

ဝင်ယိ ရုတ်တရက် မျက်လုံးဖွင့်လိုက်ပြန်၏။

"ဒေါ်ဒေါ်က ကိစ္စနှစ်ခု အကူအညီတောင်းချင်တယ်၊ အကူအညီ ဆက်ပေးပါနော်"

ဝမ်စိန်ကြည်က ...

"ပြောပါ ဒေါ်ဒေါ်၊ ကျွန်တော် တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

ဝင်ယိက ...

"ပထမကတော့ ဒေါ်ဒေါ့်ကို သူ့နားမှာ မြှုပ်ပေးပါ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဒေါ်ဒေါ်၊ ကျွန်တော် ကူညီပါ့မယ် ခင်ဗျာ"

ဝင်ယိက ...

"ဒုတိယအချက်ကတော့ ..."

ဝမ်စိန်ကြည်က ...

"ပြောပါ ဒေါ်ဒေါ်"

"မင်းတို့ ... မင်းတို့ ..."

သူမသည် ချင်းချင်းကို လက်ညှိုးထိုးပြီး ခေါင်းငိုက်စိုက်ကျသွား၏။

ဝမ်စိန်ကြည်က စမ်းကြည့်သောအခါ အသက်ပျောက်သွားသည်ကို တွေ့ရသည်။

"မေမေ ..."

ဝင်ချင်းချင်းက မိခင်၏ကိုယ်ပေါ်သို့ မှောက်လျက် ငိုကြွေးလိုက်သည်။

သူမသည် ငိုရင်း သတိမေ့သွားတော့သည်။

ဝမ်စိန်ကြည်က ထိတ်လန့်သွားသည်။

"ညီမလေး ... ညီမလေး"

ဝမ်းကျင်းက ...

"စိတ်မပူပါနဲ့၊ သူက ဝမ်းနည်းလွန်းလို့ မေ့သွားတာပါ"

သူသည် ချင်းချင်း၏ နှာခေါင်းဝသို့ ဆေးဝါးဖြင့် သိပ်ပေးလိုက်ရာ ...

"ဟပ်ချိုး"

သူမသည် သတိရလာသည်။

ဝမ်စိန်ကြည်က စိတ်မကောင်းဖြစ်သွား၏။

"ညီမလေး မင်း ဒီမှာနေလို့ မဖြစ်တော့ဘူး၊ တို့နဲ့အတူလိုက်ခဲ့ပါ"



ဝင်ချင်းချင်းက ငေးငိုင်စွာဖြင့် ခေါင်းညိတ်လိုက်၏။

ဝမ်စိန်ကြည်က ဝင်ယီ၏ ခန္ဓာကိုယ်အား မွေ့ချီလိုက်ပြီး အပြင်သို့ လျှောက်သွားသည်။

သူ့နောက်တွင် ဝမ်းကျင်း၊ ဝင်ချင်းချင်း၊ ရှောင်ဖွေး၊ ကို့ရှိမင်တို့ လိုက်ပါသွားကြ၏။

✤ ✤ ✤

ဝမ်စိန်ကြည်တို့ ငါးယောက် ထွက်လာကြသောအခါ တောင်ပေါ်တွင် ဘုံကျောင်းပျက်တစ်ခု ရှိနေသည်ကို တွေ့ရသဖြင့် သူတို့သည် ဘုံကျောင်းပျက်ထဲသို့ တစ်ညတာ အိပ်စက်ရန် ဆုံးဖြတ်လိုက်၏။

ထိုဘုံကျောင်းပျက်သည် နှစ်ရှည်လများ ထိန်းသိမ်းမည့်လူမရှိသဖြင့် ယိုယွင်းပျက်စီးနေ၏။

ဝမ်စိန်ကြည်တို့ ငါးယောက်သည် အမှိုက်သရိုက်များကို အနည်းငယ် ရှင်းလိုက်ကြသည်။

ဝမ်းကျင်းက ဝင်ယီ၏အလောင်းကို ကြည့်လိုက်၏။

"သူ့ကို ဒီမှာပဲ မြှုပ်ပစ်လိုက်ရင် မကောင်းဘူးလား"

ဝင်ချင်းချင်းက မျက်မှောင်ကြုတ်လိုက်၏။

ဝမ်းကျင်းက ဝင်ချင်းချင်းအား မေးလိုက်သည်။

"မင်းအဖေ ဘယ်သူလဲ"

ဝမ်စိန်ကြည်က အကျိုးအကြောင်းများကို အတိုချုံး၍ ပြောပြလိုက်သည်။

ဝမ်းကျင်းက ...

"ဒီလိုဆိုရင် မြွေဓားသခင်ကို ဘယ်မှာမြှုပ်ထားတာလဲ"

ဝမ်စိန်ကြည်က ...

"ဝါစန်းတောင်ထိပ်မှာ မြှုပ်ထားပါတယ်"

ဝမ်းကျင်း မျက်မှောင်ကြုတ်သွား၏။

"ဒီအလောင်းကို ဝါစန်းတောင်ထိပ်အထိ သွားပို့ထားဖို့ဟာ လုံးဝမဖြစ်နိုင်ပါဘူး"

ဝင်ချင်းချင်းက မျက်ရည်ကျလျက် ...

"ဘာဖြစ်လို့လဲ ဦးလေး"

ဝမ်းကျင်းက ...

"ဝါစန်းတောင်ထိပ်ဆိုတာ အတော့်ကို ဝေးလံလှပါတယ်၊ ဒီအလောင်းကို သယ်သွားရမှာလည်း မလွယ်ပါဘူး"

ဝမ်စိန်ကြည်က ...

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ဝင်ချင်းချင်းက ...

"ကြံကြပါဦး ဦးလေးရယ်၊ မေမေ့ စိတ်ဆန္ဒအတိုင်း ပြည့်ဝအောင် လုပ်ပေးပါလို့ ကျွန်မ တောင်းပန်ပါတယ်"

ဝမ်းကျင်းက အနည်းငယ် စဉ်းစားလိုက်သည်။

"နည်းလမ်းတစ်ခုပဲ ရှိတယ်"

ဝမ်စိန်ကြည်က...

"ပြောပါ ဦးလေး"



ဝမ်းကျင်းက ...

"ဒီအလောင်းကို မီးရှို့၊ ပြာအိုးကို အိုးနဲ့ထည့်ပြီး ယူသွားရင်တော့ အားလုံး အဆင်ပြေပါတယ်"

ဝမ်စိန်ကြည်က ဝင်ချင်းချင်းအား တစ်ချက်ကြည့်လိုက်၏။

"ညီမလေး ဘယ်လိုသဘောရသလဲ"

ဝင်ချင်းချင်း ခေါင်းညိတ်လိုက်၏။

"ဒီအတိုင်းပဲ လုပ်ရတော့မှာပေါ့"

✤ ✤ ✤

ဝမ်စိန်ကြည်သည် ဝင်ယိအလောင်းကို ဘုံကျောင်းပျက်အနီး၌ မီးရှို့လိုက်သည်။

ထို့နောက် အရိုးများကို ကောက်ယူပြီး ဘုံကျောင်းပျက်ထဲမှ အိုးကလေးတစ်လုံး ယူ၍ သေချာစွာ ထည့်လိုက်လေသည်။

ထို့နောက် အဝတ်တစ်ခုဖြင့် အိုးအဝကို စည်းထားလိုက်၏။

ဝမ်စိန်ကြည်သည် ပြာအိုးကိုထား၍ ဂါရဝပြုလိုက်သည်။

"ဒေါ်ဒေါ် စိတ်ချစွာဖြင့် အနားယူပါတော့နော်၊ ဒေါ်ဒေါ်ရဲ့ ပြာအိုးကို ဝါစန်းတောင်မှာ မြှုပ်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

သူသည် ဂါရဝပြုပြီးသည့်နောက် ဝမ်းကျင်းနှင့် ဆက်လက်တိုင်ပင်လေသည်။

ဝမ်းကျင်းက ...

"ကျုပ်တာဝန်ကတော့ ဒီရွှေချောင်းများကို ကျန်းဆီးမြို့ကို ပို့ဆောင်ပေးရမယ်"

သူသည် ဝမ်စိန်ကြည်အား ကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက် တခြားကိစ္စမရှိရင် လိုက်ခဲ့ပါလား"

ဝမ်စိန်ကြည်က ...

"ကျွန်တော်က ဆရာ့ဆီကို သွားချင်ပါသေးတယ်"

ဝမ်းကျင်းက ...

"ဆရာနဲ့ ကိုချူစန်းတို့ကတော့ ရှမ်းစီးနယ်ကို ပြန်သွားကြပါပြီ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော်က ရှမ်းစီးနယ်ကို လိုက်သွားပါ့မယ်"

ဝမ်းကျင်းက ...

"အခု တော်လှန်ရေးခေါင်းဆောင် လီလျူစိန်က လူတော်လူကောင်းတွေ သိမ်းလိုနေတယ်၊ မင်းကသာသွားပြီး အမှုထမ်းမယ်ဆိုရင် အတော်ကလေး အောင်မြင်မှာ သေချာတယ်"

ဝမ်စိန်ကြည်က ...

"ဟုတ်ကဲ့ ... ကျွန်တော်လည်း သွားဖို့ ရည်ရွယ်ထားပါတယ်"

ဝမ်းကျင်းက ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်သည်။

"ဒါဖြင့် တို့ လမ်းခွဲကြပါစို့"

သူသည် ထိုင်ရာမှထလိုက်ပြီး ကိုရှီမင်းနှင့် ရှောင်ဖွေးတို့အား ခေါ်၍ ထွက်သွားလေသည်။

ရှောင်ဖွေးက ဝမ်စိန်ကြည်အား နှုတ်ဆက်လိုက်သည်။



"အစ်ကိုကြီး ကျွန်မ သွားတော့မယ်"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒေါ်လေးအမ်းကို တွေ့ရင် အစ်ကို သတိရကြောင်း ပြောလိုက်ပါနော်"

ရှောင်ဖွေးက ...

"မေမေက အစ်ကိုကြီးကို အမြဲတမ်း သတိရနေတယ်၊ လမ်းကြုံရင် ဝင်ခဲ့ပါ"

သူမသည် ပြောပြီး လက်ဝှေ့ယမ်းပြကာ ထွက်သွားလေသည်။

✤ ✤ ✤

ဝမ်စိန်ကြည်သည် ရပ်၍ လက်ဝှေ့ယမ်းပြနေသည်။ ရှောင်ဖွေးတို့သုံးယောက် ကွယ်ပျောက်သွားသည်အထိ ကြည့်ပြီးမှ ပြန်လှည့်လာလေသည်။

ဝင်ချင်းချင်းက နှာခေါင်းရှုံ့လိုက်၏။

"ရှင်က ဘာဖြစ်လို့ လိုက်မသွားတာလဲ"

ဝမ်စိန်ကြည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝင်ချင်းချင်းက စကားဆက်လိုက်၏။

"ရှင်က သူနဲ့မခွဲနိုင်ဘူးဆိုရင် ဘာကြောင့် လိုက်မသွားတာလဲ"

ထိုစကား ကြားလိုက်တော့မှ ဝမ်စိန်ကြည်က နားလည်လိုက်သည်။

သူသည် ပြုံး၍ရှင်းပြလိုက်သည်။

"အစ်ကို ငယ်ငယ်တုန်းက ဒုက္ခရောက်နေတုန်း သူ့အမေက ကယ်တင်လိုက်တာ၊ သူနဲ့ အစ်ကိုနဲ့ဟာ ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်ပါ"

ဝင်းချင်းချင်း ပို၍ဒေါသထွက်လာသည်။

သူမက အေးတိအေးစက်သော လေသံဖြင့် ...

"ရှင်တို့က ငယ်ကျွမ်းဆွေတွေကိုး"

ဝမ်စိန်ကြည် ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ဝင်းချင်းချင်းက ရပ်မနေသေးပါ။

ရှင်က သူနဲ့ဆိုရင် ရယ်လို့မောလို့ ကျွန်မနဲ့ကြတော့ မပျော်သလိုပဲ"

ဝမ်စိန်ကြည်က ...

"ငါက ဘယ်တုန်းက ပျော်လို့လဲဟ"

ဝင်းချင်းချင်းက ...

"သူများမှာ အမေရှိတယ်၊ ရှင် ငယ်ငယ်တုန်းကဆို ရှင့်ကို ကယ်တင်တယ်၊ ချစ်တယ်၊ ကျွန်မမှာတော့ မေမေ မရှိတော့ဘူးလေ"

သူမသည် မျက်ရည်ကျလာလေသည်။

ဝမ်စိန်ကြည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဒီလို စိတ်မကောက်နဲ့လေ၊ တို့ ရှေ့လျှောက် ဘာလုပ်ရမလဲဆိုတာ တိုင်ပင်ဆွေးနွေးရဦးမယ်လေ"

ဝင်းချင်းချင်း၏ ပါးပြင်ပေါ်တွင် နီရဲသွား၏။



"ဘာကို တိုင်ပင်ရမှာလဲရှင်၊ သွားစမ်းပါ၊ ရှောင်မွေးဆိုတဲ့ မိန်းကလေးနောက်ကို လိုက်သွားပါ၊ ကျွန်မကတော့ ကံဆိုးသူမို့လို့ ခြေဦးတည့်ရာ သွားပါ့မယ်"

ဝမ်စိန်ကြည်က ပါးစပ်ပိတ်ထားလိုက်သည်။

သူ၏စိတ်ထဲတွင် ဝင်းချင်းချင်းအား မည်ကဲ့သို့ စီစဉ်ရမည်ကို အခက်ကြုံနေသည်။

ဝင်းချင်းချင်းသည် ဝမ်စိန်ကြည် စကားမပြောသည်ကို တွေ့ရသဖြင့် မိခင်၏ ပြာအိုးကိုယူ၍ ထွက်ခွာသွားလေတော့သည်။

ဝမ်စိန်ကြည် မျက်မှောင်ကြုတ်သွားသည်။

"မင်း ဘယ်သွားမလို့လဲ"

ဝင်းချင်းချင်းက ...

"ကျွန်မဟာ ကျွန်မ ဘယ်သွားသွား"

သူမက ပြောပြီး မြောက်ပိုင်းအရပ်သို့ လျှောက်သွားလေသည်။

ဝမ်စိန်ကြည်က မတတ်နိုင်တော့ဘဲ သူ့နောက်မှ လိုက်သွားတော့၏။

လမ်းခရီးပေါ်၌ ဝင်းချင်းချင်းသည် သူ့အား စကားမပြောပါ။

ဝမ်စိန်ကြည်က စကားမရှိ စကားရှာပြောသော်လည်း သူမက လုံးဝမပြောပါ။

✤ ✤ ✤

ကျင်းဝါမြို့။

ကျင်းဝါမြို့သည် အလွန်စည်ကားသော မြို့တစ်မြို့ ဖြစ်ပေ၏။

မြို့ထဲ၌ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အထည်အလိပ်ဆိုင်များ စသည်တို့သည် စည်ကားလှ၏။

ဝင်ချင်းချင်းသည် ယောကျ်ားကလေး အဝတ်အစား တစ်စုံကို ဝယ်ယူပြီး ယောကျ်ားလေးတစ်ယောက်ပမာ ပြင်ဆင်မွန်းမံလိုက်သည်။

ဝမ်စိန်ကြည်သည် သူမမှာ ငွေစ မပါသည်ကို သိရှိသဖြင့် ရွှေတုံးနှစ်တုံးကို သူမ၏ အင်္ကျီအိတ်ထဲသို့ တိတ်တဆိတ် ထည့်ပေးလိုက်၏။

ဝင်ချင်းချင်းက တွေ့ရှိသဖြင့် နှုတ်ခမ်းစူလာပြီး ဝင်စိန်ကြည်၏ အခန်းထဲသို့ ပြန်ပို့ပေးလိုက်သည်။

✤ ✤ ✤

ထိုည...

ဝင်ချင်းချင်းသည် အလွန်ချမ်းသာကြွယ်ဝသော အိမ်တစ်အိမ်တွင် ငွေငါးရာ ခိုးယူလိုက်တော့၏။

ဒုတိယနေ့ နံနက် ကျင်းဝါမြို့တစ်ခုလုံးသတင်းပျံ့နှံ့သွားသည်။

ဝမ်စိန်ကြည်သည် ဝင်ချင်းချင်း၏ လက်ချက်ဖြစ်မှန်း သိလိုက်၏။

သူသည် မျက်မှောင်ကြုတ်သွား၏။

ဝမ်စိန်ကြည်သည် သိုင်းပညာ အလွန်အဆင့်မြင့်သော လူငယ်တစ်ယောက် ဖြစ်၏။



သို့သော် စိတ်ကောက်တတ်သော မိန်းကလေးတစ်ယောက်ကိုမူ မည်ကဲ့သို့ ပြုပြင်ရမည်ကို လုံးဝ နားမလည်ပါ။

သူသည် ချော့မော့ပြောဆိုချင်၏။ သို့သော် သူ့မျက်နှာ ပူတတ်သည်။

သူမအား လုံးဝ ပစ်ပယ်ထားလိုက်လျှင်လည်း မိန်းကလေးတစ်ယောက်အနေနှင့် အလွန်ကောက်ကျစ်စဉ်းလဲသော သိုင်းလောကတွင် ထားခဲ့ရန်မှာ စိတ်ထဲ၌ မထားရက်ခဲ့ပေ။

သူသည် အမျိုးမျိုး စဉ်းစားသော်လည်း လုံးဝ နည်းလမ်းရှာမရဘဲ ဖြစ်နေ၏။

✤ ✤ ✤

နောက်တစ်နေ့ ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် ကျင်းဝါမြို့မှ ထွက်ခွာသွားကြ၏။

သူတို့သည် ယိဦးမြို့သို့ ဦးတည်၍ သွားကြတော့၏။

ဝင်ချင်းချင်းက ယိဦးမြို့သို့ သွားရာလမ်းခရီးတစ်လျှောက်၌ စိတ်ကောက်ပြီး ရှေ့မှလျှောက်နေသည်။

ဝမ်စိန်ကြည်က နောက်မှလိုက်သွား၏။

ဤသို့ဖြင့် ဆယ်မိုင်ခန့် လျှောက်လာမိသောအခါ ကောင်းကင်တစ်ခုလုံးမှာ တိမ်တိုက် တိမ်လိပ်များ ထူထပ်လာသည်ကို တွေ့ရ၏။

မကြာမီ မိုးများ သဲသဲမဲမဲ ရွာမည်ဟု နှစ်ယောက်စလုံး သိရှိ ကြသည်။

သူတို့သည် ခြေလှမ်းသုတ်သုတ်ဖြင့် လမ်းလျှောက်သွားကြသည်။

နောက်ထပ် နှစ်မိုင်ခန့် လမ်းလျှောက်လာမိသောအခါ မိုးသည်းထန်စွာ ရွာချလိုက်တော့၏။

ဝမ်စိန်ကြည်မှာ ထီးပါလာသော်လည်း ဝင်ချင်းချင်းမှာမူ ထီးမပါချေ။

သူမသည် ကိုယ်ဖော့ပညာကို အသုံးပြုကာ ပြေးလွှားသွားသည်။

သို့သော် ထိုနေရာတစ်ဝိုက်တွင် မိုးခိုရန် အဆောက်အဦလုံးဝမတွေ့ရပေ။

ဝမ်စိန်ကြည်က သူမရှေ့သို့ ပြေးသွားပြီး ထီးလှမ်းပေးလိုက်သည်။

ဝင်ချင်းချင်းက ထီးကို တွန်းဖယ်လိုက်ဂ၏။

ဝမ်စိန်ကြည်က ...

"ဒီမှာ ဝင်ချင်းချင်း ... မင်းနဲ့ ငါနဲ့ သေအတူ ရှင်အတူ သစ္စာဆိုခဲ့ကြတယ် မဟုတ်လား၊ ဘာဖြစ်လို့ အခုထိ စိတ်ကောက်နေရတာလဲ"

ဝင်ချင်းချင်းက ...

"ကျွန်မကို စိတ်မကောက်စေချင်ရင် လွယ်ပါတယ်၊ ကျွန်မကို ကတိတစ်ခု ပေးရလိမ့်မယ်"

ဝမ်စိန်ကြည်က ...



"ပြောပါ ... ကတိပေးပါ့မယ်"

ဝင်ချင်းချင်းက ...

"ကောင်းပြီ ... ခုချိန်ကစပြီး ရှောင်မွေးနဲ့ သူ့အမေကို မတွေ့ရဘူး၊ ရှင်က ကတိပေးရင် ကျွန်မက တောင်းပန်မယ်"

သူကပြောပြီး ပြုံးပြလိုက်သည်။

ဝမ်စိန်ကြည် အခက်ကြုံသွားလေသည်။ သူသည် အလွန်ရိုးသားဖြောင့်မတ်သော လူငယ်တစ်ယောက်ဖြစ်သည်။

ပေးမည့်ကတိအား သေချာစွာ စဉ်းစားဆင်ခြင်လိုက်သည်။

ထို့ကြောင့် သူသည် ချင့်ချိန်၍ စဉ်းစားနေသည်။ ဝင်ချင်းချင်း၏ မျက်နှာမှာ သုန်မှုန်သွားသည်။

"ရှင်က ရှောင်မွေးကိုမတွေ့ရရင် မနေနိုင်မှန်း ကျွန်မ သိပါတယ်"

သူမသည် ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားလေသည်။

"ချင်းချင်း ... ချင်းချင်း"

ဝမ်စိန်ကြည်က အော်ခေါ်ရင်း နောက်မှပြေးလိုက်သွားသည်။ ဝင်ချင်းချင်းက လှည့်မကြည့်ဘဲ ဆက်လက်ပြေးသွားသည်။

လမ်းနှစ်ခု ချိုးလိုက်သောအခါ လမ်းခွလမ်းဆုံတစ်ခုမှာ ခရီးသည်များ ရပ်နားရန် အဆောင်ကလေးတစ်ခုရှိနေကြောင်း တွေ့ရသည်။

သူမသည် အဆောင်ထဲသို့ ပြေးလွှားဝင်ရောက်သွားလေသည်။ ဝမ်စိန်ကြည်ကလည်း ပြေးလိုက်၍ ဝင်ရောက်သွားလေသည်။

သူမ တစ်ကိုယ်လုံးမှာ မိုးများ ရွှဲရွှဲစိုနေသည်။ မိန်းကလေး တစ်ယောက်သည် အင်္ကျီဝတ်ဆင်ထားသော်လည်း တစ်ကိုယ်လုံး စိုရွှဲသွားသောအခါ ကိုယ့်ကိုယ်ကို ရှက်မိတတ်ကြလေသည်။

ထို့ကြောင့် ဝင်ချင်းချင်းသည် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်နေသဖြင့် ဝရန်တာကိုမှီ၍ အားရပါးရ ငိုကြွေးလေတော့သည်။

ဝမ်စိန်ကြည်က ...

"ဘာလို့ ငိုနေတာလဲ ချင်းချင်း"

ဝင်ချင်းချင်းက ငိုကြွေးရင်း အော်ဟစ်လိုက်လေသည်။

"ရှင် ကျွန်မကို အနိုင်ကျင့်တယ်"

ဝမ်စိန်ကြည်က ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဟောဗျာ"

သူသည် ဆက်မပြောနိုင်တော့ပါ။ မိမိ၏အပေါ်အင်္ကျီမှာ ခြောက်သွေ့နေသေးသဖြင့် ချွတ်၍ သူမအား ခြုံပေးလိုက်သည်။

ဝင်ချင်းချင်းသည် မိခင်အား သတိရလာသဖြင့် အသံကျယ် လောင်စွာဖြင့် ငိုကြွေးလေတော့သည်။ ဝမ်စိန်ကြည်သည် မည်သို့ ချော့ရမှန်းမသိဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားလေသည်။

✤ ✤ ✤

လျင်မြန်စွာ ရွာချသော မိုးသည် လျင်မြန်စွာ ရပ်တန့်သွား တတ်ပေသည်။

မိုးရပ်သွားသော်လည်း ဝင်ချင်းချင်း အငိုမရပ်သေးပါ။



သူမသည် ဝမ်စိန်ကြည်အား ချောင်းကြည့်နေသည်။

ဝမ်စိန်ကြည်က သူမအား ကြည့်နေသည်ကို တွေ့ရသဖြင့် မျက်လုံးလွှဲလိုက်သည်။

သူမသည် ဆက်လက်ငိုကြွေးနေ၏။

ဝမ်စိန်ကြည်က စိတ်မရှည်နိုင်တော့ပါ။

"မင်း ဘယ်လောက်ငိုနိုင်မလဲ ... ငိုစမ်း"

နှုတ်မှပြောလိုက်သော စကားမဟုတ်ပါ။ ရင်ထဲမှကြိတ်၍ ပြောလိုက်သော စကားဖြစ်သည်။

ထိုစဉ် ခြေသံကြားလိုက်ရ၏။

လယ်သမားတစ်ယောက်သည် အမျိုးသမီးတစ်ယောက်ကို တွဲ၍ အဆောင်ထဲသို့ ဝင်ရောက်လာ၏။

အမျိုးသမီးမှာ ဖျားနေသဖြင့် အဆက်မပြတ် ညည်းညူနေ သည်။

ထိုလယ်သမားက ယုယစွာ ချော့မော့ပြောဆိုနေသည်ကို တွေ့ ရသည်

ဝင်ချင်းချင်းသည် တစိမ်း ဝင်ရောက်လာသည်ကို တွေ့ရ သဖြင့် ငိုနေရာမှ ရပ်တန့်လိုက်၏။

ဝမ်စိန်ကြည်၏ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွား၏။

"အင်း ... ဒီနည်းကို ငါသုံးကြည့်ဦးမယ်"

သူသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

ထိုလယ်သမား လင်မယားတို့ကလည်း ထွက်ခွာသွားပြီဖြစ်၏။

မိုး လုံးဝရပ်တန့်သွားပြီဖြစ်သည်။

ဝင်ချင်းချင်းသည် ဆက်လက်ထွက်ခွာဖို့ ခြေလှမ်းပြင်လိုက်သည်။

"အမလေးဗျ"

ဝမ်စိန်ကြည်က စူးရှစွာ အော်လိုက်သော အသံကို ကြားလိုက်ရသည်။

ဝင်ချင်းချင်းက လှည့်ကြည့်လိုက်ရာ ဝမ်စိန်ကြည်က ဗိုက်ကို နှိပ်၍ မြေပေါ်တွင် ကုန်းကွကွဖြစ်နေသည်ကို တွေ့ရလေသည်။

သူမ ရင်ထိတ်သွားသည်။

ကမန်းကတန်း အနီးသို့ လျှောက်သွားသည်။

"ရှင် ဘာဖြစ်လို့လဲ၊ ဗိုက်နာလို့လား"

ဝမ်စိန်ကြည်က အတွင်းအားကို အသုံးပြုလိုက်ရာ သူ၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ထွက်ပေါ်လာသည်။

ဝင်ချင်းချင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဟင် ... ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ပြောစမ်းပါဦး"

ဝမ်စိန်ကြည်က ...

"ဘာပဲဖြစ်ဖြစ် ဟန်ဆောင်လိုက်မှတော့ ဆက်ပြီး ဟန်ဆောင်တာပဲကောင်းတယ်"

သူသည် လက်ပေါ်မှ သွေးကြောများကိုပိတ်လိုက်သည်။

ဝင်ချင်းချင်းက သူ၏လက်ကို စမ်းလိုက်သောအခါ အေးစိမ့်နေသည်ကို တွေ့ရဖြင့် ပို၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။



"ရှင် ဘာဖြစ်နေတာလဲဟင်"

ဝမ်စိန်ကြည်က အဖြေမပေးဘဲ ညည်းညူနေ၏။

"အမလေးဗျာ"

ဝင်ချင်းချင်းက စိုးရိမ်လွန်းသဖြင့် ငိုကြွေးလိုက်သည်။

ဝမ်စိန်ကြည်က ...

"ချင်းချင်း ... ငါ့ရောဂါက ပျောက်မှာမဟုတ်ဘူး၊ မင်းသွားလိုရာ သွားပါတော့"

ဝင်ချင်းချင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ရှင် ကောင်းကောင်းမွန်မွန် ရှိလျက်နဲ့ ဘာဖြစ်လို့ ရောဂါရတာလဲဟင်"

ဝမ်စိန်ကြည်က အင်အားချည့်နဲ့စွာဖြင့် ...

"ငါ ငယ်ငယ်ကတည်းက ရောဂါတစ်မျိုးရှိတယ်၊ စိတ်ဆိုးလို့ကိုမရဘူး၊ စိတ်ဆိုးလိုက်တာနဲ့ ငါ့ရဲ့အသည်း နာလာတယ်၊ ဗိုက် နာလာတယ်"

သူသည် ဗိုက်ကိုနှိပ်ကာ ...

"အမလေး နာလိုက်တာဗျ"

ဝင်ချင်းချင်းသည် လက်နှစ်ဖက်ဖြင့် သူ့အား ပွေ့ဖက်လိုက်သည်။

သူ၏ရင်ဝကိုလည်း ပွတ်ပေး၏။

ဝမ်စိန်ကြည်က အလွန်အားတုံ့အားနာ ဖြစ်သွားလေသည်။

ဝင်ချင်းချင်းက ငိုကြွေးနေသည်။

"ကျွန်မကြောင့် အခုလိုဖြစ်ရတာပါ၊ စိတ်မဆိုးပါနဲ့နော်၊ ကျွန်မ တောင်းပန်ပါတယ်"

ဝမ်စိန်ကြည်သည် အခက်ကြုံသွားသည်။

မိမိ ဟန်ဆောင်နေကြောင်းပြောလျှင် ဝင်ချင်းချင်းက ပို၍ မိမိအပေါ် စိတ်ကောက်သွားမည်ဖြစ်သည်။

ထို့ကြောင့် သူသည် ဆက်၍ဟန်ဆောင်နေရလေသည်။

"ငါသေရတော့မယ်၊ ငါသေသွားရင် ဒီမှာပဲ မြှုပ်လိုက်ပါ၊ နောက်ပြီး အစ်ကိုကြီးကိုတော့ အကြောင်းကြားပေးပါနော်"

သူသည် ပြောရင်း ဝမ်းထဲမှ ကြိတ်၍ ရယ်လိုက်မိလေတော့သည်။

စာစဥ်(၃) ပြီး၏

မိုးကျော်သူ